www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ◆ ၅၀၀၁၂၄၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◆ ၅၀၀၁၇၀၂၀၇

ထုတ်ဝေခြင်း
၂၀၀၇-ခုနှစ်၊ မတ်လ
ပထမအကြိမ်
အုပ်ရေ-၅၀၀၊ တန်ဖိုး(၁၀၀) ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း (၀၉၁၀) (ယုံကြည်ချက်စာပေ)
အမှတ် (၁၁၁)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (မြ-၀၀၀၄၂)
သစ္စာမွန်ပုံနှိပ်တိုက်
အမှတ် (၁၀၆)၊ တာမွေလမ်း
တာမွေကြီး (က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်
ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
အောင်လွင် (CONQUEROR)

ဖြင့်ပဆက်သွယ်ရေးမှူး
ခင်တိုင်းအုပ်

ဖြန့်ချိရေးမှူး
မြတ်မာမာမင်း

အတွင်းဖလင်/ စာအုပ်ချုပ်
သစ္စာမွန် (T.S.M)

သစ္စာမွန် (T.S.M) Publishing Center မှ
တာဝန်ယူစီစဉ်ပါသည်။

BURMESE CLASSIC .com

အပိုင်း (၁)

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ဟိတ်. . ."

"အမေ့. . ."

အစ်ကတည်းက ကတိမ်းကပါးလေး ရှိနေရသည့် လက်ထဲက နှင်းဆီပန်းလေး ဖုတ်ခနဲပြုတ်ကျသွားသည်။

မြေပြင်ဝေါ် ပြုတ်ကျသွားသည့် ပန်းလေးကို နှမြောတသစွာ ငုံ့ကြည့်လိုက်မိစဉ် ပထမဆုံး သတိထား ကြည့်လိုက်မိသည်က မဲနက်ပြောင်လက်နေသော ရှူးဖိနပ်နှင့် ဘောင်းဘီရှည်ဖားနက်။

သခင်မ မျက်ဝန်းလေးတွေ ဒီ့ထက် အထက်ကို မော့မကြည့်ရသေးခင် မုဆိုးဒူးထောက် ထိုင်ချလိုက်သော မျက်နှာချောချောတစ်ခုက သခင်မ မျက်နှာရှေ့မှာ ပြုံးလို့. . .



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဦးငလေးထူးရဲ့ မြွေမလေးဆိုတာလည်း သိနေသည်။

လက်ဖက်ခြောက် မှုတ်ဝန်းလေးများကလည်း သူ့မျက်နှာမှာ သပ်ရိုက်ပစ်လိုက်သလို ဖုံးစိုက်ဝှယ်ကပ်နေသည်မို့ မင်းမကိုင်က သွားတွေပေါ်အောင် ရယ်သည်။

"မိုးဖီး နာမည် ဘယ်လိုခေါ်လဲ. . ."

သခင်မက မေးတာကို ဖြေဖို့ မေ့ဦးစား။

ဒါ ဘိုးဘိုးရဲ့ သူဌေးလေး မင်းမကိုင်ဆိုတာလား. . .

ဒါ ပန်းခိုးခူးနေတာ သူ တွေ့သွားပြီ။

ဒါကို ခြံထဲမှာ ဘိုးဘိုးနဲ့ နေခွင့်မပေးနိုင်တော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ. . .

ဒေါ်ယမင်းခေါ် ဒါပြန်သွားရတော့မယ်. . .

သခင်မ ကြောက်ကြောက်လန့်လန့်နှင့် ရုတ်ခနဲ ထိုင်ချလိုက်သည်။

ပြီးတော့ မင်းမကိုင်ဆိုတဲ့ သူဌေးကြီးရှေ့မှာ ပုဆစ်တုတ်လေး လက်အုပ်ချီ၏။

"သခင်မ. . . နောက်ကို ပန်းမခူးတော့ပါဘူး ဦးဦးရယ်. . . သခင်မကို ပြန်မလွှတ်ပါနဲ့နော်. . . သခင်မ မပြန်ပါရစေနဲ့. . . ရှိကြီးခိုးပါတယ် ဦးဦးရယ်. . ."

"ဟော့. . . ဟာ. . . မီးမီး. . . သစမ်း. . ."

ကလေးမလေးကို မင်းမကိုင်ရ အတင်းဆွဲထူသည်။

"ဘာဖြစ်လို့ အဘောင်းကြီး ရှိခိုးနေရတာလဲကွ. . . ဟော



BURMESE CLASSIC .com



. . . မျက်ရည်တွေ ကျပြန်ပြီ. . ."

"ဘိုးဘိုးက သခင်မကို မှာထားပါတယ်. . . သူဌေး သဘောကျအောင် လိမ်လိမ်မာမာနေရမယ်တဲ့. . . သဌေးက မနေနဲ့ဆိုရင် ပြန်ရမယ်တဲ့. . . သခင်မကို ပြန်မလွှတ်ပါနဲ့ ဦးဦးရယ် နော်. . . နောက်ကို သခင်မ ဘယ်တော့မှ ပန်းခိုးမခူးတော့ဘူး

"ဖြစ်ရလေ ကလေးရယ်. . ."

မင်းမကိုင်က ပြုတ်ကျနေသည့် နှင်းဆီပန်း အနီရဲရဲလေးကို ကောက်ယူလိုက်သည်။

ပန်းနီရဲကို မရမက ကြိုက်ချိုးထားသည့်ပုံနှင့် နှင်းဆီပန်း အရိုးက ကျိုးကျေ၍ အရည်လေးတွေပင် စိုလို့. . .

မင်းမကိုင်ရ ပန်းလေးကို သခင်မ လက်ထဲထည့်ပေးလိုက်သည်။

"ရော့. . . ပန်း ဦးက မဆူပါဘူး. . . ပြန်လည်းမပို့ဘူး . . . မငိုနဲ့ မျက်ရည်တွေ သုတ်ပစ်လိုက်. . ."

သခင်မ ဝမ်းသာအားရ မျက်ရည်တွေကို လက်ခုံနဲ့ ပွတ်ပစ် လိုက်သည်။

တစ်နေကုန် လွှတ်လပ်ပျော်ရွှင်စွာ ပြေးဆော့ထား၍ ချေးညှော် မကင်းသည့် လက်နှင့်ပွတ်တော့ မျက်ရည်တွေမှာ မဲညစ်ညစ် အရောင် ပြောင်းလျက် ပါးပြင်မို့မို့လေးမှာ ညစ်ပေသွားလေသည်။

မင်းမကိုင်ရ မျက်နှာကို တမင် ရှုမဲ့ပစ်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ညစ်ပတ်ကုန်ပြီကွာ. . . ရွှံ့စရာကြီး အဲဒီလို ညစ်ပတ်တာ ဦး မကြိုက်ဘူး. . ."

"ဟုတ်. . . သခင်မ နောက်မညစ်ပတ်အောင် နေပါ့မယ်"

"မီးမီးနာမည် သခင်မတဲ့လား. . ."

"ဟုတ်ကဲ့. . ."

ဆတ်ခနဲ ခေါင်းညိတ်လိုက်တော့ အနက်ရောင် လုံးဝ မရှိဘဲ ရွှေရောင်လက်၍ ခပ်ညိုညိုလေးသာ မှောင်နေသည့် ဆံပင်တိုတိုလေးတွေက မျက်နှာပေါ်သို့ အိခနဲပြိုဆင်း လာသည်။

သခင်မကဖြစ်သလိုပဲ မျက်နှာလေးကို ခါထုတ်ပစ်လိုက်သည်။

"ညည်းက ဘာဖြစ်လို့ အိမ်ကိုမပြန်ချင်တာလဲ. . ."

"ဒေါ်ယမင်းက ခဏခဏ ရိုက်ယ်. . . ဦးဦးက နေ့တိုင်း အရက်ဝယ်ခိုင်းတယ်. . . ပြီးတော့ သခင်မကို နောက်နှစ်ကျရင် ကျောင်းထားမပေးတော့ဘူးတဲ့. . . ပြီးတော့ ထမင်းလည်း ဘယ်တော့မှဝအောင် မကျွေးဘူး. . . ကျောင်းမှာ လည်း သူများတွေလို သခင်မ ဘယ်တော့မှ မုန့်မစားရဘူး. . . ပြီးတော့"

"တော်ပြီ. . . တော်ပြီ. . ."

ပြီးတော့ ပေါင်းများစွာနှင့် မဆုံးနိုင်သော ဝါကျများကို သခင်မက မတားမချင်း ဆက်ပြောနေတော့မည်မှာ သေချာ သည်။

ရွှေဝါရောင် ဆံပင်လေးတွေကို ခပ်ဖွဖွတို့ထိ၍ မင်းမကိုင်ရှုံ ထရပ်လိုက်သည်။





"လာ. . . သွားမယ်. . ."

"ဘယ်ကိုလဲ. . . ဟင်. . ."

"ဘိုးဘိုးဆီကိုလေ"

ဘာဘရဲ့ သူဌေးဦးဦးက ခေါ်လိုက်တာဟု တွေး၍ သခင်မ မှော့ငေးနေမိသေးသည်။

ဘာဘတို့ ဒေါ်ယမင်းရဲ့ယောကျ်ား ဦးဦးစိုးအောင် တို့ထက် အများကြီးပိုရှည်သော အရပ်ကြီးနှင့် ကျစ်လျစ်သော ကိုယ်လုံးက ကြည့်ကောင်းလှပေသည်။

လှိုင်းတွန့်ရေးရေးထင်သော ဆံပင်ထူနက်သည့် မျက်ခုံးနီမြန်း၍ ထူပြည့်သော နှုတ်ခမ်းက ပြုံးလိုက်လျှင် လွန်စွာ ချောမောသော မျက်နှာတစ်ခုအဖြစ် ဖန်ဆင်းပေးနိုင်သည်။

သုံးတန်းသာရှိသေးသော သခင်မ ဖျက်ဝန်းလေးထဲမှာ ပထမဆုံးစွဲထင်ခဲ့သည့် ယောကျ်ားသား တစ်ယောက်၏ ပုံရိပ် သည် ဖြူစင်သော သန့်စင်နယ်မြေကို ဖြတ်သန်း၍ နီစွေးသော နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာထိ စူးနစ်သွားခဲ့ပြီကို သခင်မ ဆိုတဲ့ ကလေးလေးက ဘယ်လိုများ သရုပ်ခွဲနိုင်ခဲ့မှာလဲ. . .

ခု သခင်မ ပျော်သွားတာက. . .

လွန်စွာချောမောသော သူဌေးကြီးဆိုတဲ့ လူတစ်ယောက်ရဲ့ အရေးပေးဆက်ဆံခြင်းတို့ခံရတဲ့ ငါ. . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"သခင်မဆိုတဲ့ နာမည်ကြောင့် မိဘနှစ်ပါးလုံး ကားတိုက်ပြီး သေခဲ့ရတယ်. . . သခင်မဆိုတဲ့ နာမည်ကြောင့် သူ့ကိုမွေးခဲ့တဲ့ ညီမလေးယမင်းတို့အိမ်မီးလောင်တယ်၊ . . . သခင်မကြောင့်ပဲ တောက်လျှောက် ဆင်းရဲမှုတွေဖြစ်ရတယ် . . . ဒီအစွဲအလမ်းတွေနဲ့ မြေးတူမလည်း ဖြစ်နေပြန်တော့ မပျစ်ရက်ဘူး. . . ဒါနဲ့ပဲ မကြည်ဖြူ ငြူစူမှုတွေထဲမှာ ဒီကလေး ကြီးပြင်းခဲ့ရှာတာ. . ."

ဝါးပက်လက် ကုလားထိုင်ပေါ်မှာ ခြေချင်းချိတ်ထိုင်၍ မင်းမကိုင့်က နားထောင်နေသည်။

"ဘဘကလည်း ဘဘရဲ့ အဖေနဲ့အတူ ငယ်ငယ်က ဒီပါလာ ပြီးကတည်းက သခင်မကြီးဆီမှာ အမှုထမ်းလာခဲ့တာ . . . ဒီနေ့ထိ ဘယ်မွေးချင်း ဘယ်မောင်နှမဆီမှလည်း မပြန်ခဲ့ဘူး . . . ဘယ်သူ့အကြောင်းမှလည်း မသိခဲ့ဘူး. . . သူတို့ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းစုံစမ်းပြီး လိုက်လာတော့မှ ဒီအဖြစ်တွေကို သိရတာပါ"

ဦးဘထူးက ဖအေနဲ့မအေကွဲတြကွာကြ ဖြစ်ကတည်း က ဖအေနဲ့အတူ 'သစ္စာနှံ' စံအိမ်ကြီးကို လိုက်လာခဲ့သူဖြစ်သည်။

အမေနဲ့ ကျန်တဲ့မောင်နှမတွေအကြောင်း အားလုံး မေ့ထားခဲ့ပြီး အရွယ်ရောက်လာတဲ့အထိ အိမ်ထောင်မပြုဘဲ မင်းမကိုင်၏တို့ မောင်နှမကို သားသမီးသဖွယ် ထိန်းကျောင်း ချစ်ခင်ခဲ့သည်။

ဖအေလိုပဲ သစ္စာရှိ လူယုံကြီး ဖြစ်လာခဲ့သည်။

"ဒါ ယမင်းဆိုတာ ကလေးနဲ့ ဘာတော်လဲ ဘဘ"

"ဘဘတို့မှာ မောင်နှမသုံးယောက်ရှိတယ်... ယမင်းက ညီမအငယ်ဆုံး... ဘဘအောက် ညီတစ်ယောက် ရှိသေးတယ် သူက ဘကြူးတဲ့ သခင်မက ဘကြူးရဲ့ သားက မွေးတဲ့သမီးပေါ့"

"ဩော်..."

"ဒီကလေးကို ဘဘက သခင်လေးတို့ကို အကြောင်း မကြားဘဲ ခေါ်ထားတာ မဟုတ်ပါဘူး... ကလေးလာပို့တဲ့ လူတွေလည်း မြို့ထဲမှာပဲ ရှိနေကြပါသေးတယ်... သခင်လေး တို့က ခွင့်မပြုဘူးဆိုရင် ဘဘက ပြန်ထည့်လိုက်မှာပါ..."

"ကျွန်တော်ကတော့ ဘာမှပြောစရာ မရှိပါဘူး... မယ်မယ်တို့ ရောက်လာရင်တော့ နည်းနည်း စကားပြောရလိမ့် မယ်..."

မင်းမကိုင်၏က ဂျာကင်အိတ်ထဲက စီးကရက်ဗူးနဲ့ မီးခြစ်ထုတ် ယူလိုက်သည်။

ဦးဘထူးက မင်းမကိုင်၏ ထပ်ပြောလာမည့် စကားကို စောင့်မျှော်နေသည်။

မွေးဆိုသည့် သံယောဇဉ်နှင့် ရောက်လာကတည်းက တစ်ခါမှ မမြင်ဖူးခဲ့သော သူ့ကို ဘဘ ဟုတွင်တွင်ခေါ်ရင်း ဘဘနဲ့ သမီးနေပါရစေဟု တတွတ်တွတ် ပူဆာခဲ့သော သခင်မလေးကို သူ ခေါ်ထားချင်သည့် ဆန္ဒများစွာရှိနေပါသည်။

သို့သော် မင်းမကိုင်၏ကသာ ခေါင်းခါခဲ့မည်ဆိုလျှင်...

"ကလေးကို ခေါ်လိုက်ပါဦး ဘဘ..."

ဦးဘထူး ခေါင်းကို ဆတ်ခနဲ ညိတ်၍...

"သခင်မရေ... လာဦး မြန်းမြန်း..."

"လာပြီ ဘိုးဘိုး..."

အသံလေးက အဝေးမှာ...

ချက်ချင်း ဘွားမပဲ ပေါ်လာ၏။

အဖြူရောင် မပီတော့သည့် ခပ်ညစ်ညစ် နွမ်းဖတ်ဖတ် ရှင်မီး ဒူးကျိုမလေးနှင့် အမိတိုတို စွန်တောင်ဆွဲလေးကို ရင်ဝထိ တက်ဝတ်ထားပုံက ဖြစ်သလို ထိုးထိုးသိပ်သိပ်။

မင်းမကိုင်၏ကိုမြင်လျှင် မျက်လုံးလေး ပြူးသွားကာ...

"ခ... ခဏလေးနော်... ဘိုးဘိုး..."

ဟုဆို၍ လှစ်ခနဲ ပြန်လှည့်ပြေးသွားသည်။

ပြန်ရောက်လာတော့ လက်ဖျားလေးတွေမှာ







www.burmeseclassic.com

www.burmeseclassic.com



ရေစိုစက်လက် နှင့်. . .

"ဘာသွားလုပ်တာလဲ. . . ဒီမှာ လာထိုင်စမ်း. . ."

ရေစိုလက်ကလေး နှစ်ဘက်ကို ထမိန်နှင့် ဖြစ်သလို ပွတ်တိုက်နေရင်း ဘဘနဲ့အတူ မင်းမကိုင်ရှေ့မှာ ထိုင်လိုက် ရသည်။

မနေ့ကတွေ့တုန်းက အတိုင်း စူးလှက်သော မျက်ဝန်း လေးတွေက လုံးဝန္တွ့တွန့်ခြင်းမရှိဘဲ မင်းမကိုင်မျက်နှာပေါ်မှာ စူးနစ်လျက်. . .

"သခင်မ. . ."

"ရှင်. . ."

မနေ့က မိးမိုးဟု နွေးထွေးစွာခေါ်ခဲ့တဲ့ အသံကို သတိတရ ဖြစ်သွားမိသေးသည်။

"သခင်လေး. . . ဒီနာမည်ကို မခေါ်ပါနဲ့. . . ဘဘလည်း သူ ဒီမှာနေဖြစ်ရင် ဒီနာမည်ကို ပြောင်းပစ်ဖို့. . ."

မင်းမကိုင်က လက်ကာသည်။

"မလိုပါဘူး. . . ဒါ သူ့နာမည်ပဲဟာ. . ."

ပြော၍ သခင်မ မျက်နှာလေးကို ပြန်ကြည့်သည်။

ဖြူလွန်း၍ နီမြန်းမြန်းဖြစ်နေသည့် မျက်နှာလေးက ရွှေဝါရောင်ဆံပင်လေးတွေ စီးမိုးထားသဖြင့် မြန်မာရုပ်ပင် ပျောက်နေတော့သည်။

နှာတံစင်းစင်း နှုတ်ခမ်းပွါးလေးများနှင့် မျက်ခုံးသည် လည်း ခပ်စိမ်းစိမ်း ညို့ညို့လေးသာရှိ၍ မဲနက်ခြင်းမရှိ။





မျက်ဝန်းလေးတွေက ပြာလဲ့လဲ့ ရွှန်းလက်နေသည့်တိုင် အနက်ရောင် အားနည်းလှသည်။

ဒါပေမယ့် သခင်မဟာ လွန်စွာချစ်စရာ ကောင်းနေ ပါ၏။

"ညည်းဆံပင်တွေက ဆေးဆိုးထားတာလား. . .

"ရှင်. . ."

သူ့ခေါင်းလေး သူပြန်အုပ်ကိုင်ကာ သခင်မက နားလည်ပုံမပေါ်။

"အဲဒီဆံပင်တွေကို ရွှေရောင်တွေ ဆိုးထားတာလားလို့ မေးတာ အလှပြင်ဆိုင်မှာ ပိုက်ဆံပေး ပြီးတော့လေ. . ."

"ဟင့်အင်း. . . သခင်မကို ဒေါ်ယမင်းက မုန့်စားဖို့တောင် ပိုက်ဆံမပေးဘူး ဦးရဲ. . ."

"လက်တွေ ခုန ဘာလို့ပြေးဆေးတာလဲ. . ."

"အဲဒါ. . . ဟို. . ."

သခင်မက လက်ချောင်းလေးရှ . . း လိမ်ချိုးပွတ်ချေ လျက် အဖြေတစ်ခုကို အပြေးအလွှား စဉ်းစားနေသည်။

မင်းမကိုင်က စိုက်ကြည့်နေ၏။

ဦးဘသူက ဘာမှဝင်မပြောပါ။

"မနက်က ဘိုးဘိုး. . . နှုတ်လို့မပြီးသေးတဲ့ ပေါင်းပင် လေးတွေ လိုက်နှုတ်နေတာပါ. . . အဲဒါ ဦးဦးက လက်တွေမဆေးရင် မကြိုက်လို့. . . ပြေးဆေးတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား. . . ဆော့နေတာ မဟုတ်ဘူးလား. . ."

"ဟင့်အင်း. . ."

မင်းမကိုဠ်က ခပ်ယဲ့ယဲ့ပြုံး၍ စီးကရက်ကို ရှိုက်ဖွာလိုက်သည်။

"သုံးတန်းအောင်ပြီးပြီဆို. . ."

"ဟုတ်ကဲ့. . ."

"အတန်းထဲမှာ အဆင့်ဘယ်လောက်ရှိလဲ. . ."

"သုံးယီရဖူးတယ်. . . လေး ငါး မှန်စ် တစ်ဆယ်တော့ ဘယ်တော့မှ မကျော်ဘူး. . ."

"ဘာဖြစ်လို့ တစ်ရအောင် မကြိုးစားတာလဲ. . ."

"သခင်မ တစ်ရအောင် ကြိုးစားပါဟယ် ဦးရယ်. . . အိမ်မှာ သခင်မစာမရရင် ဘယ်သူမှမြမ်မပေးဘူး. . . ညဘက်ဆို လည်း ဖယောင်းတိုင်ကုန်မှာစိုးလို့ဆိုပြီး အစောကြီး အိပ်ရတာ"

မင်းမကိုဠ် စိတ်မကောင်း ဖြစ်သွားသည်။

"ဘိုးဘိုးနဲ့အတူ နေချင်တယ်ဆိုရင် အတန်းထဲမှာ အပြတမ်း တစ်ဖြစ်အောင် ကြိုးစားရမယ်. . . ယဉ်ကျေးရမယ် လိမ္မာရမယ်. . . လေိမ်မညာရဘူး. . . တစ်ဖက်သား အပေါ် တနာတတ်ရမယ်. . ."

"အထူးသဖြင့် မိန်းကလေးဆိုသာပိုပြီး စာရိတ္တ ကောင်းရမယ်"





"ဟုတ်ကဲ့ပါ. . ."

"ဘဘ. . ."

"ပြောပါ သခင်လေး. . ."

"ကလေးကို ဘဘပဲ ခေါ်ထားလိုက်ပါ. . ."

ဦးဘထူး မျက်နှာကြီး ဝင်းပသွားသည်။

"ကလေးလာပို့ကြတဲ့ လူတွေကို သုံးဖို့ခွဲဖို့ ငွေလေး ဘာလေး ပေးလိုက်ပြီး နောက်ထပ်ကလေးနဲ့ ပတ်သက်ပြီး လုံးဝ ထပ်မလာဖို့ အပြတ်ပြောလိုက်ပါ. . ."

"ကောင်းပါပြီ သခင်လေးရယ်. . . ဘဘ ဝမ်းသာလိုက်တာ"

ဖျတ်ခနဲ ထပြေးသွားကာ ဖြံထဲမှာ ခုန်ဆွခုန်ဆွ လုပ်နေလေသည်။

လောလောဆယ် လူသားနှစ်ဦး၏ ဘဝကို ချမ်းမြေ့စေလိုက်နိုင်သဖြင့် မင်းမကိုဠ် ကျေနပ်သွားမိသည်။

နောက်ပြဿနာ နောက်မှပဲ ရှင်းဟော့မည်။

'သစ္စာနှံ' စံအိမ်ကြီးထဲကနေ ဟောဒီ ရောင်စုံပန်းခင်းကြီးထဲမှာ ဦးဘထူးကိုခေါ်၍ သူလာနေခဲ့တာ နှစ်နှစ်နီးပါး ရှိပြီ။

နှင်းဆီရောင်စုံပန်းတွေလည်း ပွင့်နေပြီ. . . ရနံ့တွေ လည်း သင်းနေပြီ. . .

ဒီလိုအေးချမ်းမှုမျိုးထဲမှာ သူအားလုံးကို မေ့ထားခဲ့သ . . .



www.burmeseclassic.com

www.burmeseclassic.com



ခြံ့ထဲမှာ ဦးဘထူးကအိမ်တစ်လုံး သူကတစ်ထပ်ပျဉ်ထောင် မှန်ကာ အိမ်ကလေးနဲ့ သပ်သပ်တစ်လုံး။

သူမခေါ်ဘဲ ဦးဘထူးက အိမ်နားကိုပင် မသိခဲ့ပေ။

ညဘက်ဆို မင်းမကိုင်က ဦးဘထူးရဲ့ အိမ်ကလေးဆီ ရောက်လာ၍ အတူစကားပြောဖြစ်တာမှလွဲ၍ အေးချမ်း တိတ်ဆိတ်နေခဲ့သည်။

ဒါဟာ တိတ်ဆိတ်ခြင်းမဟုတ်ဘဲ ငြိမ်းချမ်းခြင်းလို့ ယူဆလျက် မင်းမကိုင်က နှစ်သက်ခဲ့သည်။

ခုတော့ လူသားသုံးဦး ဖြစ်လာခဲ့ပြီ။

အေးချမ်းဖို့လား တိတ်ဆိတ်ဖို့လား ဘယ်သူသိနိုင်မလဲ

❀ ❀ ❀

မနက်စောစော ခြံကိုပတ်၍ လမ်းလျှောက်ပြီး ပြန်လာ တော့ သူ့အိမ်လေးအနီးမှာ ပန်းပင်ကိုကွယ်၍ ဟိုဒီငုံ၍ ချောင်းနေ သော သခင်မကို မင်းမကိုင်မှ နောက်ကနေ စိုက်ကြည့်နေမိသည်။

ထိုစဉ် သခင်မက ကိုယ်လေးနောက်ကို ဖျတ်ခနဲလှည့် လိုက်ကာ တစ်လှမ်းချင်း လျှောက်လာပုံက လေးလေးကန်ကန်။

မင်းမကိုင်မှ ရှေ့ကိုရောက်လာမှ မျက်နှာလေး မော့လာ လျှက်။

"ဟင်. . . ဦးက ဒီမှာ. . ."

"ဟုတ်တယ်. . . ညည်း ဘာချောင်းနေတာလဲ. . ."

"သခင်မ ချောင်းတာမဟုတ်ပါဘူး. . . ဦးဦးကို ရှာတာပါ"

"ဘာလုပ်ဖို့လဲ. . ."

"ဟို. . ."



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိတာပြောရဲရတယ်၊ မြူစိစိဆို ဦးက မကြိုက်ဘူး"

"ဟုတ်. . ."

သခင်မက ဆတ်ခနဲ ခေါင်းညိတ်၏။

"သခင်မ ဦးကို မေးစရာ ရှိလို့ပါ. . ."

"မေး. . ."

"ဒီခြံထဲမှာ ရှိတဲ့ပန်းတွေ သခင်မ မခူးရဘူးလား ဟင်"

"ပန်းတွေ အားလုံး ညည်းက ခူးပြီး ဘာလုပ်မလို့လဲ. . ."

"အားလုံး မခူးပါဘူး ဦးရဲ့. . . တစ်ခါတလေ ပန်းချင်ရင် ပြီးတော့ကျောင်းသွားတဲ့အခါ ဆရာမဖို့ သခင်မခူးသွားချင်တဲ့အခါ"

မင်းမကိုင်ကြ ပြုံး၍. .

"အဲဒီတော့ ခူးပေါ့. . . ဘာလဲကွာ ဆော့မပစ်ရင် ပြီးတာပဲ"

"ဦး. . . တကယ်နော်. . ."

သခင်မ ဝမ်းသာလွန်း၍ အမှတ်တမဲ့ မေးလိုက်တဲ့ စကားလေး ကြောင့် မင်းမကိုင်၏ မျက်နှာတင်းမာ သွားသည်ကို မြင်လျှင် သခင်မ အပျော်လေးတွေ လမ်းတစ်ဝက်မှာပဲ ရပ်သွား ရလေသည်။

"သခင်မ. . ."

"ရှင်. . ."

"နောက်ကို ဦးနဲ့ စကားပြောရင် 'တကယ်နော်' ဆိုတဲ့ အမေး စကားမျိုး ဘယ်တော့မှ မပြောနဲ့. . ."

သခင်မ ခေါင်းလေးညိတ်၍ အသံမထွက်။

"အဲဒီလို မရေရာတဲ့ အမေးအဖြေတွေ ပါးစပ်ထဲမှာ ဘယ်တော့ မှ မထည့်နဲ့. . ."

"ဟုတ်ကဲ့ဦး. . ."

မင်းမကိုင်၏ ခြေလှမ်းကျဲကြီးများနှင့် အိမ်လေးပေါ် တောက်လျှောက်တက်သွားသည်။

သခင်မ တွေတွေငေးငေးလေးကြည့်နေရင်း နေရာမှ လှည့်ထွက်လာခဲ့သည်။

"ဟိတ်. . . နေဦးလေ. . ."

သခင်မ တွန့်ခနဲဖြစ်သွားကာ နောက်လှည့်ကြည့် လိုက်မိသည်။

မင်းမကိုင်၏ ချက်ချင်း သူ့နားပြန်ရောက်လာကာ. . .

"စကားပြောလို့ မပြတ်သေးရင် ဘယ်မှမသွားရဘူး . . . ကိုယ့်ထက်ကြီးတဲ့လူကဆူနေရင် ဆုံးမစကားပြောနေရင် . . . ခေါင်းငုံ့ငြိမ်သက်ပြီး နာခံရတယ်. . . ပြောဆိုဆုံးမနေတုန်း ထထွက်သွားတယ်ဆိုတာ ရိုင်းစိုင်းတဲ့ စော်ကားတာ. . ."

ကလေး နားလည် မလည်တာ မသိ။

မင်းမကိုင်၏က ဆက်တိုက်ပြောချပစ်လိုက်သည်။

"သခင်မက ဦး [illegible]က်သွားလို့ ပြောပြီးပြီ ထင်လို့ပါ. . ."

"နောက်ကို မှတ်ထား. . . သွားတော့ဆိုမှ သွား[illegible]ယ်"







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . ."

"ရော့. . ဒါယူသွား. . ဘဘကို နေ့လည် ဒီဖက်လာခဲ့ဖို့ ပြောလိုက်. . ."

"ဟုတ်ကဲ့. . ."

သခင်မက မင်းမကိုင်၏ပေးသည့် ပလပ်ဖဲတစ် အထုပ်လေးကို လက်ကလေးနှစ်ဘက်နှင့်ယူ၍ ခြေစုံရပ်နေသည်။

မင်းမကိုင်၏ မျက်မှောင်ကုတ်ကြည့်ကာ. . .

"သွားတော့လေ. . ."

"ဟုတ်ကဲ့. . ."

ဒီတော့မှ သူ့အိမ်နှံကို စောင့်နေတာမှန်းသိကာ ပြုံးလိုက်မိလေသည်။

၏ ၏ ၏



မင်းမကိုင်၏ ပေးသည့်ငွေနှင့် ဒေါ်ယမင်းတို့ဘက်ကကလေးကို လိုက်ပို့ကြသူတွေကိုလည်း ပေးလိုက်ပြီးပြီ။

သခင်မအတွက်လိုအပ်တဲ့ ကျောင်းစာအုပ်များနှင့် လိုအပ်တဲ့ အဝတ်အစား အသုံးအဆောင်ပစ္စည်းလေးတွေလည်း ဝယ်ခဲ့ရသည်။

"မြေး. . သပ်သပ်ရပ်ရပ်နေနော်. . သခင်လေးက ညစ်ပတ်တာ လုံးဝမကြိုက်ဘူး. . ပြီးတော့ စကားပြောရင် ဟိုတွေဒီတွေနဲ့ မဝေ့နဲ့. . စကားပြောများရင် သူက နှင်လွှတ်တတ်တယ်. . လိမ်ညာဖုံးကွယ်တာကို မကြိုက်ဘူး. ."

အဆုပ်လိုက်ပွင့်နေသည့် ယုဇနပန်းခိုင်လေးကို ချိုးယူ၍ ခုံတန်းလေးမှာပြန်ထိုင်ကာ သခင်မ ဘိုးဘိုးပြောသမျှကို မမေ့အောင် ထပ်စဉ်းစားနေမိသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"မညစ်ပတ်ရဘူး"

"မညာရဘူး"

နှလုံးသားနုနုလေးမှာ အထပ်ထပ် ရွတ်ကြည့်နေမိရင်း စူးနစ်စွဲ မြဲသွားလေသည်။

မင်းမကိုရှိဆိုသော ဘိုးဘိုးရဲ့ သခင်လေးဆိုသူသည် သခင်မကို စတွေ့ခါစက မီးမီးဟု ခေါ်ခဲ့ဖူးပါလျက်. . .

ခု ဘာဖြစ်လို့ မခေါ်တော့တာလဲ. . .

ဒါကိုပဲ မကြာခဏ တွေးနေဖြစ်၏။

"မြေးရေ. . ."

"ရှင် ဘိုးဘိုး. . လာပါပြီ"

သခင်မ ဘိုးဘိုးဆီ ပြေးလာခဲ့သည်။

"မြေးကို သခင်လေး ခေါ်နေတယ်. . ."

"ဟုတ်. . ."

သခင်မ လှည့်ထွက်ခဲ့ပြီးမှ ဘိုးဘိုးက လက်ကလေးကို ပြန်ဆွဲထားတော. . .

"မြေး. . စကားကို လက်လွတ်စပယ် မပြောနဲ့နော်. . အရေးပေးတိုင်းလည်း ရောင့်မတက်ရဘူး. . ရိုရိုသေသေ ဆက်ဆံ. . ."

"ဟုတ်ကဲ့ပါ. . ဘိုးဘိုးရဲ့"

ဘိုးဘိုးသည် သခင်လေးဆိုသူအပေါ် လွန်စွာ ရိုသေလေးစားလျက် သခင်မအပေါ် မလိုမလား ဖြစ်သွားမှာကို





လည်း စိုးရိမ်ကြီးနေပြန်သည်။

သခင်မက လှေခါးထစ်ကလေးတွေကို ခပ်ဖွဖွ ကျော်ဖြတ်လာခဲ့ပြီးမှ တံခါးဝရောက်လျှင် ရပ်လိုက်လေသည်။

"ဦးဦး. . ."

"ဝင်ခဲ့ ချာတိတ်. . ."

အသံကြားမှ သခင်မက ခပ်ရှိုးရှိုးလေး ဝင်လာခဲ့သည်။

အိမ်လေးပေါ်မှာ အထဲမှာတော့ မသိ။

အိမ်ရှေ့ခန်းမှာတော့ စားပွဲကုလားထိုင်နှင့် ရှို့ကော့စ် သေးသေးလေးပေါ်မှာ တီဗွီနှင့်အောက်စက်။

ဒီ့ပြင် တခမ်းတနား ဘာပစ္စည်းမှမရှိပါချေ။

သခင်မ ထင်ထားခဲ့တာက သခင်လေးဆိုသော ပုဂ္ဂိုလ်ကြီးနှင့် နေရာဟာ ရွှေရောင်တဖိတ်ဖိတ်နှင့် ကတ္တီပါ ကော်ဇောကြီးတွေနှင့် တလက်လက်တောက်နေသည့် နတ်ဘုံ နတ်နန်းလို. . .

[illegible] နေခဲ့သောတဲ့နဲ့ ဒီဦးကို ဘိုးဘိုးက ဘာဖြစ်လို့ သခင်လေးလို့ ခေါ်ပါလိမ့်။

"ဟေ့. . ဘာကြည့်နေတာလဲ အဲဒီမှာ ထိုင်. . ."

"ဟုတ်. . ."

ကြိမ်ခင်းယားတဲ့ ကျွန်းကုလားထိုင်မှာ သူလည်းထိုင်၍ သခင်မကို ထိုင်ခိုင်းသည်။

"မနက်ဖြန် နေ့လည်နှစ်နာရီထိုးတာနဲ့ ညည်း ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



စာလာသင်ရမယ်. . . ကျောင်းဖွင့်တဲ့အချိန်မှာ သင်ခန်းစာ အားလုံး ဘိုင်ဟတ်ဖြစ်နေရမယ်. . ."

"ဟုတ်ကဲ့. . ."

"ဒီကိုလာရင် အစားအသောက်တွေ စားပြီးကာစ လာတာမျိုး မလုပ်ရဘူး. . . နေ့လည်စာစားပြီးအိပ်. . . ရေချိုးသန့်စင်ပြီးမှလာ. . ."

"ဟုတ်ကဲ့. . ."

"နှုတ်ခမ်းနီ မဆိုးရဘူး. . . မိတ်ကပ် မလိမ်းရဘူး. . ."

"ဟုတ်ကဲ့. . ."

"စာသင်ပြီးတာနဲ့ ဆော့လို့ရပြီ. . . ဆော့တဲ့အချိန်မှာ ကြိုက်သလိုဆော့. . . ပြီးရင် ရေယပ်ချိုး လက်သည်းခြေသည်း လုံးဝ အရှည်မခံရဘူး. . . ဆော့တဲ့အချိန်ကလွဲပြီး တစ်ကိုယ်လုံး အမြဲသန့်ရှင်းနေရမယ်"

"ဟုတ်ကဲ့. . ."

"စိတ်ညစ်သွားလား. . ."

"ဟုတ်ကဲ့. . ."

"ဘာ. . ."

"ဩော်. . . မညစ်ပါဘူး. . ."

သခင်မ ပျာပျာသလဲလေး ဖြစ်သွားပုံကိုကြည့်၍ မင်းမကိုနှင်းကပြုံးသည်။ ဒီကောင်မလေးကို စမြင်ကတည်းက သူသံယောဇဉ် ဖြစ်ခဲ့မိတာဖြစ်သည်။





ဒါ့ကြောင့် နောင်မှာ ပြဿနာတက်လာနိုင်စရာတွေ ရှိနေမှန်းသိရက်နဲ့ လက်ခံခဲ့မိရုံမက အစစအရာရာ သူတာဝန်ယူနေခဲ့မိသည်။

ဦးဘဟုးဟာ ကိုယ်က သေဆိုသေပြမည့်သူ. . .

သူ့ကို ကျော၍ ဘာမှလုပ်ဝံ့မည့်သူ မဟုတ်ပေ။

ဒါကြောင့်လည်း ကလေးရဲ့ ရှေ့ရေးကို သူ ကိုယ်တိုင် ယူပေးခဲ့တာ. . .

ကိုယ့်ရဲ့ အုပ်ထိန်းမှုအောက်မှာ အဖိုးတန်တဲ့ ကလေးတစ်ယောက်အဖြစ် ပြောင်းလဲသွားစေချင်သည်။

အားလုံးက ခိုက်တယ်ဆိုတဲ့ 'သခင်မ'ဆိုသည့် နာမည် လေးကိုပဲ သဘောကျခဲ့သည်။ ပညာတ်သွားရာ ပါတ်သက်ပါတဲ့

ဒီကလေး ကောင်းစားအောင်သူဖန်ဆင်းပေးချင်သည်။

"သခင်မ. . ."

"ရှင်. . ."

"ညည်းမှာ ပညာတစ်ခုပဲ အားကိုးစရာရှိတာ သိရဲ့လား. . ."

"ဟုတ်ကဲ့. . ."

"ပညာကို ဖိကြိုးစားရမယ်. . . ဆရာဝန်ဆို ရိုးရိုး ဆရာဝန် မဖြစ်ရဘူး. . . အင်ဂျင်နီယာဆိုလည်း သာမန် အဆင့် လောက်နဲ့ မတင်းတိမ်ရဘူး. . . ဘွဲ့တွေတစ်ခုပြီး တစ်ခုယူ. . . နိုင်ငံခြားအဆင့်ထိ ကိုယ့်ရဲ့ သတင်းပေါက်နေရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြားစေချင်ရဲ့ . . "

"ဟုတ်ကဲ့ . . . "

မင်းမကိုင်က သခင်မကို စူးစိုက်ကြည့်သည်။

"ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြော မေးစရာရှိရင် မေး . . . တုန်နေအောင် ကြောက်ဖို့မလိုဘူး . . . "

ဒီတစ်ခါ ဟုတ်ကဲ့လို့ မပြောဘဲ သခင်မ နှုတ်ခမ်းလေး တစ်ချက် လှုပ်သွားတာကို မင်းမကိုင်က မြင်သည်။

"ဘာပြောချင်လို့လဲ . . . "

"ဦးက သခင်မကို ဘာဖြစ်လို့မီးမီးလို့ မခေါ်တော့တာလဲ ဟင်"

မင်းမကိုင်၏ မျက်မှောင်ကုတ်သွားသည်။

စဉ်းစားကြည့်တော့မှ စတွေ့တဲ့နေ့က သူ 'မီးမီ'လို့ ခေါ်ခဲ့မိတာကို သတိရလိုက်သည်။

ပြီးတော့ မယ်မယ်တို့ မမတို့ မျက်နှာတွေပေါ်လာ၏။

"မီးမီးလို့ မခေါ်တာက ခေါ်လို့မဖြစ်လို့ . . . ဒါကို ခေါင်းထဲ မထည့်နဲ့တော့ . . . "

"နောက်ပြီး . . . "

"ဆက်ပြော . . . "

"သခင်မလေ . . . ဦးကို ဦးဦးလို့ မခေါ်ချင်ဘူး . . . "

မင်းမကိုင်၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"ဘာဖြစ်လို့ . . . "





"ခေါ်ယမင်းရဲ့ ယောက်ျားဦးဦးကလေ အရက်သမားကြီး ကိုလည်း သခင်မဦးဦးလို့ ခေါ်ခဲ့ရတယ် . . . ဦးဦးက အရက် လည်း မသောက်ဘူး . . . ဆိုးလည်း မဆိုးဘူး . . . အဲဒါကြောင့် ကို အဲ့သလို မခေါ်ချင်ဘူး . . . သခင်မ ဘယ်လိုခေါ်ရမလဲ ဟင် . . . "

၃

သခင်မက သတ္တိတော့ မသေးပါ။

ရင်ထဲရှိတာကို ပြောချရဲတဲ့ ကလေး။

မင်းမကိုင်၏ နှုတ်ခမ်းစေ့၍ ပြုံးသည်။

"ညည်းက ဘယ်လိုခေါ်ချင်လို့လဲ . . . "

"သခင်မ မခေါ်ရဲပါဘူး . . . "

"အင်း . . . နောက်တော့ ဖြစ်လာမှာပေါ့ . . . ဒါပြဿနာ မဟုတ်ပါဘူး . . . အခုမြန်တော့ စာအုပ်တွေ ခဲတံတွေ လွယ်အိတ်ထဲ ထည့် အဆင်သင့်ဖြစ်ထား . . . "

"ဟုတ်ကဲ့ . . . "

သခင်မက ထရပ်လိုက်ပြီးမှ . . .

"သခင်မ သွားလို့ရပြီလား ဟင် . . . "

"ရပြီ . . . "

မထင်မှတ်ဘဲ ကလေးတစ်ယောက် မွေးစားရသလိုပဲမို့ ပ်ထိန်း သူဆိုတဲ့ ဟိတ်နှင့် ဟန်ကို အလိုလို တင်းထားရပေမယ့် ေလးချစ်တတ်တဲ့ ကိုယ်က လွတ်လွတ်လပ်လပ် ရှုံ့မဲ့ပြောင်ချင်တာ . . .

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဖြစ်သေး. . .

❀ ❀ ❀



နေ့စဉ် နှစ်နာရီတိတိ စာသင်ရသည်။

စာအုပ်ဖွင့်ပြီဆိုတာနှင့် မီးနင်းဘယ်နှစ်လုံးကို မိနစ်ယ်လောက်အတွင်း ရအောင်ကျက်ဆိုသည့် အမိန့်. . .

သချာ်တစ်ပုဒ်ကို အချိန်ဘယ်လောက် အတွင်းဆိုသည့် တ် မှတ်ချက်. . .

မရလျှင် ရိုက်တာထက် ဆိုးသော မျက်လုံးစူးစူးကြီးနှင့် ကြိတ် ကြည့်တတ်သော မင်းမငြိုရှိကို သခင်မ ကျန်နေအောင် ကြာက်ရသည်။

စာသင်ချိန်တိုင်းမှာ ချွေးပြန်ရင်း စာတွေလည်း ရပါသည်။ ရှူးရှူးပါချင်တဲ့အထိ ကြောက်လိုက်ရတာလည်း ဘ်ကိုင်တဲ့ လက်ကလေးတွေမှာ ချွေးတွေရွဲလို့. . .

"ဟော့. . . အသံထွက် မှားနေတယ်လေ. . . help ဆို



www.burmeseclassic.com

www.burmeseclassic.com



ဟက်လို့မထွက်ရဘူး. . . အယ်လ်သံရော အက်ဖ်သံပါ ပါအောင် ဆိုရတယ်. . . ဒီမှာ ကြည့်စမ်း. . ."

သခင်မက သူ့ပါးစပ်ကို ကြည့်ရသည်။

"လိုက်ဆို. . . ဟယ်လ်ဖ်. . ."

"ဟယ်လ်ဖ်. . ."

"အဲဒီအတိုင်းဆို ပါးစပ်ကြီးပြဲပြီး ထင်ရာစွတ်ကော်မနေနဲ့"

မင်းမကိုင်၏က စီးကရက်လက်ကြားညှပ်၍ အခန်းထဲက ထွက်လာသည်။

"ဟာ. . . ညည်းနောက်မှာ ခြင်တွေဝိုင်းလို့ပါလား"

ကြာလှပေါ့. . .

သခင်မ ဖျန်းခနဲလှည့်ရိုက်၍ ကုတ်လိုက်စာရေးလိုက်။

"ခြေထောက်နားမှာလည်း ခြင်တွေ. . . ညည်းက ဘောင်းဘီတိုလေး ဝတ်ထားတာကိုး. . . ခြေထောက် အပေါ် မြှောက်ထားစမ်း. . ."

ဘောင်းဘီရှည်နှင့် အချိန်ပြည့်နေသည့် သူက ပြဿနာ မရှိ။

မင်းမကိုင်၏က သခင်မခြေထောက်နားမှာ ထိုင်ခ၊ သိုက်ပြီ ခြင်ဆေးခွေထွန်းသည်။

"နောက်နေ့ ဘောင်းဘီရှည်ဝတ်လာခဲ့ ကြားလား. . ."

"သခင်မမှာ ဘောင်းဘီရှည်မှ မရှိတာ. . . စကတ်ပဲ





ပဲရှိတာ အဲ. . . ဟို ထမီတော့ရှိတယ်. . ."

"ထမီကြီး မဝတ်ရဘူး. . . ကလေးပဲရှိသေးတာ. . . ထမီကြီးနဲ့ ကြည့်မကောင်းဘူး. . . ဘိုးဘိုးကို ပြောလိုက်. . . ဘောင်းဘီရှည်ဝယ်ပေးပါလို့. . ."

"ဟုတ်ကဲ့. . ."

ခြင်ဆေးခွေထွန်းပြီး မင်းမကိုင်၏က ကုလားထိုင်မှာ သာထိုင်သည်။ ပြီးတော့ ချွေးလေးတွေစို့နေသည့် သခင်မ မျက်နှာလေးကို ငုံ့ကြည့်ကာ. . .

"ညည်း သနပ်ခါးလိမ်းထားတာလည်း ပါးကွက်တစ်လုံးဘာ အပေါ်မှာတစ်လုံးက နားရွက်အောက် ပါးချိတ်နားမှာ. . . ဘယ်လိုဖြစ်တာလဲ. . . မိန်းကလေး ဖြစ်ပြီး စေ့စေ့စပ်စပ်လည်း မရှိပါလား. . ."

လှတာ မလှတာကို ပြောချင်တာ မဟုတ်ဘဲ မင်းမကိုင်၏ဘာ နေရာတကာ စည်းကမ်း ပေဝါကြဲတိုင်းယူတတ်တဲ့သူ။

"သခင်မ မှန်မကြည့်ဘဲ လိမ်းရလို့ပါ. . ."

"ဘာဖြစ်လို့ မှန်မကြည့်တာလဲ. . ."

"မရှိလို့. . ."

"ဘာလို့ မရှိတာလဲ. . . ဘဘတ ဝယ်မပေးဘူးလား"

"ကျန်တာအားလုံး ဝယ်ပေးတယ်. . . မှန်ကို မေ့လာ သို့တဲ့. . ."

မင်းမကိုင်၏ မျက်မှောင်ကြီးကုတ်၍ ခကြာကြီး ငိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပြီးမှ အခန်းထဲထဝင်သွားသည်။

မြန်ထွက်လာတော့ ကော်ပြားလေးတစ်ချပ် ကိုင်လာ၏။

"ဒီမှာ မှန်. . ."

ဟုတ်ပါရဲ့ ကော်ပြားလေးမဟုတ်ဘဲ အသည်းပုံ နှစ်ချပ်တွဲ မှန်လေးတစ်ချပ်။

ဒါကို မင်းမကိုင်ရဲက ဖျတ်ခနဲ ဖွဲ့ပစ်လိုက်သည်။

"အမလေး. . ."

ရင်ချင်းကပ်လျက် အသည်းလေးနှစ်ခုကို မြတ်နိုးစွာ ငေးကြည့်နေမိဆဲ. . .

ရက်စက်စွာ ချိုးပစ်လိုက်သည်မို့ သခင်မ မထိန်းနိုင်ဘဲ လန့်အော်လိုက်မိခြင်း ဖြစ်လေသည်။

"ရော့. . . ဒီမှာလည်း ဒီမှန်တစ်ချပ်ပဲရှိတာ. . . ဒေါက်ပါတဲ့ အခြမ်းကို ညည်းယူသွား. . ."

"ဦးက ဘယ်လိုလုပ် ကြည့်မှာလဲ ဟင်. . ."

"မဝယ်ဖြစ်သေးခင် ဒါလေးနဲ့ပဲ ဖြစ်သလိုပေါ့. . ."

သခင်မ မှန်လေးကိုကြည့်၍ နှမျောတသစွာ လက်ကလေးနှင့် မှတ်ကြည့်နေမိသည်။

ရုတ်တရက်ကြည့်လျှင် အသည်းပုံ မှန်လေးတစ်ချပ်ပေမယ့် သေတ္တာလေးကို နှစ်ချပ်ဆွဲဖွင့်လိုက်မှ မှန်လေးဖြစ်သွား သည်။

ကျက်သရေ ရုပ်ကတော့ ပျက်သွားပါပြီ။

ပေးမယ့်ပေးလည်း အသည်းလေးနှစ်ခုကို အကောင်း





တိုင်း ပေးပါတော့လား. . .

ကလေးပီပီ အလှလေးပျက်သွားတာ ကိုယ့်မျက်စိအောက်မှာ တင်မို့ခံစားလို့မဆုံးနိုင်. . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဘိုးဘိုး. . ."

"ဟေ. . ."

"ဦးက ဘယ်သွားတာလဲ ဟင်. . ."

"သူလည်း လိုအပ်တာလေးတွေ ထွက်ဝယ်တာ နေမှာပေါ့ မြေးရဲ့. . . မြေး စာတွေရရဲ့လား. . ."

"ရတယ် ဘိုးဘိုး. . . မရရင်လည်း ဦးက ရိုက်မှာ. . . သခင်မ ဦးကို အရမ်းကြောက်တာပဲ. . ."

"ကြောက်ရမှာပေါ့ မြေးရဲ့. . . သူ့ကို ဘိုးဘိုးတောင် တလေးတစား ဆက်ဆံနေဟာကြည့်ပါလား. . ."

"ဘာဖြစ်လို့လဲ ဟင် ဘိုးဘိုး. . . ဦးရဲ့အိမ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဝေ့ရှည်းမှုလည်း မရှိဘဲနဲ့. . . သူက ဘာလို့ သခင်ပေ
ဖြစ်နေရတာလဲ. . . သခင်မလိုပဲ သူ့အမေဟာ နာမည်ပေးထား
ဘာလား. . ."

ဦးဘသူးက သခင်မ ခေါင်းလေးကို ခပ်ဖွဖွပွတ်
ပြုံးဆိုက်သည်။

"ဒါ သူ့အိပ်မဟုတ်ဘူး မြေးရဲ့. . . သူ့အိမ်က မြေးပြေ
သလို သခင်လေးနဲ့တန်တဲ့ အဆောင်အယောင်တွေ ပြည့်လို့
. . . သူက အဲဒီ အဆောင်အယောင်တွေနဲ့ မနေချင်လို့. . . ဒီမှ
လာနေတာ. . ."

"သူ့မှာ အမေ ရှိတာပေါ့နော်. . ."

"ရှိတယ်. . . ဒါပေမယ့် မမာရှာတော့ပါဘူး. . .
သူ့အစ်မလည်းရှိတယ်. . . သူကို အငယ်ဆုံးမို့ သိပ်ချစ်ကြ
. . . သူတို့ အစဉ်အဆက်က မဟာနွယ်တွေလေ. . ."

"မဟာနွယ်ဆိုတာ ဘာလဲ ဘိုးဘိုးရဲ့. . ."

"မြေးနားလည်အောင် ပြောရရင် ဟိုရှည်ကြီးပဲကွယ်
. . . ကိုးလွန်ခဲ့တဲ့ မောင်မင်းမကိုင်ရဲ့ ဘိုးတွေဘေး
ခေတ်တွေတိ 'ဘုရား' ထူးခံတဲ့မျိုးတွေပေါ့. . . ခုတော့ ခေတ်
မလွန်ဆန်တော့ဘဲ ဒါတွေကို ဖျောက်ပစ်လိုက်ကြပါပြီ. . .

. . . ဒါပေမယ့် သူတို့မိသားစုက စည်းက. ကြီးတယ်
. . . သိက္ခာရှိတယ် သစ္စာတည်တယ်. . . အားလုံးဖြောင့်မှန်
သဘောတွေရှိကြတယ်. . . တစ်ခုပဲရှိတယ်. . ."





ဦးဘထူးက ခဏ ရပ်နားလိုက်ပြီးမှ. . .

"အမျိုး သိပ်ခင်တွယ်တယ်. . . မဟာမျိုးနွယ်ဆိုကဲ့
မာန်ရှိတယ် သူတို့ မျိုးနွယ်ကလွဲပြီး. . . ဘယ်ပတ်ဝန်းကျင်ကိုမှ
ပတ်ပတ်သက်သက် မလုပ်ချင်ကြဘူး. . . မောင်မင်းမကိုင်က
ဆရာဝန်ဘွဲ့အပြင် ဘွဲ့တွေ တစ်သီကြီး ယူထားခဲ့တာ. . . ဒါကို
လုံးဝအလုပ်လုပ် ခွင့်မပေးဘဲ စံအိမ်မှာပဲ နေခိုင်းတယ်. . ."

"ဘယ်စံအိမ်လဲ ဟင်. . ."

"သစ္စာနံ့. . ."

"သစ္စာနံ့. . ."

"ဟုတ်တယ်. . . အဲဒီ စံအိမ်ကြီးမှာပဲ. . . ဘိုးဘိုးက ကား
မောင်းခဲ့တာပေါ့. . . အခု အဲဒီ မောင်မင်းမကိုင်နဲ့ သူ့မိသားစု
အဆင်မပြေတာလေးတွေဖြစ်ပြီး ဒီခြံကို ဝယ်လိုက် တော့မှ
ဘိုးဘိုးကိုပါ ခေါ်လာပြီး ဒီအပင်တွေကို မျိုးစေ့ချခဲ့တာ".

"ဒါဆို ဦးက ဒီမှာပဲ နေတော့မှာပေါ့. . ."

"ဘယ်သိမှာလဲ. . . မြေးရဲ့ ဒါပေမယ့်နေလို့ရမှာ
မဟုတ်ပါဘူး သူ့စိတ်တိုင်းကျ လောလောဆယ် နေခွင့်ပြုထား
ပေမယ့် သခင်မကြီးက သူ့သားကို ဒီတိုင်းဘယ်ထားပါ့မလဲ"

သခင်မက မျက်လုံးလေးပြူး၍ စဉ်းစားနေပြီးမှ. . .

"ဒါဆို သူတို့လာခေါ်လို့ ဦးပြန်လိုက်သွားရင် သခင်မ
တို့က ဘယ်သွားရမှာလဲ. . . ဦးရဲ့အမေက သခင်မတို့ကို
မောင်းထုတ်မှာလား ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးဘထူး သက်ပြင်းချသည်။

"ပြဿနာတက်မှာတော့ သေချာတယ်. . . ဒါပေမယ့် ဘိုးဘိုး တို့ဘက်က မောင်မင်းမကိုင်ရှိနေရင် ဘာမှပူစရာ မရှိပါဘူး. . . ဒီကလေးကို သူတို့အတတ်နိုင်ဆုံး အလျှော့ ပေးထားကြတယ်. . ."

ဦးကို ဒီကလေးလို့ သုံးလိုက်သဖြင့် သခင်မ အံ့သြသွား ပေမယ့် ဘာမှဖွင့်မမေးဖြစ်ပါ။

"အဲ့ဒါကြောင့် မြေးကို မောင်မင်းမကိုင်ကို မရှိမသေ မပြောမိမဆိုမိဖို့ သတိပေးနေတာပေါ့. . . ဘဘနဲ့ မြေးအတွက် သူ့မိသားစုနဲ့သူ အတော်လေး အတိုက်အခံ လုပ်ရတော့မှာ"

'တကယ်ဆို ဒါတွေသိပါလျက်နှင့် မြေးကို ဖက်တွယ် ထားမိတာပါ။

'သစ္စာနှံ့'ရဲ့ အရှင်သခင့်မ ဒေါ်စက်မြတ်ရှင်နှင့် လွှမ်းစွာ မာနကြီး မောက်မာတတ်သော ခင်မဒီ။

သူတို့ ရောက်လာကြမည့် နေ့သည်. . . . .

❁ ❁ ❁





"သခင်မကြီး ကျွန်တော်. . ."

"သိတယ်. . . အားလုံးကြားပြီးပြီ. . . ဒါကြောင့်လာ တာ ဘယ်မှာလဲ. . . အဲ့ဒီကလေး. . ."

"ရှိပါတယ် ခင်ဗျာ. . ."

ထရံအကွယ်လေးမှာ ရှိနေသည့် သခင်မကို ဘိုးဘိုးက ငဲ့ကြည့်လိုက်လျှင် သခင်မ လက်ကလေးပိုက်၍ ထွက်လာခဲ့ သည်။

စူးလက်သော မျက်ဝန်းနှစ်စုံက သခင်မ တစ်ကိုယ်လုံး မှာ စူးစူးစိုက်စိုက်. . .

ကြည့်စမ်း. . . ဦးဘထူးရဲ့ မြေးဆိုတာ ယုံနိုင်စရာမရှိ။

တစ်ကိုယ်လုံး နုမွတ်ဝင်းအိနေသော အသား. . .

ရွှေဝါရောင် ဆံပင်ပျော့ပျော့လေးတွေက နားရွက် အောက်မှာ ယိမ်းနွဲ့လျက် ဝတ်စားထားတာက ခါးစည်း ဂါဝန်



www.burmeseclassic.com

www.burmeseclassic.com



ဖားဖားလေ နှင့်. . .

ဒီပုံစံဖြစ်အောင် သား ဖန်တီးပေးထားတာ နေမှာ

သားအမိ နှစ်ယောက် ဖျတ်ခနဲ အကြည့်ချင်းဆုံ၏။

"ဟဲ့ ကလေးမ. . . မင်းနာမည် ဘယ်သူတဲ့လဲ. . ."

"သခင်မပါ. . ."

"ဘာ. . . ဘာ. . ."

ခင်မဗီ ခွေ့ခွေ့ခုန် မထတ်။

"သခင်မ့ ဟုတ်လား. . ."

"ဟုတ်ကဲ့. . ."

ဒေါ်စက်မြတ်ရှင် အကြည့်က ဦးဘထူးထံ ရှိုင်း

ပစ်ဝင်၏။

"ဒါ ဘာသဘောလဲ ကိုဘထူး. . ."

"ဗျာ. . . . . ."

"ရှင်က 'သစ္စာနှံ' ကိုဘယ်လို ပုံစံနဲ့ စော်ကာ

စိတ်ကူးထားတာလဲ. . ."

ဒေါ်စက်မြတ်ရှင် လေသံက တစ်လုံးချင်း အေးစက်

လည်ပင်းမှသည် ရင်ညွန့်အောက်ထိ တန်းကျနေ

ခုနှစ်ဖော်စိန်ကြိုးတန်းများမှ ရောင်စဉ်တို့က မျက်စိန်း

ဒေါသရောင်ကို မှိမည်မထင်။

ဦးဘထူး မျက်လွှာချ၍ ခေါင်းတခါခါ ဖြစ်နေလေ သ

"စိတ်မကူးခဲ့ပါဘူး သခင်မကြီးရယ်. . . ဒီနာမည်





မိဘတွေ မွေးကတည်းကပေးခဲ့တဲ့ နာမည်ပါ. . . မယုံရင်

နော်တော် မွေးစာရင်း ယူပြပါမယ်. . . ဒီကလေးကို ကျွန်တော်

ယ်တုန်းကမှလည်း မမြင်ဖူးခဲ့ပါဘူး. . .

. . . မမကြီးတို့ဆီမှာ အဖေ့နေရာဝင်ပြီး အမှုထမ်းခဲ့ ရတဲ့

ချိန်ကတည်းက ကျွန်တော် ဘယ်ဆွေမျိုး မွေးချင်းနဲ့ မှလည်း

ဆက်အဆံမရှိခဲ့ဖူးပါဘူး. . ."

"ခု ဒီကလေးက ရှင်မဆက်ဆံဘဲ မိုးပေါ်က ကျလာ

သလား"

ဒေါ်စက်မြတ်ရှင်တို့က မတ်တပ်ရပ် ခါးထောက်လျှက်

သခင်မတို့ မြေးအဘိုးက ခွေးခြေပုလေးပေါ်မှာ

မှာရပ်နေတဲ့ သခင်မကို ဘိုးဘိုးက ဖက်ထားကာ ခေါင်းငုံ့၍

သခင်မ ရင်ထဲမှာ ကြောက်တာရော ဝမ်းနည်းတာရော

ဘိုးဘိုးကို သူတို့ပြောဆို နေကြတာလည်း ကလေးပီပီ

နိုင် ဖြစ်နေရလျှက်. . .

"ဒါတွေ ပြောမနေနဲ့ မယ်မယ်. . . သမီးတို့ ရှင်းစရာ

ဆိုပဲ ရှင်းရအောင်. . ."

"နေဦး သမီး ဒီကလေးက ရှင့်ဆီကို ရောက်လာပြီး

မြဲလို့ သားငယ်ဆီ ရောက်သွားတာလဲ. . ."

"မရောက်ပါဘူး ခင်ဗျာ. . . သခင်လေးက စာခေါ်

ထားတာပါ. . ."

"ရှင် ဘာဖြစ်လို့ ညာနေတာလဲ. . . ကိုဘထူး အခု



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအပ်တဲ့အထိ. . . သားငယ်က အားလုံး တာဝန်ယူထားတာ ကျွန်မတို့သိပြီး ပြီ. . .”

“အဲဒါမှန်ပါတယ်. . . ကျွန်တော် ပြောတဲ့မရောက်ဘူးဆိုတာက သခင်လေးက ချို့တဲ့သူကို ကူညီတဲ့သဘော သက်သက်နဲ့ပါ. . . ကင်လေးနဲ့ သခင်လေးက ဒီ့ထက် ဘာမှ မပိုပါဘူး. . .”

“မလိုချင်ဘူး. . . ကျွန်မတို့ ‘သစ္စာနံ့’ မှာ အိမ်ရှင်နဲ့ အလုပ်သမားကလွဲပြီး ကျန်တဲ့ လူပိုလုံးဝလက်မခံနိုင်ဘူး. . . အခု ဒီကလေး ဒီမှာသုံးလထိကြာသွားတာတောင် ကျွန်မ လုံးဝ မသိလိုက်လို့. . . နောက် တစ်ပတ်အတွင်း ဒီကလေးကို ပြန်ပို့ဖို့ စဉ်းစားပါ. . . ဒါမှ မပို့နိုင်ဘူးဆိုရင် ရှင်ပါ ပြန်လိုက်သွားလို့ရတယ်”

သခင်မ မျက်လုံးလေး ပြူးကျယ်သွားကာ ဘိုးဘိုးလက်မောင်းကို ကျစ်နေအောင် ဖက်ထားလိုက်မိသည်။

ဦးဘထူး ခေါင်းငုံ့လျက်မှ ခေါင်းညိတ်ရလေသည်။

“ကောင်းပါပြီ သခင်မကြီး. . . ကျွန်တော် တစ်ခုခုကို ဖြစ်အောင်လုပ်ပါ့မယ်. . .”

ထိုစဉ် အိမ်လေးတံခါးဝမှာ လူရိပ်တစ်ခု ကျလာသည်။

အားလုံး လှည့်ကြည့်လိုက်ကြ၏။

မင်းမတိုင်ငှက တောက်လျှောက် ဝင်လာ၍ ဒေါ်စက်မြတ်ရှင် နားမှာရပ်လိုက်သည်။

“မယ်မယ်. . .”





“သားငယ်. . . မယ်မယ့်ကို ဘာဖြစ်လို့ကျော်တာလဲ. . . မယ်မယ့် ခွင့်ပြုချက်မရှိဘဲ ဘာဖြစ်လို့ ကလေးကို ဒီမှာ သက်ခံထားရတာလဲ. . . ထောက်ပံ့နေရတာလဲ. . .”

မေးခွန်းတွေက ဆက်တိုက်။

“မယ်မယ့်ကို ကျွန်တော် မကျော်ပါဘူး မယ်မယ်. . . ဒီကိစ္စဟာ ဘာမှပြုပြင်ပြောင်းလဲသွားနိုင်တဲ့ ကိစ္စမဟုတ်လောက်လို့ မပြောဖြစ်တာပါ. . . ပြီးတော့ ထောက်ပံ့တဲ့ စားရိတ်ဆိုတာလည်း. . .”

“နေဦး မောင်မောင်. . . မောင်မောင့်ကို မယ်မယ်က စားရိတ်ကြောင့် ပြောနေတာ မဟုတ်ဘူး. . . ‘သစ္စာနံ့’ မှာ လူတစ်ယောက်. . . အထူးသဖြင့် ဒုက္ခသည်တစ်ယောက် ဆောင်တင်လာတဲ့ အဖြစ်မျိုးကို မလိုချင်တာ. . . မမ ပြောတာ နားလည်ရဲ့လား. . .”

“ဒါ ‘သစ္စာနံ့’ မှ မဟုတ်ဘဲ မမ. . . ဒီခြံထဲမှာ အဘိုးနဲ့သူ နေခွင့်ပြုလိုက်ပါ. . . ဒီကလေးက သိပ်ကို ဒုက္ခ ရောက်နေရှာတာ. . . ဒီက ပြန်သွားဖို့လည်း ဘယ်မှာမှ နေရာ မရှိတော့ဘူး. . .”

“လာတဲ့နေရာကို ပြန်သွားပစေပေါ့. . .”

“သူက မိဘမဲ့လေးပါ. . . ဒီအဘိုး တစ်ယောက်ပဲ အားကိုးစရာရှိတာ. . .”

“အို. . . မလိုချင်ဘူး. . . ဒါ ‘သစ္စာနံ့’ မဟုတ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



'သစ္စာနံ့' ရဲ့ အရိပ်ရှိတယ်. . . လူတစ်ယောက် ဘဝတစ်ခုကို တာဝန်ယူဖို့ဆိုတာ နည်းသလား. . . သူ့ရဲ့စရိုက် သူ့ရဲ့အကျင့် . . . သူယူလာခဲ့တဲ့ အဆင့်အတန်း. . ."

ခင်မဒီက ခါးခါးသီးသီး ဖြစ်နေသည်။

"ဦးဘထူးရဲ့ မြေးဆိုတာနဲ့ ဦးဘထူးလို စိတ်ထားရှိမယ်တဲ့လား အမွှာညီအစ်ကို ညီအစ်မတွေတောင် စိတ်ချင်းတူတာ မဟုတ်ဘူး. . . ဒီ အရွယ်ထိကြီးပြင်းခဲ့တဲ့ ဒီကလေးရဲ့ ပတ်ဝန်းကျင်ကို ဘယ်သူသိသလဲ"

စိတ်ခါတ်ကို လွန်စွာ အလေးထားသော မိသားစုပီပီ စည်းစိမ် ဥစ္စာက ဒုတိယ စိတ်ဓါတ်စည်းကမ်းက ပထမ။

မင်းခကိုင်ကလည်း မျက်လွှာချ မသွားပါ။

"ဘာပဲဖြစ်ဖြစ်. . . သူက ဘဘရဲ့မြေးဖြစ်နေတယ် . . . ကျွန်တော်တို့အပေါ်ထားခဲ့တဲ့ ဘဘရဲ့သစ္စာတရားကို ဒီတစ်ချက်တော့ ပြန်ငဲ့သင့်ပါတယ်. . . ဘဘ ရှိနေသရွေ့ ဒီကလေး ဆိုးခြင်းကောင်းခြင်း ယုတ်မာခြင်း မြင့်မြတ်ခြင်း. . .

အရာအားလုံးအတွက် ဘဘ တာဝန်ယူနိုင်တယ်. . . အခု ဘာမှမသိရသေးဘဲ ဖြစ်မလာသေးဘဲနဲ့ လူနှစ်ယောက် စလုံး ဘဝပျက်ကြေကွဲအောင် မမနဲ့မယ်မယ် မလုပ်သင့်ပါဘူး"

ဒေါ်စက်မြတ်ရှင် ငိုင်သွားသည်။

ခင်မဒီက မကျေနပ်သေး. . .

"ဒီကလေးက အရုပ်ကလေး မဟုတ်ဘူးနော်. . . နောင်





သံယောဇဉ်တွေ ဘာညာတွေဖြစ်လာကြမှ အဆင့်အတန်း မရှိတာဖြစ်လာရင် အားလုံး မရှုနိုင် မကယ်နိုင်ဖြစ်ကုန်ကြမှာ"

"ဒါကလည်း ဘာမှဖြစ်မလာသေးဘဲ. . . ကြိုတွေးနေတဲ့ကိစ္စပဲ. . ."

ဒေါ်စက်မြတ်ရှင်က မင်းမကိုင်ကို စိုက်ကြည့်သည်။

"သားငယ်က ဒီကလေးကို ပြန်လွှတ်ဖို့ သဘောမတူနိုင်ဘူးလို့ ပြောလိုက်တာလား. . ."

မင်းမကိုင်က ခပ်စူးစူးပြန်ကြည့်၍ ခေါင်းညိတ်သည်။

"ကလေးကို ခေါ်ထားလိုက်ဖို့ ကျွန်တော် ကိုယ်တိုင် ခွင့်ပြုထားခဲ့တာမို့ပါ. . ."

ဒေါ်စက်မြတ်ရှင် ခေါင်းညိတ်လိုက်သည်။

"ဒါဆို ကောင်းပြီ. . . သားငယ်လုပ်ခဲ့ပြီးပြီဆိုတာ မယ်မယ် ဖွတ်မတားတော့ဘူး. . . ဒါပေမယ့် စည်းကမ်းတော့ ထားရမယ်. . . ဒီကလေးကို သားငယ်ရဲ့ ကူညီထောက်ပံ့တာကလွဲပြီး ဘာမှမပိုရဘူး. . .

. . . တစ်နေ့ 'သစ္စာနံ့'နဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ အနှောင့်အယှက် ဖြစ်လာစေတာမျိုးရှိတဲ့အခါ မယ်မယ် ပြတ်ပြတ်သားသား ဆုံးဖြတ်တာကို သားငယ် ဘာခွင့်မရှိတော့ဘူး. . ."

မင်းမကိုင် မျက်မှောင်ကုတ်၍ ခဏငြိမ်သက်သွားသည်။ ဒေါ်စက်မြတ်ရှင် မျက်နှာတင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားငယ်က ဘယ်အတိုင်းအတာထိ. . . တာဝန်ယူဖို့ စိတ်ကူးထားသလဲ. . . မယ်မယ့်ကို ပြောစမ်း. . ."

အသံက ဒေါသမကင်းတော့ပေ။

မင်းမကိုဋ် ခေါင်းညိတ်လိုက်၏။

"မယ်မယ် ပြောတဲ့အတိုင်း ကျွန်တော် သဘောတူပါတယ်"

ဘာမှဝင်မပြောဝံ့တော့ပေမယ့် နှင်းမကိုဋ်က မချေကျနပ်ပါ။

"မယ်မယ်. . . မောင်မောင့်ကို ပြန်မခေါ်တော့ဘူး လား"

"သားငယ်. . . မယ်မယ်နဲ့ ပြန်လိုက်ခဲ့ပါ. . ."

"ကျွန်တော် မလိုက်ချင်ဘူး မယ်မယ်. . . အဲဒီ အဆောင်အယောင် အခမ်းအနားတွေထဲမှာ ကျွန်တော် ငြီးငွေ့နေလို့ပါ. . . ဒီမှာပဲ လွတ်လွတ်လပ်လပ် နေပါရစေ"

"ဒါဆို မောင်မောင်က ပြန်မလာတော့ဘူးလား. . ."

"ပြန်လာမှာပါ. . . ဒါပေမယ့် ခုတော့ မလိုက်ချင်ဘူး"

"ခုမလိုက်ချင်လည်း ခုလိုတစ်ယောက်တည်း အကြာကြီး ခွဲမနေနဲ့ကွာ. . . မမ စိတ်မချဘူး. . ."

ခင်မဒီသည် အစ်မကြီးဆိုပေမယ့် မိန်းကလေးမို့ နူးဖတ်အိစက်ကာ လှချင်တိုင်း လှနေလေသည်။

ဒါပေမယ့် မိန်းမသားဖြစ်ပါလျက် လေးထောင့်ဆန်ချင်သော မျက်နှာကျက ပျော့ပျောင်းမှု နည်းပါးသော စိတ်ဓါတ်ကို





ဖော်ပြနေလေသည်။

မျက်နှာနှစ်ခုကို စူးစိုက်ငေးမောနေသော သခင်မ မျက်လုံးထဲမှာ ဒေါ်စုက်မြတ်ရှင်၏ အသွင်သည်လည်းကောင်း မမဆိုသော ခင်မဒီ စိန်နားကပ်နှင့်အပြုံင် စူးလက်နေသော မျက်ဝန်းများသည်လည်းကောင်း ဘယ်တော့မှ မေ့နိုင်တော့မည့် အရာများ မဟုတ်ပါပေ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



"စာလိုက်နိုင်ရဲ့လား သခင်မ..."

"လိုက်နိုင်တာ မဟုတ်ဘူး ဦးရဲ့... အတန်းထဲမှာ သခင်မက အိပ်စ်ပတ်ပဲ..."

မင်းမကိုင်က ဖြေသည်။

"ဦး..."

"ဘာလဲ..."

"ဒီလကုန်ရင် ပထမလပတ် စာမေးပွဲတွေ စမယ်တဲ့"

"အဲဒါ ဘာဖြစ်လဲ..."

"သခင်မ ပထမရရင် ဘာဆုချမှာလဲ..."

"ဘာဆုမှ မချဘူး..."

"ဟင်...ဦးကလည်း..."

"ဟုတ်တယ်လေ...လပတ်စာမေးပွဲမှာ ပထမရတာ



www.burmeseclassic.com

www.burmeseclassic.com

ဆန်းလို့လား. . ."

"ပထမ မရရင်တော့ ဦးက ရိုက်မှာမဟုတ်လား. . ."

"ဟုတ်တယ်. . ."

"ဒါဆို. . . ပထမရရင် ဘာဆုချမယ်ဆိုတာ ဦးက ပြော
ဟရားမှာပေါ့ . . ."

စကားတတ်လွန်းတဲ့ ကောင်မလေးကို မင်းမကိုင်
ခေါင်းတစ်ချက်ထုကာ. . .

"ပထမနေရာမှာ ညည်းက ရှိကိုရှိရမှာပဲ. . . ရှိနေတ
မဆန်းဘူးလေ. . . မရှိခဲ့ရင်သာ အရိုက်ခံရမှာ. . . ."

"ဟင်. . ."

သခင်မက နှုတ်ခမ်းလေး စူ၍ စာအုပ်ဖွင့်သည်။

"ဟာ. . . ပြစမ်း. . . စာအုပ်ပြစမ်း. . . ချာတိတ်"

မင်းမကိုင်က ချာတိတ်ဟုလည်း ခေါ်တတ်၍ သခင်
ဆိုတာ တစ်ခါတရံမှည်သို့စိတ်ကူးပေါက်မှ ခေါ်တတ်မှန်း မသိ

သခင်မ လက်ထဲက စာအုပ်ကိုဖျတ်ခနဲဆွဲယူ၍ စော
က သခင်မလှန်ထားသည့် နေရာကိုပြန်ရှာသည်။

"ဒါ ဘာဖြစ်လို့ မှင်နီတားခဲ့ရတာလဲ. . ."

သိပေမယ့် မင်းမကိုင်က တမင်ထပ်မေးသည်။

"အဲ့. . . အဲ့ဒါ သခင်မ. . . ဘီနဲ့ဒီကို မှားနေ

"ဒါကရော. . ."

"ချေကို မျဉ်းကြောင်းပေါ် တင်ရေးမိလို့ပါ. . ."





"ညည်းလေးတန်းရောက်နေပြီ. . ဒီလောက်တောင်
ညံ့ရသလား. . ."

စာအုပ်ကို စားပွဲပေါ် ဖြန်းခနဲ မြည်အောင်ရိုက်ပစ်၍
မင်းမကိုင်က အော်သည်။

"သခင်မ. . ."

"ရှင်. . ."

မင်းမကိုင် အသံက မာထန်ပြတ်တောက်နေသလို သခင်မ
အသံလေးက တုန်ယင်နေ၏။

"ညည်းမှာ အပြစ်ရှိသလား မရှိဘူးလား. . ."

"ရှိပါတယ် ဦး. . ."

မေးတာကို ရှုံ့တွန့်တွန့်ဖြေတာ မင်းမကိုင်က မကြိုက်
သဖြင့် အမေးရှိတိုင်း ချက်ချင်းထဖြေတတ်တာ သခင်မ
အကျင့်ပါနေပါပြီ။

"ခွင့်လွှတ်သင့်တဲ့ အပြစ်လား. . . ခွင့်မလွှတ်သင့်တဲ့
အပြစ်လား. . ."

"ခွင့်မလွှတ်သင့်တဲ့ အပြစ်ပါ. . ."

"ကောင်းပြီ. . ."

မင်းမကိုင် ချာခနဲ လှည့်၍အခန်းထဲ ဝင်သွားသည်။

ပြန်ထွက်လာတော့ လက်ထဲမှာ ကြိမ်လုံးသေးသေး လေး
ပါလာ၏။

သခင်မကိုယ်ပေါ် အကြိမ်ကြိမ် ထိနမ်းခဲ့ဖူးနေခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်လုံးလေးပါ။

မည်သည့် စာအုပ်ပေါ်မှာမှ ဘာအမှားကြောင့်မှ မှင်နီခြစ်ရာ မရှိစေလိုသည့် မင်းမကိုင့်ရဲ့ ဒေါသများက 'မြေးလေးကို စာတတ်စေချင် တဲ့ စေတနာတွေပေါ့' တဲ့. ..

အိုးဘိုးကဖြင့် ကျေနပ်နေတဲ့ မျက်နှာကြီးနဲ့. . .

သခင်မ တစ်ကိုယ်လုံး အံကြိတ်ထားတဲ့ ကြားက တုန်ယင်လာခဲ့သည်။

"ကဲ. . . ဟိုဘက်လှည့်. . .

သခင်မ လက်ကလေးပိုက်၍ ဟိုဘက်လှည့်လိုက်သည်။

"အပေါ်အင်္ကျီမတင်ထား. . . ဘောင်းဘီနဲ့ အင်္ကျီနှစ်ထပ်ဆို မနာဘဲ နေဦးမယ်. . ."

မင်းမကိုင့်က အဲဒီလို ဆုံးမတတ်တဲ့သူ။

သခင်မလက်ကလေးတွေမှာ ချွေးတွေချက်ချင်း ရွှဲတက်လာ၏။

"နောက်ဆို. . . ကိုယ်သိပြီး တတ်ပြီးသား စာလုံးတွေ မှားရေးဦးမလား. . ."

"မရေးတော့ပါဘူး. . ."

'ရွှမ်း' ခနဲ တစ်ချက်ကျလာ၏။

သခင်မ ခါးလေးကော့ထွက်သွားသည်။

"နောက်ကို သတိလက်လွတ် စာရေးဦးမလား. . ."

"မ. . . ရေး. . . တော့ပါဘူး. . ."





'ရွှမ်း' ခနဲ နောက်တစ်ချက်။

"နောက်ထပ်တစ်ခါ ဒီလိုမှားဦးမလား. . ."

"မမှားတော့ပါဘူး. . ."

'ရွှမ်း' ခနဲ နောက်တစ်ချက်။

သခင်မ မျက်ရည်တစ်စက် ပေါက်ခနဲ ကျလာသည်။

"ဟေ့. . . ဒီဘက် လှည့်စမ်း. . ."

သခင်မ မျက်ရည်ကို ကုန်စင်အောင်ပွတ်သုတ်ပြီးမှ လှည့်၏။

မင်းမကိုင့်က အဲဒီ မျက်နှာကို စူးစိုက်ကြည့်၍. . .

"မငိုနဲ့နော်. . မျက်ရည်တစ်စက်မှထပ်မကျနဲ့၊ ကိုယ်မှားပြီးရင်ခံရဲရတယ်. . သွား. . ဟောဟိုနားမှာ သွားရပ်နေ. . . တစ်နာရီတိတိ လှုပ်ဝမထိုင်ရဘူး. . . နောက်ကို မမှီရဘူး. . . ခါးမကုန်းရဘူး. . . ကြားတယ်နော်. . ."

"ဟုတ်. . ."

"သွား. . ."

သခင်မက ရှိုးကေ့စ် ဘေးထောင့်နားလေးမှာ သွားရပ်လိုက်သည်။

မင်းမကိုင့်က စားပွဲအောက်က ခြင်ဆေးခွေကို သခင်မ ခြေထောက်နားမှာ ရွှေ့ပေး၍ နောက်ဖေးဝင်သွားတာ လုံးဝ ပြန်ထွက်မလာတော့ပေ။

တင်ပါးတစ်ပြင်လုံးလည်း စပ်ဖျင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငိုချင်တာကို အောင့်ထားရလွန်း၍လည်း လည်ချောင်းတွေနာ နားတွေအူလျှက် နေမထိထိုင်မထိသာ။

လူသူကင်းဝေးသော နေရာမှာ ခြံကျယ်ကြီးနှင့် နေကြတဲ့လူက သုံးယောက်တည်း။

ဒီသုံးယောက်က ပါးစပ်ပိတ်ထားလိုက်ကြသည်နှင့် ပယ်ဝန်းကျင်သည် ကမ္ဘာခြားသွားသလို ပကတိ တိတ်ဆိတ် လျှ… သစ်ရွက်လှုပ်သံ လေတိုးသံကအစပီပြင်စွာကြားလာရ၏။

သခင်မ၏ စိတ်တို့သည် ဆွတ်ပျံ့ဖွယ် မရှိခဲ့သော အတိတ်ဆီသို့. . .

"မင်းကလည်း ငါ့ကိုချည်း ဖိပြောမနေစမ်းပါနဲ့. . . မင်းပဲ အကုသိုလ်တုံးလေးကို အိမ်ပေါ်ခေါ်တင်ထားပြီး . . . ဒီမှာ ဘာလုပ်လုပ်တစ်ခုမှကို အဆင်မပြေဘူး. . . "

"ရှင်ကလည်း ယောကျ်ားဖြစ်ပြီး ဒါတွေကို အယူသည်းနေပြန်ပြီ. . . "

"ဟာ. . . အယူမသည်းလို့ရမလား. . . ငါတို့ ဒီရပ်ကွက်မှာ မချမ်းသာပေမယ့် တိုက်ခံအိမ်နဲ့ ရွှေနဲ့ငွေနဲ့ ရောင်းဝယ်စားနေခဲ့တာ. . . လူရှိသေ ရှင်ရှိသေ. . . ဒီကောင်မလေး ရောက်လာမှ အိမ်မီးလောင်လို့ ဝါးကြမ်းခင်းနဲ့နေရတဲ့ဘဝ. . .

. . . ငွေတိုးယူနေရတာလည်း အတိုးနဲ့အရင်းနဲ့လုံးပြီး . . . ခုတော့ လူစင်စစ်က နွားလို ရုန်းနေရတယ်. . . "

ကိုယ့်အကြောင်း ပြောနေမှန်းသိ၍ သခင်မ မီးဖိုချောင်



www.burmeseclassic.com

www.burmeseclassic.com

[illegible] ခြေထောက်လေးကို အသာလေး ပြန်ရုတ် [illegible]

ဗိုက်ထဲက တကြုတ်ကြုတ်မြည်အောင် ဆာနေပေမယ့် ဒေါ်ထမင်းတို့လင်မယားကိုကျော်ဖြတ်၍ ထမင်းအိုးဆီကို မသွားရဲတော့ပါ။

"အဲဒီကောင်မလေးကို တစ်ယောက်ယောက်ဖြစ်ဖြစ် မွေးစား ဖို့ ပေးပစ်လိုက်စမ်းပါဟာ. . . သူရှိနေတဲ့နေရာတိုင်း အကုသိုလ်တွေ တက်ကြတာ. . . အတုံးလိုက် အတစ်လိုက်"

"ပေးပစ်လို့ လူကြားကောင်းမလား ကိုကျော်ရယ်. . . သွေးရင်းသားရင်း ကျွန်မတစ်ယောက်ပဲရှိတာ. . . ကိုယ့်မှာ လည်း သားသမီးတစ်ယောက်မှ မွေးထားတာ မရှိဘူး. . . ဘယ်လို အကြောင်းပြမလဲ. . . သားသမီးတွေများလို့ မမွေးနိုင်ဘူး ပြောရရင်လည်း ဟုတ်တုတ်တုတ်. . ."

"လူကြားကောင်းအောင် မင်းစောင့်နေရင် ခွက်ဆွဲ တောင်းစားရတော့မှာကွ. . . အေး. . . မင်း ဆက်မွေးထား လည်း အိမ်မှာ အိမ်စောင့်ခွေးသာသာပဲ ထားနိုင်မယ်. . . ကျောင်းနုတ် ပစ်လိုက်. . . မသေရုံပဲ ကျွေး. . ."

"ရှင်ကလည်း တော်. . ."

"ပြောတဲ့အတိုင်း တကယ်လုပ်မှာ. . . မနက်ဖြန်က ပြီး ကျောင်းမတက်စေနဲ့တော့. . ."

"နှစ်လည်း ကုန်ခါနီးနေပြီ. . . သူဟာသူ တက်ပါစေ





တော်. . . ကျောင်းသွားနေတာပိုတောင် နားအေးသေးတယ် . . . မဟုတ်ရင် မျက်နှာမြင်တိုင်း အကုသိုလ်တက်တယ်. . ."

"မင်းပဲပြော. . ."

"ဟုတ်တယ်လေ. . . သူကျောင်းသွားတာ. . . အိမ်မှာဘာများထူးပြီး အပန်းကြီးလို့လဲ. . . ထမင်းလည်း ကျက်ရင် စားမယ်. . . မကျက်ရင် မစားဘူး. . . မုန့်ဖိုးရော ဘယ်တုန်းက ပေးဖူးလို့လဲ. . . ကျောင်းတက်တာကိုတော့ ပိတ်ပင် မနေစမ်းပါနဲ့ . . . ဘာကြေး ညာကြေးကျောင်းက ကောက်တော့လည်း ကျွန်မတို့ ပေးရတာမှ မဟုတ်ဘဲ. . ."

ဒေါ်ယမင်း ပြောနေတာ ဘယ်သူ့အတွက်မှန်း သခင်မ မသိပါ။

မျက်ရည်တွေက ဗိုက်ထဲက ထမင်းဆာတာနှင့် ရော၍ ပါးပြင်ပေါ်သို့ ပူပြင်းစွာ စီးကျလာသည်။

ဒီလို ထမင်းငတ်ခဲ့ရတဲ့ အနပ်ပေါင်း မနည်းတော့ပြီ။

ကျောင်းမသွားမီ ထမင်းမချက်ရသေးလို့ မစားဘဲ တက်ရသည်။

ပြန်လာတော့ အိုးထဲမှာ ကျန်သည့် လက်သီးဆုပ် နီးနီးခန့်သာရှိသော ထမင်းခဲလေးကို ပန်းကန်ထဲထည့်ယူ တင်းလိုက်ရာလို့ ဘာမှမတွေ့လျှင် မေးလည်း မမေးရဲတော့ဘဲ ထမင်းခဲပေါ် ဆားလေးဖြူးပုံ၍ ဒီအတိုင်း ပါးစပ်ထဲထည့် ရသောတော်ချ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သခင်မရဲ့ ဘဝပါ။

"ညည်းကို စာမေးပွဲပြီးတာနဲ့. . . အစ်ကိုကြီးဆီ လိုက်ပို့မယ်. . ငါတို့ တာဝန်မယူနိုင်တော့ဘူး. . ." တဲ့. . .

အဲဒီလို ပြောလာတုန်းက သခင်မ ပျော်လိုက်တာလေ

"သူက ငါ့အစ်ကိုကြီး. . . ညည်းအဖေရဲ့ ဦးလေးပေါ့. . . သူက သူဌေးအိမ်မှာ ဒရိုင်ဘာလုပ်နေတယ်. . . ဘယ်မှာ မှန်းတော့ မသိဘူး ရွာရဦးမှာ. . . အဖေနဲ့ပါသွားကတည်းက လုံးဝကို ပြန်မလာတော့တာ"

သခင်မ အဲဒီနေ့ကတည်းက ကိုယ်နဲ့ဘိုးဘိုး တော်တယ် ဆိုတဲ့ ဦးဘထူးဆိုတာကိုမှန်းဆ၍ ခေါ်ယမင်းတို့ အဲဒီဘိုးဘိုးကို ရှာမတွေ့မှာလည်းစိုး. . .

ကိုယ်တိုင် လိုက်ရှာချင်သည့် ဆန္ဒများပင်ဖြစ်ပေါ်ကာ အိပ်မက်တွေ ညတိုင်း မက်ခဲ့ရသည်။

ဒီ ငရဲတွင်းကြီးထဲက ထွက်ပါရစေ. . .

ဘိုးဘိုး တော်တယ်ဆိုတဲ့ ဘိုးဘိုးရယ်. . . သခင်မကို လာခေါ်ပါနော်. . .

သခင်မကို လာခေါ်လှည့်ပါ. . .

❁ ❁ ❁



"ဘိုးဘိုး. . . ဘိုးဘိုးရေ. . ."

"ဟော့. . . မြေး. . . မြေးလေး ဘိုးဘိုးရှိတယ်လေ"

အိမ်ပေါ်လှမ်းတက်လိုက်သည်နှင့် သခင်မ **အသံစူးစူး** ကိုကြားလိုက်ရပြီး ဦးဘထူး ကပျာကယာ ထဝင်**သွားတာ** ပါ လှမ်းမြင်သဖြင့် မင်းမကိုင့်အိမ်ခန်းထဲထိ တောက်**လျှောက်** လိုက်လာခဲ့သည်။

အထဲက ကုတင်ပေါ်မှာ သခင်မက ငုတ်တုတ်**ကလေး** ချက် ဦးဘထူးက ငေးရတိုက်နေသည်။

"ဘာဖြစ်လို့လဲ ဘဘ. . ."

သူ့အသံကြားမှ ဦးဘထူးက နောက်ပြန်လှည့်ကြည့်ကာ ကယာ နေရာဖယ်ပေး၏။

"မသိပါဘူး သခင်လေးရယ်. . . ထမင်းမဆာသေးဘူး ဦးမယ်ဆိုလို့ ညနေစောင်း မှအိပ်နဲ့လို့တောင် ပြောလိုက်မိ တယ်. . . အခုထအော်မှ ပြေးဝင်ကြည့်မိတာ. . . ကိုယ်ငွေ

www.burmeseclassic.com

www.burmeseclassic.com



ပူနေတယ်. . ."

မင်းမကိုင်ရှဲကရှေ့တိုး၍ သခင်မ လက်ကောက်ဝ
လေးကိုကိုင်၍ သွေးတိုးစမ်းသည်။

သခင်မက မျက်လုံးပြူးလေးနှင့် မော့ကြည့်နေသည်။

"ကိစ္စမရှိပါဘူး. . . နေ့လည်က သူ့ကိုရိုက်ပြီး. .
ခက်ပေးလိုက်တာများသွားလို့ ပန်းသွားတာပါ. . . တော်ကြ
ကျွန်တော် ဆေးလာပေးမယ်. . . ညစာထမင်း မကျွေးနဲ့တော့

"ဘဘ လိုက်ယူပါ့မယ်. . . သခင်လေး လာမပေးပါနဲ့

မင်းမကိုင်ရှဲ လှည့်ထွက်သွားလျှင် ဦးဘထူး နောက်
လိုက်သွားလေသည်။

သခင်မ ငုတ်တုတ်လေးထိုင်နေရာမှ အသာလှဲချလိုက်
သည်။

သူမ မျက်ဝန်းလေးထဲမှာ မင်းမကိုင်ရှဲ၏ သဏ္ဍာန်
စွဲထင်လျက်-

ဘယ်ကိုပဲရိုက်ရိုက် ဘယ်လောက်ပဲဆူဆူ မင်းမကိုင်ရှဲ
သခင်မ နည်းနည်းလေးမှ ဒေါသဖြစ် မကျေနပ်တာမျိုး မရှိခဲ့ဖူးပါ

ဘိုးဘိုးကလည်း နာရီနဲ့အမျှ နားချသည်။

ရင်ထဲကနေလည်း လက်ခံထားခဲ့သည်။

ကလေးပေမယ့် စေတနာကိုတော့ နားလည်ခံစားတတ်
နေပါပြီ။

မင်းမကိုင်ရှဲဟာ သခင်မတို့ မြေးအဘိုးအတွက် အားလုံး





တိုက်အခံပြုထားခဲ့ရသူ။

အောင်မြင် စေချင်လွန်း၍ ရိုက်နှက်ဆုံးမတာပဲဟုလည်း
းလည်နေသည်။

ဒေါ်ယမင်းတို့ လက်ထဲမှာ သခင်မ စာကျက်ချင်ပါ
ယ်ဆိုလည်း မကျက်ရ။

မကျက်လို့ မတတ်လို့ ရိုက်မယ့်သူလည်း မရှိခဲ့ပါ။

သခင်မဟာ ကလေးပေမယ့် စေတနာမေတ္တာ တော်မွတ်ခဲ့
ကြွမ်းတမ်းလှသည့် ဘဝမှာ ထမင်းအလုပ်ပေါင်းများစွာလည်း
ဖူးခဲ့သည့်သူ။

ကလေးချင်းတူတာတောင် သခင်မသိတဲ့အသိက
လေးနက်ပါလိမ့်မည်။

"မြေးလေးရေ. . . ထ ထ ဒီမှာ. . . မုန့်လည်း ပေးလိုက်
ယ် ဟောလစ်ရော. . . ကော်ဖီမစ်ထုပ်နွတွေရော"

စားစရာဆိုလို့ သခင်မ ငေါက်ခနဲ ထတိုင်သည်။

"ဘယ်မှာလဲ ဘိုးဘိုးရဲ့ မုန့်က. . ."

"ဒီမှာလေ. . ."

အစိမ်းရောင် လေးတောင့်သံပုံးလေးကို ရှေ့တိုးပေး တော့
ခင်မက စားစရာဘယ်ကရမှန်း မသိ။

ဦးဘထူး မြေးလေးကိုကြည့်၍ သနားသွားသည်။

မုန့်ပုံးလေးတောင် မသိရှာတဲ့ မြေးလေးရယ်. . .

"အထဲမှာ မုန့်ဇွတွေပါတယ်လေ မြေးရဲ့. . . တစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com



နိုးပါးရှိသေးတယ်... စား စား..."

ဒီတော့မှ သခင်မက ဓာစ်ခုပြီးတစ်ခု နှိုက်စားတော့ သည်
ပါးစပ်ထဲမှာ ချိုအေးမွှေးလျက် မထိတွေ့ဖူးခဲ့သည်
အရသာ

"ကောင်းလိုက်တာ ဘိုးဘိုးရယ်... ဒီမုန့်က ဒီပုံကြီး
ရောင်းတာပေါ့နော်..."

"အင်းပေါ့ မြေးရဲ့..."

"ဈေးကြီးမှာပဲနော်..."

"ကြီးတာပေါ့... ဒါတွေ ဘိုးဘိုးကိုယ်တိုင် ဝယ်ပေး ရတာ
ဉီးမှာ"

ဦးဘထူးက ပြောနေရင်း ခါတ်ဗူးထဲက ရေနွေးငှဲ့၍
မိုင်လိုဖျော်သည်။

"ရော့... ဒါလည်း သောက်..."

"ဘာလဲဟင် ဘိုးဘိုး..."

"မိုင်လို..."

"လက်ဖက်ရည် မဟုတ်ဘူးလား..."

"ဘယ်ဟုတ်မှာလဲ... ရော့ သောက်ကြည့်...
စားသောက်ပြီးရင် ဆေးသောက်ရမှာ..."

မုန့်စားလိုက် မိုင်လိုသောက်လိုက်နှင့် သခင်မ ငိ်က
နေသည်။

"ဘိုးဘိုး..."





"ဟင်..."

"သခင်မ ကိုယ်ပူမကျချင်တော့ဘူး..."

"မပြောကောင်းဘူး မြေးရဲ့..."

"ဟုတ်တယ်... နေမကောင်းတော့ မုန့်တွေ
များများကြီးစားရတယ်... ဦးကလည်း မဆူတော့ဘူး..."

ဦးဘထူးက နွားလည်သောအပြုံးနှင့် မြေးရဲ့
ခေါင်းလေးကို ပွတ်၍...

"များများဆူတဲ့လူက များများချစ်လို့ပေါ့ မြေးရဲ့...
မောင်မင်း မကိုင်မိတို့လို လူမျိုးတွေက မဆိုင်ဘူးထင်ရင် သူ့ရှေ့မှာ
သေပြရင်တောင် လှည့်ကြည့်တတ်တဲ့ လူမျိုး မဟုတ်ဘူး...
မြေးကို သွေးသားရင်းချာလို တကယ်စေတနာထားတာ..."

"သခင်မ သိပါတယ်... ဒါပေမယ့် ဦးကို သခင်မ
ကြောက်တယ်..."

"ကြောက်မှ မြေးရိုသေမှာပေါ့... ချစ်ကြောက်
သေတဲ့... ချစ်လို့လည်း ကြောက်တာရှိတယ်... ကြောက် လို့
ချစ်တာလည်းရှိတယ် ရိုသေတာဟာ လေးစားခြင်းပဲ...
မောင်မင်းမကိုင်မိဟာ မြေးနဲ့ဘိုးဘိုးတို့ရဲ့ ကျေးဇူးရှင်ဆိုတာ
ဘယ်တော့မှ မမေ့နဲ့ကြားလား..."

"ဟုတ်ကဲ့ ဘိုးဘိုး..."

"တစ်ခါတည်း ပြောထားမယ်... သူ့ကျေးဇူးကို
ထားပါ... ကိုယ်ကျေးဇူးကိုမေ့ပစ်ပါတဲ့... လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကိုယ်ပြုဖူးတဲ့ ကျေးဇူးလေးကို တပြုပြုနဲ့ တစ်ဖက်သားကို နိုင်ထွက်မနင်းရဘူး...

...ကိုယ်လိုအပ်တဲ့အချိန်မှာ ကိုယ့်ကို နွေးနွေးထွေးထွေးကူညီခဲ့ဖူးရင် ဒီလူကိုယ့်အပေါ် ဆယ်ခါလောက်ဆိုးလာတာမျိုးရှိရင်တောင် ရှိခဲ့ဖူးတဲ့ကျေးဇူးနဲ့ ထေပြီး ဆိုးတာကို မေ့ပစ်နိုင်ရမယ်... အဲဒါမှ သူတော်ကောင်းစိတ်..."

"ဒါဆို သူက တစ်ခါကောင်းတာနဲ့ သူ့ကိုတစ်သက်လုံး သည်းခံသွားရတော့မှာလား ဟင်...ဘိုးဘိုး..."

"ဘိုးဘိုးပြောတဲ့ထဲမှာ အားလုံးပါသွားပြီလေ မြေးရဲ့ ...ကိုယ်ပြုဖူးတဲ့ ကျေးဇူးနဲ့နိုင်ထွက်မနင်းရဘူးလို့...ဒီလိုတမင်လိုချင်လို့ ပေးကမ်းတာမျိုးကျတော့ ကိုယ့်ဟာကိုယ် ဝေဖန်ပိုင်းခြားကြည့်ရမှာပေါ့..ဒါ့ကြောင့် ကျေးဇူးတရားဆိုတာ အင်မတန် နက်နဲတယ်...

...ကံ့ငါးပါးကို ကျူးလွန်မှ ငရဲရောက်တာ မဟုတ်ဘူး ... မြေးရဲ့...ကျေးဇူးရှင်ကို ပြစ်မှားစော်ကားမိရင်လည်း ငရဲရောက်တာပဲ"

ဦးဘထူးက မင်းမကိုင်၍ ပေးလိုက်သည့် ဆေးတွေကို သေချာရောစပ်၍ သခင်မ လက်ဖဝါးလေးထဲ ထည့်ပေးသည်။

သခင်မက ပါးစပ်ထဲ တစ်ခါတည်းထည့်၍ ရေသောက်ချလိုက်၏။

"ဘိုးဘိုး...ဆက်ပြောလေ..."





"ပြောမယ်...မြေးက စိတ်ဝင်စားလို့လား..."

"ဟုတ်ကဲ့..."

"ဒါဆို ကျေးဇူးအကြောင်း နည်းနည်းပြောပြမယ်... လိုရင်းပေါ့ မြေးရယ်...ဘိုးဘိုးတို့ မြတ်စွာဘုရား အလောင်းတော် တေမိမင်းသားဖြစ်ခဲ့တဲ့ ကာလတုန်းက သူဟာ ဘဝဘဝက ပြုခဲ့ဖူးတဲ့ဒါနပါရမီထူးတွေကြောင့်... မိဖုရားခေါင်းကြီးရဲ့ ဝမ်းမှာသန္ဓေယူပြီး မင်းလောင်းဖြစ်ခဲ့တာတောင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမှာစိုးလို့..စကားမပြောတတ်သေးတဲ့ အရွယ်ကတည်းက ဘယ်တော့မှစကားမပြောတော့ဘူးဆိုပြီး သံဓိဋ္ဌာန်ချခဲ့တယ်..."

"ဘာဖြစ်လို့ မင်း မလုပ်ချင်တာလဲ ဘိုးဘိုး..."

"ငရဲလားမှာစိုးလို့တဲ့ မြေးရယ်..."

"မင်း လုပ်ရင်း ငရဲလား သလား...ဟင်..."

"အဲဒါ ဘိုးဘိုးပြောပြမယ်...ဒို့ဘုရားအလောင်းတော်ဟာ ပါရမီထူးတဲ့ပုဂ္ဂိုလ်ဆိုတော့ ရင်ခွင်ပိုက်ကလေး အရွယ်ကတည်းက သူ့ရဲ့ခမည်းတော် ဘုရင်ကြီးက ခိုးသားတွေ အပြစ်ရှိသူတွေ အားလုံးကို သေစေ သတ်စေ စတဲ့ အပြစ်အမျိုးမျိုးပေးပြီး အမိန့်မှတ်တယ်...

...ဒါကို ဇာတိဿရဉာဏ်ရနေတဲ့ လသားအရွယ် အလောင်း မင်းသားလေးကြားပြီး သူကိုယ်တိုင် ငရဲကျခဲ့ဖူးတဲ့ ဘဝကို သတိရတယ် ငါ တိုင်းပြည်ကို အုပ်ချုပ်ရတဲ့အခါ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို သတ်နိုင်း သေခိုင်းရမယ်. . .

. . . ဒါဆိုရင် ငါဟာ ရေကို တစ်ခါပြန်ဆင်းရဦးမှာပဲလို့ သိပြီး ကျွန်လှူပ်တော်မူတယ်. . . ဒါကြောင့် လုံးဝစကား မပြောဘဲနေခဲ့တာ တစ်ဆယ့်ခြောက်နှစ်သားအရွယ်ရောက်တဲ့ အထိ. . ."

သခင်မက စိတ်ဝင်စားလွန်းသဖြင့် လက်ထဲက မုန့်ကိုပင် ဆက်မစားဖြစ်ဘဲ ဒီတိုင်းကိုင်ထားလေသည်။

"နောက်တော့ရော ဘိုးဘိုး. . ."

"နောက်တော့ စကားမပြောတတ်တဲ့ သူကို နန်းတော် ထဲမှာ မထားအပ်ဘူးဆိုပြီး တိုင်းသူပြည်သားတွေရဲ့ ဆန္ဒအတိုင်း ဘုရားလောင်း တေမိမင်းသားကို မြေမြှုပ်သတ်ဖို့ အမိန့်တော် မှတ်ခဲ့တယ်"

"ဘုရင်ကြီးက ကိုယ့်သားကိုယ် မသနားဘူးလား ဟာ ဘိုးဘိုး"

"သနားမှာပေါ့ မြေးရယ်. . . သနားပေမဲ့လည်း သားတော် လေးကို စကားပြောလာအောင် ဟ ချိုးမျိုး ဖြားယောင်း ကြိုးစား တာ. . . အဲဒီ တစ်ဆယ့်ခြောက်နှစ်လုံးလုံးပဲလေ. . .

. . . ဒါပေမဲ့ မင်းတို့ပြည်သည်မှာ ငါ့သား ငါ့မယား ရယ်လို့ ကျောသားရင်သား မခွဲခြားရဘူး. . . လုပ်သင့် သည် တာကို မငဲ့မကွက် စီရင်ရတယ် ဆုံးဖြတ်ရတယ်. . ."

"ဟုတ်ကဲ့. . . အဲဒီတော့ မင်းသားလေး သေသွားပြီ





သား ဟင်. . ."

"မသေဘူး မြေးရဲ့. . . မြေမြှုပ်သတ်ဖို့ မင်းသားလေး ကို ရထားနဲ့တင်ပြီး တောထဲခေါ်သွားတယ်. . . အဲဒီမှာ ရထားမှူးက မင်းသားလေးကိုမြှုပ်ဖို့ မြေကျင်းတူးနေတော့ မင်းသားလေးက ရထားပေါ်ကဆင်းပြီး သင်ဘာလုပ်ဖို့ ကျင်းတူး တာလဲလို့ မေးတယ်. . ."

"ဟယ်. . . စကားပြောတယ်ပေါ့. . ."

"ဟုတ်တယ်. . . ဒါပေမယ့် ရထားမှူးက သူ့တို့ ကိုယ်တော်လေးလို့ မထင်ဘူး. . . ကျွန်တော်တို့ အရှင့်သား တော်လေးကို မြေမြှုပ်သတ်ဖို့တူးတာပါ လို့မော့မကြည့်ဘဲ ဖြေတယ်. . . အဲဒီတော့ ဘာပြန်ပြောတယ်ထင်လဲ မြေး. . ."

"ဘာပြန်ပြောလဲ ဟင်. . ."

"မင်းသားလေးက ပြောတယ်. . . လူမပြောနဲ့ သစ်ပင်က သစ်ကိုင်းကိုတောင် သူ့အရိပ်ခိုပြီး အကိုင်းချိုးရင် ငရဲကျတယ် . . . မောင်မင်းက ကိုယ့်အရှင်သခင် ကျေးဇူးရှင်ရဲ့ သားကိုသတ်ပြီး ငရဲကျခံတော့မလို့လား. . . လို့ မေးတယ်. . ."

ဦးဘထူးက ချောင်းတစ်ချက် ဟန့်လိုက်ပြီးမှ. . .

"အဲဒီတော့ ရထားမှူးက မော့ကြည့်တယ်. . ."

"မင်းသားလေးက စကားပြောမှန်းသိတော့ ဝမ်းမသာ ဘူးလား ဟင်. . ."

"သာတာပေါ့ မြေးရယ်. . . သူတို့အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကို ချစ်ရှာကြတာကလား. . . မတတ်သာလို့သာ သတ်ကြရမယ့်ဥစ္စာ. . . မင်းသားလေးက စကားပြောခေ ာ် င်သာအားရ ဒူးတုပ်ပြီး နန်းတော်ဖြန်လိုက်ခဲ့ဖို့ အကြိမ်ကြိမ် ခေါ်တယ်. . .

. . . ဒါပေမယ့်မင်းသားလေးက မလိုက်တော့ဘူး. . . ကျေးဇူးရှင်ကို မပြစ်မှား မစော်ကားသင့်တဲ့ အကြောင်း ပါဏာတိပါတာ့ကံရဲ့ ကြောက်စရာကောင်းပုံ အကြောင်း ရဟားမှုးကို တရားပြဟောကြားပြီး တောထဲမှာပဲ ရသေ့ဝ နေတော့တယ်ကွယ်. . ."

"သနားပါတယ်နော်. . . ဘိုးဘိုး. . ."

"အဲဒါ သနားရမှာ မဟုတ်ဘူး မြေးရဲ့. . . အထင်ကြ လေးစားရမှာ. . . အားကျရမှာ ဒို့ဘုရားအလောင်းတော် ကျင့်ကြံနိုင်အောင် ကြိုးစားရမှာ. . . အခု ဒီဇာတ်တော်ကြီး ဘိုးဘိုးပြောပြတာ အကြောင်းရှိတယ်. . ."

ဦးဘထူးက သခင်မ မေးစေ့လေးကို လက်နှင့်အသ ပင့်မော့စေ၍. . .

"ဘိုးဘိုးရဲ့ မြေး က အခုကလေးပေမယ့်. . . ရှေ့လျှော ဘိုးဘိုးမျက်ကွယ်ပြုသွားတဲ့အခါ ရှင်သန်ဖို့အချိန်တွေ အများကြ ရှိသေးတယ်. . . အဲဒီအချိန်တွေအတွက် အခု တစ်ခါတ ဘိုးဘ ပြောထားချင်တယ်. . ."

"ပြောပါ ဘိုးဘိုး. . ."





"ဘိုးဘိုးမရှိတဲ့အခါ မြေးရဲ့ဘဝဟာ ဒို့ထက်အခ အစ်ရာဆိုးချင်လည်း ဆိုးသွားနိုင်တယ်. . . မမျှော်မှန်းနိုင် လောက်အောင် ကောင်းချင်လည်း ကောင်းသွားမှာပဲ. . . ဆိုးချင်တာက မြေး. . . ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ်. . . မောင်မင်းမကိုင်ရဲ့ ကျေးဇူးကို မမေ့ရဘူး. . ."

"ဟုတ်ကဲ့. . ."

"သူ့တင်လားဆိုတော့ မဟုတ်သေးဘူး. . . သူ့ရဲ့ ယ်တော် အစ်မ သူနဲ့ပတ်သက်တဲ့ မိသားစုတွေအပေါ်သည်း ကျေးဇူးရှင်တွေပဲလို့ သဘောထားရမယ်. . . ကိုယ့်ဘက်က ခံနိုင်သည်ဖြစ်စေ. . . မခံနိုင်သည်ဖြစ်စေ. . . သူတို့ တစ်ခုခု အကြောင်းနဲ့ ပြောမှားဆိုမှားဖြစ်လာကြရင်း မောင်မင်းမကိုင်ရဲ့ အပေါ် နားလည်နိုင်သလို သူတို့တွေကိုလည်း နားလည် ရမယ်. . . ခွင့်လွှတ်ရမယ်. . . ဒီမိသားစုကို ဘယ်တော့မှ အတိုက်အခံ မလုပ်ရဘူး. . ."

"ဘိုးဘိုးကလည်း သူတို့က ထပ်လာဦးမှာမို့လို့လား "

သခင်မက ကလေးပီပီပဲ တွေးပါသည်။

ဦးဘထူး သက်ပြင်းချ၏။

"ဘိုးဘိုးပြောခဲ့ ပြီးပြီလေ. . . မြေးရဲ့ဘဝက အရှည်ကြီး ဖြတ်သန်းရဦးမှာလို့. . . ဒီစကားတွေ မြေးအခုနားလည်မှာ မဟုတ်ဘူး. . . ဘိုးဘိုးပြောတာကိုပဲ စာကျက်သလို ခေါင်းထဲ မှာ သပ်ရိုက်မှတ်ထားစမ်း ဒီနှစ်လေးတန်းက သင်ခန်းစာကို



www.burmeseclassic.com

www.burmeseclassic.com



[illegible]မှာ ခေ့ပစ်လို့ရချင်ရှိမယ်. . . ဘိုးဘိုးပြောတဲ့ စကား[illegible] [illegible]လို့ မရဘူး. . ."

"ဟုတ်ကဲ့. . . သခင်မ မှတ်ထားပါမယ်. . ."

## အခန်း (၃)

"မျာတိတ်. . ."

"ရှင်. . . ဦး. . ."

"သာဦး ဒီကို. . ."

သခင်မက လက်ထဲက ဆုရသည့် ပစ္စည်းတွေကို [illegible]ခဲ့မလိုလုပ်ပြီးမှ ဒီတိုင်းကိုင်၍ မင်းမကိုဋ္ဌရှိရာ ပြေးလာသည်။

"ဘာဆုတွေ ရခဲ့လဲ. . ."

"အများကြီးပဲ ဦးရဲ့. . . ဗလာစာအုပ်တွေရော ရောင်စုံ[illegible]တံတွေရော. . . ပိတ်စအဖြူလေးလည်း ပါတယ်. . ."

သခင်မက တစ်မျိုးပြီးတစ်မျိုး မြှောက်ပြ၍ ကြွားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရှေ့ခုံတန်းလေးမှာ ထိုင်ရင်း မင်းမကိုင့်ရ... ပြုံးကြည့်နေသည်။

အနားမှာ သခင်မက ခွေ့ခနဲ တစ်ချက်ခုန်၍...

"ဦး..."

"ဟင်..."

"အများကြီးပဲနော်... ပျော်စရာကြီး..."

"ပစ္စည်းတွေရလို့ ပျော်တာလား... ပထမရလို့ ပျော်... လား"

"နှစ်ခုလုံးပေါ့ဦးရဲ့... ပထမရလို့ ဒါတွေရတာပေါ့... သခင်မလေ အဲဒီလိုတော်အောင် ကြိုးစားချင်ခဲ့တာ... ဒါပေမ... မဖြစ်ခဲ့ဘူး... အခု ဦးသင်ပေးလို့ သခင်မ ပထမရတာ... ဘိုးဘိုးကပြောတယ်... ဦးကို ကန်တော့ရမယ်တဲ့ သခ... ကန်တော့မယ်နော်..."

ဆုယူဖို့ ဝတ်ထားသည့် ပခုံးချိုက် ကြိုးသိုင်းစက... အစိမ်းဝဲဝဲလေးနှင့် သခင်မက ဒိတိုင်းထိုင်ချလိုက်ဖို့ ပြင်သည်...

မင်းမကိုင့်က သခင်မ လက်မောင်းလေးကို ဆွဲထ... လိုက်၏။

"မလုပ်နဲ့... မဟုတ်တာလေးကို လာ... ဒီမှ... တိုင်စမ်း"

သခင်မကို အနားမှာထိုင်ခိုင်းကာ ကိုင်ထားသည့် စီးကရ... ကို နှုတ်ခမ်းမှာတေ့၍ ရှိုက်လိုက်သေးသည်။





ခပ်ဖွဖွမှုတ်ထုတ်လိုက်သည့် စီးကရက် အခိုးဖြူဖြူလေး... လေထဲမှာဝေ့ဝဲကာ သခင်မ မျက်နှာလေးထိ ရိုက်ခတ်... ၏။

အဲဒီ စီးကရက်နံ့လေးကို သခင်မနှစ်ခြိုက်တတ်နေပြီ။

"ညည်း ဘာဆုထပ်လိုချင်လဲ..."

မထင်မှတ်ဘဲ ကြားလိုက်ရသည့် မေးခွန်းကြောင့် သခင်မ ...သည်အံ့ဩ ဝမ်းလည်းသာ။

"ဦးက ပေးမှာလား..."

"အင်း..."

တန်းလျားလေးရဲ့ နောက်မှီမှာ တံတောင်တစ်ဖက်ကို ...တ်ပြန်ဖေးတင်၍ သခင်မမျက်နှာကို ခပ်စောင်းစောင်း ...ကြည့်တဲ့မျက်ဝန်း များကို သခင်မ ငေးကြည့်လျက် မြင်ရခဲသော ...မကိုင့်ဆီက နူးညံ့ခြင်းကို နှမြောတသစွာ။

"ဟော့... ပြောလေ..."

"သခင်မ ပြောရင် ဦးက စိတ်ဆိုးမှာလား..."

စိတ်ပင်စားသွားသည့်ပုံနှင့် မင်းမကိုင့်က မျက်နှာကို ...တည့်မတ်၍ စိုက်ကြည့်သည်။

"ပြောလေ... ဘာပြောမှာလဲ..."

"ဟို... ဦးဆီမှာ ကျန်ခဲ့တဲ့ မှန်လေးတစ်ခြမ်း သခင်မ ...ချင်တယ်..."

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com



မင်းမကိုင်ရှ် မျက်မှောင်ကုတ်သွားလျှင် သခင်မ ဆက်ပြောရတော့ပါ။

"ဘယ်မှန် တစ်ခြမ်းလဲ..."

"ဦး... သခင်မကို ဖွဲ့ပေးလိုက်တဲ့ အသည်းပုံ မှန်လေးလေ"

မင်းမကိုင်ရှ် ဖျတ်ခနဲသတိရသွားသည်။

အဲဒီတုန်းကတည်းက မှန်လေးနှစ်ချပ်ကို သူဖွဲ့ပစ်လိုက်တော့ သခင်မ 'အမလေး' ဟု ထအော်လိုက်တာကို မှတ်မိနေပါသေးသည်။

ကလေးပီပီလှတာလေးကို ပျက်စီးသွားတဲ့အတွက် အစွဲအလမ်း ကြီးနေရှာတာဖြစ်မည်။

"အဲဒီ အပုံ့နှစ်ခုက ဆက်လို့မှ မရတော့ဘဲ... ညည်း ဘာလုပ်မှာလဲ..."

"ဆက်ရရ မရရ သခင်မ လိုချင်လို့ပါ..."

"အသစ်ဝယ်ပေးမယ်..."

"ဟင့်အင်း... အဲဒါလေးပဲ ပေးပါ..."

"ဒါရရင် ဘာဆုမှ မယူတော့ဘူးပေါ့..."

"ဟုတ်ကဲ့..."

မင်းမကိုင်ရှ် ပြုံးလိုက်သည်။

"ပြီးတော့ သွားရှာပေးမယ်... ဒို့မြင် ဆုလည်းပေး မယ်"

"ခွမ်း... ဘာပေးမှာလဲ..."





သခင်မ မျက်နှာလေး ဝင်းလက်လာပြန်သည်။

ဒါနဲ့များဟု ပြောလိုက်ချင်ပေမယ့် မပြောဖြစ်...

"သမ္ဘာခုံမှာ ရုပ်ရှင်လိုက်ပြမယ်... ဟိုတယ်လ်မှာ မုန့်စားမယ်... လိုချင်တာလည်း ဝယ်ပေးမယ်..."

"ဟယ်..."

သခင်မ ထခုန်လေသည်။

လက်ခုပ်လေးတီး၍ ဘိုးအေဖြစ်သူကို လှည့်ပတ်ရှာ၏။

မတွေ့တော့မှ ဒီဘက် ပြန်လှည့်ကာ...

"ဘယ်တော့လဲ ဟင်... ဦး..."

မင်းမကိုင်ရှ်က လက်ကနာရီကို ကြည့်လိုက်ပြီး...

"ရေသွားချိုးတော့ လှလှလေး ဝတ်ထား... မုန့်စားခဲ့နဲ့နော်..."

"ဟုတ်..."

သွားတော့ဟု မေးဆတ်ပြလိုက်သည်နှင့် သခင်မ ထွက်သွားလေသည်။

မင်းမကိုင်ရှ် စီးကရက်ကို ဆက်လက်ရှိုက်ဖွာနေဆဲ ဦးဘထူး ထွက်လာသည်။

"သခင်လေး... အပြင်ထွက်မလို့ဆို..."

"ဟုတ်တယ် ဘဘ... ကလေးကို ရုပ်ရှင်လိုက်ပြမလို့"

"ဘဘ... ဆိုင်ကယ် ထုတ်ပေးထားမယ်နော်..."

"ဟုတ်ကဲ့..."



www.burmeseclassic.com

www.burmeseclassic.com



[illegible]တို့ ဘယ်တော့မှ ကားမမောင်းတာ ဦးဘထူးက [illegible]. . .

ဒါကြောင့် ဒီခြံထဲမှာတောင် ဆိုင်ကယ်တစ်စီးပဲထား၍ [illegible]ပြတ်ရှင် ထားပေးသည့် ကားကို ပြန်ပို့ပေးပစ်ခဲ့သည်။

ဒရိုင်ဘာ မောင်းတဲ့ကားကိုလည်း မစီးချင်။

ကိုယ်တိုင် မောင်းဖို့လည်း စိတ်မဝင်စားတဲ့ မင်းမကိုင်ရဲက ကားမောင်းတတ်ခဲ့ပါသတဲ့. . .

ဝတ်ထားတာလေးကတော့ ရွှေဝါရောင် ဂါဝန်ဖားဖား [illegible] ဆံပင်လေးတွေနှင့် လိုက်ဖက်နေပါရဲ့. . .

မျက်နှာမှာက သနပ်ခါးဘေးကြား. . .

အိမ်နေရင်းလိမ်းတဲ့ ပါးကွက်ကလေးနှစ်ဘက်က [illegible]သေးသည်။

အပြင်သွားပါမယ်ဆိုမှ ဒါတမင်လှအောင် ခြယ်လာ တဲ့ပုံပဲ [illegible]

မင်းမကိုင်ရဲ့ မျက်မှောင်ကြုတ်သွားတာမြင်လျှင် ဦးဘထူး [illegible]ကိုဖျတ်ခနဲလှမ်းကြည့်၏။

ဟုတ်ပါရဲ့. . .

တံခါးဝမှာ ပြုံးပြုံးလေးရပ်နေတဲ့ သခင်မ မျက်နှာက [illegible]အသစ်ဝတ်ထားလို့ သူ့ကို လှလို့ဝိုင်းခေးနေပြီ အားသင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပိတိတွေဖြာ နေတဲ့ပုံ . . .

မျက်နှာတစ်ပြင်လုံး သနပ်ခါးကြောင်းတွေ ရှပ်ယှက်ခတ်လို့ . . .

"ချာတိတ် . . . ဆင်းခဲ့စမ်း ဒီကို . . ."

မင်းမကိုင်၏အသံ အခြေအနေ မဟန်တော့မှ သခင်မ မျက်နှာလေးပျက်၍ ဆင်းလာသည်။

"မျက်နှာက ဘယ်လိုလုပ်ထားတာလဲ . . . မှန်မကြည့်ခဲ့ဘူးလား"

"ကြည့်ခဲ့ပါတယ် ဦးရဲ့ . . . ရုပ်ရှင်လည်း ကြည့်မယ် . . . မုန့်လည်း စားရမယ်ဆိုတော့ ပျော်ကုန်မှာစိုးလို့ ကြာကြာခံအောင် လိမ်းလာတာ . . ."

ဦးဘထူးက ပြုံးသည်။

မင်းမကိုင်က မပြုံးနိုင်မရယ်နိုင်နှင့် သခင်မ မျက်နှာလေးကို ဆွဲမော့၍ သူ့လက်ကိုင်ပုဝါထုတ်ယူပြီး မျက်နှာပေါ်က သနပ်ခါးတွေကို ဖိပွတ်ဖျက်ပစ်လိုက်သည်။

နုနယ်သော သခင်မ မျက်နှာလေး နီရဲညိုပုတ်သွားလေသည်။

"ဦး . . ."

သနပ်ခါးတွေကုန်ပြီ ဆိုသော အတွေးနှင့် မျက်နှာလေးလည်း နာကျင်လာကာ သခင်မအရဲစွန့်၍ ခေါ်သည်။

"ဦးမနေနဲ့ . . . လာ သွားမယ် . . ."





သခင်မ ဆိုင်ကယ်ပေါ်ကို အခက်အခဲများစွာနှင့် ရောက်လာသည်။

"ခါးကို ဖက်ထားနော် . . . ပြုတ်ကျမယ် . . ."

"ဟုတ် . . ."

ဆိုင်ကယ်က ဝေါခနဲ ထွက်လျှင် သခင်မ ရင်ထဲမှာ အေးခနဲဖြစ်ကာ တစ်ကိုယ်လုံးလေထဲမှာ လွင့်တက်သွားသည့် နှယ်။

မင်းမကိုင်၏ ခါးကို အသားကုန်ဖက်၍ မျက်စိကို မှိတ်ထားလိုက်မိတာ တစ်လမ်းလုံး ဘာမှန်းမှမသိ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရုံထဲဝင်တော့ ဝယ်ပေးထားတဲ့ မုန့်တွေ တစ်ထုပ်ကြီးကို ဘယ်မုန့်ကို စစားရမှန်း မသိတွေးနေမိဆဲ။

"မကိုင်နဲ့ ကိုမကိုင်ရ မဟုတ်လား ဟင်..."

သခင်မရဲ့ မျက်လုံးလေးတွေက မုန့်ထုပ်များဆီမှ ခွာ၍ အသံကြားတဲ့ဆီ ရောက်သွားသေးသည်။

"ဩော်...ဂရင်းပါလား...ရုပ်ရှင်လာကြည့်တာ လား"

"ဟုတ်တယ်...ဘုရင်္ဂါလည်းပါတယ်...ဟိုမှာ"

လှမ်းလိုက်တာ...

ဘုရင်္ဂါဆိုတဲ့ အနှိတ်က အလှဆုံးဟုထင်သည်။

ခပ်မှောင်မှောင် အဆင့်နှုပ်လေးတွေပါသော ခပ်ကြပ်ကြပ်တတ်စုံနှင့် ဆံပင်က ပခုံးအောက်သာသာကို အဖျားလေးတွေက



www.burmeseclassic.com

www.burmeseclassic.com



အတွန့်အစက်လေးတွေ လှိုင်းထ၍ ကြည့်ကောင်းလှသည်။

မြင့်သောအရပ်သည် ဦးရဲ့ ပခုံးလောက်ထိ မှီနေ၏။

ဘုရားကြီး အားလုံးရဲ့ရှေ့ကို ရောက်လာလျှင် မင်းမကိုင်ရှ်ကို ခပ်ဆွေးဆွေးလေး ပြုံးကြည့်ကာ...

"ပျောက်နေလိုက်တာ မကိုင်ရှ်ရယ်... မကိုင်ရှ် ပြန်ရောက်နေပြီလားလို့ အိမ်ကို အောခအောသွားရတာလည်း အမောပဲ... မကိုင်ရှ်က ပန်းပင်တွေ စိုက်လို့ဆို..."

"အင်း..."

"ဘယ်မှာလဲ... ဘုရားကြီးတို့ လာလို့မရဘူးလားဟင်"

"ရပါတယ်... ဒါပေမယ့် ဝေးတယ်... လှုပြတ်တယ် ...မိန်းကလေးတွေလာလို့ သိပ်မကောင်းဘူး..."

"ဟော... ရှုပ်ရှင်ပြတော့မယ်..."

ဂုရင်းက လော်လော်လေးဆိုသည်။

"မကိုင်ရှ်က ဘယ်အတန်းမှာလဲ... လက်မှတ်ပြပါဦး"

တိုက်တိုက်ဆိုင်ဆိုင် ခုံချင်းက တစ်ဆက်တည်း။

အိစက်ညက်ညောနေသည့် ဆိုဖာပေါ်မှာ စွေ့စွေ့ ထိုင်ချကာ သခင်မ သဘောကျနေသည်။

မီးမှိတ်သွားပြီမို့ ဘယ်မုန့် အရင်စားရမလဲဟု မမြင်မစမ်း ရွေးနေဆဲ ရှုပ်ရှင်ပြတာတောင် သခင်မ မော့မကြည့်ဖြစ်... ။

"ဟိုကလေးက ဘယ်က ကလေးလဲ မကိုင်ရှ်..."

"ဘဘထူးရဲ့ မြေးလေ... ကိုယ်ခေါ်လာတာ..."





ဘုရားကြီးက မင်းမကိုင်ရှ်နှင့်ကပ်လျက်ထိုင်၍ နေကြာစေ့ကို တဖျောက်ဖျောက်စားနေလျှင် သခင်မ မသိမသာ ကုန်းကြည့်လိုက်မိသည်။

လက်ထဲမှာက နေကြာစေ့ ထုပ်ဖောက်ပြီးသားနှင့်...

အဲဒီ အန်တီလို သခင်မ နေကြာစေ့ ခွာတတ်ချင်ပါဘိ။

နေကြာစေ့ကို အံသွားလေးထဲမှာ ထည့်မိ... တအားမချလိုက်တော့ ကြေမွသွားကာ အထဲကအစေ့ကို ဘယ်လို ဖြရှာရှာ မတွေ့တော့သည်မို့ လွှင့်ပစ်။

နောက်တစ်စေ့ကို ခပ်ထိန်းထိန်းလေး ဖိကိုက်ကာ ပြန်ထုတ်၍ လက်နှစ်ဖက်နှင့်ခွာ အစေ့ထွက်လာတော့လည်း လက်ထဲက ငွတ်ကျသွားတော့ သခင်မ ဂါဝန်လေးပေါ်မှာ ဟိုစမ်း ဒီစမ်းလိုက်ရှာရင်း ရုပ်ရှင် မကြည့်အားတော့ပေ။

သခင်မ ဖြစ်ပျက်နေတာတွေကို ဘယ်တုန်းကတည်းက မြင်နေသည် မသိသော မင်းမကိုင်ရှ်က သခင်မလက်ထဲက နေကြာစေ့ထုပ်ကို ဆွဲယူသွားသည်။

တအံ့တဩလေး မော့ကြည့်လိုက်ပြီးမှ သခင်မ ဒီးထုပ်ပဲ စားတော့မယ်လို့ ဆုံးဖြတ်၍ ကိုက်ဖောက်နေဆဲ မင်းမကိုင်ရှ်က သခင်မ လက်ဖဝါးလေးကို ဆွဲဖြန့်၍ အစေ့သေးသေးလေးတွေ ထည့်ပေး၏။

နေကြာစေ့ငေ့...

သခင်မ ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတျှ မင်းမကိုင်ရှိက အဆက်မပြတ် ထည့်ပေးသမျှ အဆင်သင့်လေး ကောက်စားကာ ရုပ်ရှင်ကြည့်ရင်း ဖိမ်ကျနေသောသည်။

ဘရဏီ မျက်မှောင်လေး ကုတ်သွားဗျ။

မင်းမကိုင်ရှိတို့က အဲလို တလွဲ ဆံပင်ကောင်းကာ. . .

တကယ်ဆို လူကြီးချင်းလည်း မွေးမမြှသျိုးသာ။

ဘရဏီလည်း အနားမှာ နေကြာစေ့စားနေပါလျက် ဘာမဟုတ်တဲ့ ကလေးကိုမှ သင့်တော်တော် မတော်တော် ဒေါသဖြစ်တာပဲ။

ကိုယ်ချစ်တဲ့သူက ကိုယ့်ကိုမနမ်းဘဲ ပန်းကလေးတစ်ပွင့်ကို ငုံ့နမ်းလိုက်တာတောင် အဲဒီပန်းကို မနာလိုဖြစ်ကြသေးတာ

ချစ်သူ ပွေ့ပိုက်သွားတဲ့အရာဟာ ခွေးကလေး ဖြစ်ပါစေ

ကိုယ် ခွေးကလေး ဖြစ်လိုက်ချင်သည်။

ချစ်တဲ့သူတိုင်း သဝန်တိုတတ်ကြတာပဲ. . .

ဘရဏီ ဒေါသတွေ ဖြစ်နေမိပြီ။

မကိုင်ရှိနဲ့ကိုယ်က ငယ်သူငယ်ချင်း ဂုဏ်ရည်တူ ကိုယ်ချစ်တဲ့သူ။

မိဘတွေက အတူသွားလာ ခွင့်ပြုထားသလို ကျောင်းသွား ကျောင်းပြန် အတူတူ။

ရုပ်ရှင်အတူ ကြည့်ဖြစ်ကြတာလည်း မကြာခဏ. . .

ကိုယ်စားဖို့ဆိုတာ ဝေလာဝေး။





ဒါပေမယ့် နဂိုကတည်းက ခပ်တည်တည် မှန်မှန်နေတတ်တဲ့ မကိုင်ရှိကို နားလည်ပေးခဲ့သည်။

မကိုင်ရှိသည် မြင့်မားထွားကျိုင်းသော အရပ်အမောင်းနှင့် စွဲလမ်း မြတ်နိုးဖွယ်ကောင်းသော ရုပ်ရည်ရှိသလို တမင်ဖန်ငံ၊ ယူရတာမျိုး မဟုတ်ဘဲ မျက်ဝန်းနှင့်နှုတ်ခမ်းတို့က ဆွဲညို့ခြင်း အပြည့်ရှိသည်။

ဒီနေ့အချိန်ထိ ဘရဏီ မကိုင်ရှိကလွဲ၍ ဘယ်ယောကျ်ား ကိုမှ စိတ်ညွှတ်ခြင်း မရှိခဲ့ပေ။

မည်သည့် ယောကျ်ားမဆို မကိုင်ရှိလိုမျိုး မျက်လုံးထဲမှာ အဆင်ပြေ ချောမွေ့ခြင်း မရှိ။

မကိုင်ရှိကတော့ ဘရဏီမှ မဟုတ်ဘဲ ဘယ်မိန်းမကိုမှ တုန်တုန်လှုပ်လှုပ် ခံစားရပုံ မပြပေ။

သူ့နားမှာ လိုက်လိုက်လျောလျောလေးတွေ အထာပေး ကြွေချင်နေတဲ့ အချောအလှလေးတွေ ရှိနေတာကိုလည်း ဂရုမစိုက်။

ကျောင်းတွေသာ ပြီးသွားခဲ့သည်။

အားလုံးလည်း ထင်ထားခဲ့ကြသော ဘရဏီ ကိုယ်တိုင်လည်း မျှော်လင့်နေခဲ့သော မကိုင်ရှိနဲ့ဘရဏီ ချစ်သူဖြစ်ခွင့် မရခဲ့ပါ။

ဘရဏီက ဆရာဝန်ဖြစ်ပြီး အေးအေးဆေးဆေး ထိုင်နေတဲ့အချိန်မှာ မကိုင်ရှိကတော့ နိုင်ငံခြားထိတက်၍ ဘွဲ့တွေ ယူလိုက်သေးသည်။

နောက်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"သားငယ်ကတော့ ဆေးမကုရဘူးဆိုလို့... ရွက်လွှင့်သွားပြီ သမီးရေ..."

ဆိုတဲ့ သတင်းကို အန်တီစက်ဆီက ကြားခဲ့ရသည်။

ဒေါ်စက်မြတ်ရှင်က ဘဝမှာဂုဏ်ရှိဖို့ ဆရာဝန်ဆိုတဲ့ဘွဲ့ကို ပြယုဂ်တစ်ခုအဖြစ်သာ ယူစေချင်ပေမယ့် လူပေါင်းစုံ ရောဂါပေါင်းစုံ ထိတွေ့ကိုင်တွယ်ရမှာမို့ တကယ်လုပ်ဖို့ကို လုံးဝခွင့်မပြုပေ။

"ဟိတ်... ချာတိတ်... ထစမ်း... ရုပ်ရှင်ပြီး သွားပြီ"

ဖျတ်ခနဲ မီးလင်းလာမှ ဘရဏီ သတိဝင်လာသည်။ မင်းမကိုင်ရှ်က ကလေးမလေးကို လှုပ်နိုးနေ၏။

"ဟင်,...ဦး..."

ကောင်မလေးက ပြူးပြူးပြဲပြဲလေး ခေါင်းထောင်လာ၍ ချက်ချင်းထရပ်လိုက်သည်။

"မကိုင်ရှ် တစ်ခါတည်း ပြန်မှာလားဟင်...ပြန်မှာဆို ဘရဏီတို့ လိုက်ချင်လို့..."

"မပြန်သေးဘူး..ကလေးကို လျှောက်ရှာည်ခိုင်းမလို့"

မလိုက်စေချင်တာလည်း သိသာနေတာကြောင့် ဘရဏီ မျက်နှာလေးပျက်သွားသည်။

အိပ်မှုံစုံဝါးနှင့် မျက်နှာလေးတွေ ဖောင်းအစ်နေသည် ဆံပင်နီနီနဲ့ ကောင်မလေးကို တစ်ချက်စိုက်ကြည့်ကာ ခေါင်းညိတ်၏။

"ဒါဆို နောက်မှပေါ့...ဘရဏီတို့ သွားမယ်..."





"အင်း..."

သူတို့နှင့် ကွယ်ရာသို့ရောက်လျှင် ဂရင်းက အနားကို ကပ်၍

"နင့်မကိုင်ရှ်က မဟာန်ပါဘူးဟာ....နင် သူ့ကိုသာ မျှော်လင့်နေရင် အရိုးသာဆွေးသွားမယ်...ယောကျ်ားရမှာ မဟုတ်ဘူး..." တဲ့

ပြောတဲ့လူက လွန်သလား..

www.burmeseclassic.com

www.burmeseclassic.com

မှန်တွေ ကာရံထားတဲ့ သားသားနားနား တိုက်ကြီးက
သခင်မ ဇက်ကျိုးမတတ် မော့ကြည့်ရလေသည်။

အဲဒါ 'ဆီဒိုးနား' ဟိုတယ်တဲ့. . .

စားစရာတွေ တပုံတပင်ကြီး ရောက်လာပေမယ့် သခင်မ ပါးစပ်ထဲ ဘယ်လိုပုံစံ ဝင်သွားမှန်းမသိ။

ဇွန်းကို ဘယ်လိုကိုင် ခပ်ရင်းကို ဘယ်လိုထိန်း ပါးစပ်ကို ဘယ်လို ဘယ်လောက်ပဲ ဟ. . .

မင်းမကိုဋ္ဌက စိတ်တိုင်းမကျမချင်း သင်နေသည်။

"ဘာဖြစ်လို့ ဇွန်းနဲ့ပန်းကန် အသံမြည်အောင် ခြစ်နေတာလဲ"

"အသားတုံးကို ခပ်ရင်းနဲ့ထောက်. . . ဟုတ်ပြီ. . . ပါးစပ်ထဲကို နှုတ်ခမ်းဖျားရောက်ရုံပဲထည့်ပြီး အသားတုံးကို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းနှဲ့ညှပ်ယူ. . . ခပ်ရင့်နဲ့ သွားနဲ့မခြစ်မိစေနဲ့. . ."

စားလို့ပြီးသွားတော့ ဗိုက်ထဲမှာ ပူတင်းဖောင်းကားနေလျှက် သခင်မချွေးပြန်နေပြီ။

သင်ရင်း ကျွေးရင်းသတိမထားမိဘဲ ပြည့်ကယ်နေသော ဗိုက်တာ ရေပင်သောက်လို့ မရတော့။

ဗိုလ်ချုပ်ဈေးဆိုတာရဲ့ အပေါ်ထပ်ကိုတက်တော့ သခင်မကို မင်းမကိုင်ရဲ့ ဆွဲတင်ရတဲ့ အဖြစ်။

"ဦး. . . မပြန်ရသေးဘူးလား ဟင်. . ."

မရဲတရဲလေး မေးမိ၏။

အိမ်ပြန် အိပ်ယာထဲ ပြေးခွေချင်လှပါပြီ။

"အင်္ကျီတွေ ဝယ်ပေးမယ်လေ. . . ညည်း ဝတ်တာတွေက ပုံမကျပါဘူးကွာ. . ."

အမလေး ဝယ်ပေးတာတွေပွေ့ပိုက်ပြီး ဒီပေါ်က ပြန်ဆင်းရဦးမှာပါလား. . .

တင်းကယ်နေတဲ့ ဗိုက်ကဒုက္ခပေး၍ သခင်မ ဘာပစ္စည်းမှုကို တပ်မက်စိတ် မရှိတော့တာ ဖြစ်သည်။

မင်းမကိုင်ရှိက သခင်မ မျက်နှာလေးပေါ်မှာ ဖြစ်နေသမျှကို သိနေသည့်အလား ဝယ်သမျှ အထုပ်တွေကို သူပဲ ဆွဲကိုင်၍ သခင်မကို မပေးပါ။

ရွှေဆိုင်ရှေ့မှရပ်၍ သခင်မ လက်ကလေးကိုဆွဲကာ လက်စွပ်တွေ တစ်ကွင်းပြီး တစ်ကွင်း စွပ်ကြည့်နေသည်။





ထူထူလှလှလေးတွေနှင့် တစ်ကွင်းမှ မတော်ဘဲ နောက်ဆုံးသားမှုန်သော ကျောက်ဖြူဖြူလေး သုံးလုံးမြှုပ်ထားသည့် ခပ်ပါးပါးကွင်းလေးကျမှ သခင်မ လက်ချောင်းလေးမှာ နေသားကျသွားသည်။

သုံးသောင်းအတိကျပါတယ်. . . ရှင်" တဲ့. . .

ဒါလေး ပါးပါးလေးကို. . .

ကိုယ့်လက်ကို ပြန်ဖြန့်ကြည့်ကာ သခင်မ မျက်ခွံတွေလေးနေတာပင် ပြုံးကျယ်သွားရတဲ့ အဖြစ်။

"ကစားကွင်းတွေ သွားဦးမလား. . ."

သခင်မ ခေါင်းခါတာကိုကြည့်၍ မင်းမကိုင်ရှိ ပြုံးလိုက်သည်။

"နောက်မထွက်ရဘူးနော်. . . တစ်နှစ်ကို တစ်ခါပဲထွက်ရမှာ ခုလို အမြဲပထမရအောင် ကြိုးစားရမယ်. . ."

"ဟုတ်ကဲ့. . ."

အပြန်ကျတော့ ဆိုင်ကယ်ကို လှိမ့်ရုံလေး လှိမ့်သည်မို့ဆိုင်နာနာဖက်ထားမိပေမယ့် သခင်မ ရန်ကုန်မြို့ရဲ့ လှပခြင်းများကို ငေးမောခွင့်ရခဲ့ပါလေသည်။

ဒါဆို သမ္မတရုံမှာ ဆိုင်ကယ်ရပ်ခါတကလို သခင်မအသားတွေ အေးစက်ဒူးတုန် ရှမ်းချင်းရိုက်ရတဲ့ အဖြစ်မျိုးဆိုက်ရောက်ရင် မဖြစ်တော့မှာ သေချာပြီ။

သခင်မအပေါ် မင်းမကိုင်ရှိက အစစအရာရာ သတိထား



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူ ဖွေးဖွေးတတ်တာ အဲဒီကတည်းက. . .
ဪ. . . သံယောဇဉ်ဆိုတာ. . .

❀ ❀ ❀

## အခန်း (၄)

"လှလိုက်တဲ့ ကောင်မလေး မယ်မယ်ရယ်. . . မဒီဖြင့် ပြီရောပဲ. . . ခုနှစ်တန်းသာဆိုတယ် ဒီ့ရုပ်က မြင့်မြင့်နဲ့ သွားကျစ်ကျစ်လေး. . . ခုခေတ် မိုဒယ် ကိုယ်လုံးမျိုး သေးညှပ် ညှပ်မျောမျောကြီးတွေ မဟုတ်ဘူး. . . တောင့်တောင့်ဖြောင့် ဖြောင့် ရေစင်းငါးလေးလိုပဲ"

သမီးဖြစ်သူမျက်နှာကို ဒေါ်စက်မြတ်ရှင်က စူးစိုက် ကြည့်နေသည်။

"သမီးကြီးက ဘယ်မှာမြင်ခဲ့တာလဲ. . ."

"မဒီတို့ စားနေကျ ဟော့ပေါ့စီးတီးမှာ. . . မောင်ခမောင်နဲ့ ကောင်မလေး အတူစားနေကြတာ. . . ဆံပင်လေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



သဘာဝရဲ့နေတာလေးက ပြောင်လက်နေအိနေတာပဲ ပါးမို့လေးတွေ ရဲ့စိုပြီး ငေးကြည့်နေအောင်လှတာ. . . အဲဒါ ဘယ်လိုလုပ်ကြမလဲ"

ခင်မဒီရဲ့ အဖျားသတ်စကားကြောင့် ဒေါ်စက်မြတ်ရှင်က နားမလည်သလို ကြည့်နေသည်။

"ဒီကောင်မလေး ရှေ့လျှောက် အပျိုဖြစ်လာရင် မယ်မယ့်သားနဲ့ ဘယ်လိုလုပ်မလဲ. . ."

ဒေါ်စက်မြတ်ရှင် အသံတိတ်နေသည်။

"ငယ်ငယ်ကတည်းက 'သခင်မ' ဆိုတဲ့ နာမည်နဲ့ ဒီကောင်မလေးကို မဒီကြည့်မရတာ. . . ဒါကြောင့် မောင်မောင့်ဆီတောင် မသွားဘူး. . . မောင်မောင် အိမ်လာလည်း အဲဒီကောင်မလေးအကြောင်းပဲမှာစိုးလို့ နားပဲပိတ်ထား ရမတတ်"

ခင်မဒီက လှတယ်လည်းပြော၍ မောင်လုပ်သူအတွက်လည်း စိုးရိမ်တကြီးဖြစ်နေတော့သည်။

"ဒီကောင်မလေး ဒီလိုရုပ်သွင်မျိုး ထွက်လာလိမ့်မယ်လို့ လုံးဝကို မထင်ခဲ့တာ. . . မြင်လိုက်တော့ ကိုယ့်ရင်ဘတ်ကိုယ်တောင်ဖိမိတယ် မဒီ သက်တမ်းတစ်လျှောက် အဲဒီလောက် လှတဲ့ရုပ်မျိုး ဘယ်သူနဲ့တူပါတယ်လို့ လက်ညှိုးထိုးပြလောက်အောင်ကို မမြင်ခဲ့ဖူးဘူး. . ."

"သမီးကြီးက ကောင်မလေးလှတာ မြင်မှစိုးရိမ်တာပါကွယ်. . မယ်မယ်က ကလေးကို စမွေးကတည်းက စိတ်ဆင့်ခဲ့တာ. . . ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေးက အတက်





တယ်. . ယောက်ျားလေးက အရွယ်တင်တယ်. . ယောက်ျား မိန်းမပုခက်တွင်းဆိုတဲ့စကားပုံလည်းရှိခဲ့တယ်. . ."

ခင်မဒီက လက်သည်းဆိုးဆေး ပုလင်းကို အဖုံးပြန်ပိတ်သည်။

"မဒီကတော့ သူဘယ်လောက်ချောချော. . . ကိုယ့်က ဒရိုင်ဘာရဲ့မြေးနဲ့ မောင်မောင်ကို လုံးဝနီးစပ်မခံနိုင်ဘူးယ်. . . ခုကတည်းက ကောင်မလေးကို. . ."

ဒေါ်စက်မြတ်ရှင်က ဒရင်းဘတ်ပေါ်ကထရင်း လက်ကာတ်သည်မို့ ခင်မဒီ စကားမဆက်နိုင်။

"ချစ်မှုချစ်ရာက သိပ်ကိုနူးညံ့တယ် သမီး နေရာတကာ ကြမ်းကြီးနဲ့ပုတ်ချဖို့ ကြိုးစားလို့မရဘူး၊ ခုပဲ သားငယ်လေး ဆင်းရဲမှာစိုးလို့ သူနေချင်သလို နေခွင့်ပေးထားခဲ့ရတာ နှစ်နှစ်ရှိပြီလဲ. . . ဒီလိုလူမျိုးကို အကြမ်းဖက်လို့မရဘူး တမှ သားငယ်ကိုသတိရလို့ ပြေးကြည့်ခွင့်ရှိသေးတယ် နောက် ဝေးဝေး ထွက်သွားရင် မယ်မယ် ရင်ကျိုးမှာ. . ."

"ဒါဆို မယ်မယ်က ဒီမိန်းကလေးနဲ့. . . ဒီတိုင်းပဲ းတော့မှာလား. . ."

ဒေါ်စက်မြတ်ရှင်က ခေါင်းခါသည်။

"ဘယ်ထားမလဲ. . . ဒီကိစ္စ မယ်မယ်အားလုံး ာင်းဆုံးဖြစ်အောင် စီစဉ်မယ်. . . ချက်ချင်းဆုံးဖြတ် ်လုပ်လို့ မရဘူး သမီးကြီး. . . မြွေမသေ တုတ်မကျိုးမှ



www.burmeseclassic.com

www.burmeseclassic.com

ဥခ်

ဖြစ်မယ်

သျှင်မ

❀ ❀ ❀

"ဘဘ. . . နေကောင်းသွားပြီလား. . ."

မင်းမကိုဋ် ဝင်လာတာမြင်လျှင် ဦးဘထူးက အိပ်ယာ ပေါ်မှာ လှဲနေရာမှ ထထိုင်လိုက်သည်။

"သက်သာသွားပါပြီ သခင်လေးရယ်. . . မနေ့က မင်းဆိငါးရာ တစ်ထိုင်တည်းဖြတ်ပြီး ခါးညောင်းသွားလိုက်တာ နဲ့. . . ဘယ်လိုအဖျားဝင်သွားမှန်း မသိတာ. . . သခင်လေး ပေးတဲ့ဆေးသောက်ပြီး အိပ်လိုက်တာ သက်သာသွားတယ်. . . မနက်တော့ ပျောက်သွားပါပြီ. . ."

ဦးဘထူးက စကားပြောနေရင်း အတွင်းဘက်ကို တစ်ချက်လှမ်းကြည့်ကာ. . .

"မြေးတော့ တတိယပတ်မှာ အဆင့်နှစ်ရလာလို့ သခင်လေးကိုတွေ့ရမှာ ကြောက်နေလေရဲ့. . ."

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းမကိုင်ရဲ့ အထဲကို ခပ်တည်တည် မျက်နှာ
လှမ်းကြည့်၍ . . .

"သခင်မ . . ."

"ရှင် . . ."

"လိုက်ခဲ့စမ်း . . ."

မင်းမကိုင်ရဲ့ ဆင်းထွက်သွားလျှင် သခင်မ မဲ့တဲ့တဲ့
ထွက်လာ၏။

ဦးဘထူးက ပြုံးနေသည်။

"မြေးက ပေါ့တာကိုး . . ." တဲ့

သခင်မ ပေါ့တာ မဟုတ်ပါ။

လက်မှားခြေမှား အဆင့်တစ်နဲ့ တစ်မှတ်တ
ကွာသွားခြင်းဖြစ်သည်။

"ဘာ . . . အာလက်မှား ခြေမှားလည်း လက်မှားဖို့
မလိုဘူး . . . ခြေမှားစရာလည်း မရှိဘူး . . . ခေါင်းထဲ
မှတ်ထားသမျှ ချရေးရတာ . . . ဦးနှောက်နဲ့ လက်နဲ့ တစ်
တည်းရှိနေရမယ်လို့ ညည်းကို ငါခဏခဏပြောခဲ့တယ် . . .

. . . မှားတယ်ဆိုတာ မသိလို့မှားတဲ့ အမှားရှိ
. . . သတိလစ်လို့ မှားတဲ့ အမှားရှိတယ် . . . ဒီ
သတိလစ်လို့မှားတာကို ငါလုံးဝခွင့်မလွှတ်ဘူး . . . လူ
ယောက်ရဲ့ တိုးတက်ခြင်း ဆုတ်ယုတ်ခြင်းက အဓိက က သ
. . . သတိမရှိတဲ့လူဟာ ဘယ်တော့မှ မတိုးတက်ဘူး မှတ်





မင်းမကိုင်ရဲ့ ဒေါသတွေ ထွက်နေသည်။

သခင်မ လက်ကလေး ပိုက်လျက် ခေါင်းငုံ့နေ၏။

"ဘာလဲ . . . ညည်းခေါင်းထဲမှာ နှုတ်ခမ်းနီဆိုးဖို့
မိတ်ကပ်လိမ်းဖို့တွေ ဝင်နေသလား . . . အပေါင်းအသင်းတွေနဲ့
သွားသွားလာလာ နေဖို့ စားဖို့ ကိစ္စတွေ ဝင်နေပြီလား . . ."

"မဟုတ်ပါဘူး . . . ဦးရယ် ဒီနေ့ထိ ဦးနဲ့ ကလွဲပြီး
ဘယ်အပေါင်းအသင်းနဲ့မှ ကျောင်းပြင်ထွက်မလည်ခဲ့ဖူးပါဘူး"

"မထွက်ဖူးလို့ ထွက်ချင်နေပြီ မဟုတ်လား . . ."

သခင်မ စကားမပြောနိုင်တော့ဘဲ ခေါင်းလေးသာ
ခါနေမိသည်။

"သခင်မ . . ."

"ရှင် . . ."

"ညည်းမှာ အပြစ်ရှိသလား . . . မရှိဘူးလား . . ."

"ရှိပါတယ် . . ."

"ကောင်းပြီ . . . ကလေးပေါက်စလေးလို ကြိမ်လုံးနဲ့
ရိုက်နေမယ့် အရွယ်မဟုတ်တော့ဘူး . . . ဒီတော့ . . ."

မင်းမကိုင်ရဲ့က တံခါးဝကို လက်ညှိုးထိုး၍ . . .

"ဟိုအပြင်က တန်းလျားပေါ် ကိုတက် . . . နားရွက် ဆွဲပြီး
ထိုင်ထသွားလုပ်ချေ . . ."

"ဟင် . . ."

သခင်မ မျက်လုံးလေး ပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တအောင့်ကြာလျှင် ပန်းခူးမယ့်မဖောက်သည်တွေ ရောက်လာတော့မှာ ဖြစ်သည်။

အဲဒီထဲမှာ ယောက်ျားလေးတွေက အများကြီး. . .

"ဟိတ်. . . ပြောနေတာ ကြားလား. . ."

သခင်မ မျက်ရည်လေးဝေ့ဝဲ၍ ဘောင်းပန်သလိုလေး လှည့်ကြည့်သည်။

သခင်မ ဘာပြောချင်မှန်း မင်းမကိုင်နိုင်သိသည်။

မျက်နှာကို ပိုတင်းလိုက်ပြီ။

"တစ်ခါမှားရင် တစ်ခါမှတ်မိသွားအောင် တမင်ခိုင်းတာ . . . အားလုံးရှေ့မှာ တမင်ရှက်အောင်လုပ်တာ သွားလုပ်ချေ"

သခင်မ နှုတ်ခမ်းလေး တင်းတင်းစေ့သွား၏။

ပြီးတော့ ချာခနဲလှည့်ဆင်းသွားကာ တန်းလျားပေါ် တက်ရပ်လိုက်ပြီး ခိုင်းတဲ့အတိုင်းလုပ်ခဲ့သည်။

ကျချင်သည့်မျက်ရည်ကို ထိန်းထားကာ အံကြိတ်ထား ရတော့ ရင်ထဲကအောင့်လာသည်။

မင်းမကိုင်ကို ဘယ်လောက်ကြာကြာလုပ်ရမှာလဲလို့လဲ မမေးမိသလို. . .

တော်တော့်လို့ တ. 'ဆီးသံ ထွက်မလာသေးသည်မို့ ကြိမ်ဖန်များစွာ လုပ်လာရသည့် ဒူးတွေက ဝ ၁တ်ဆတ် တုန်လာ၏။

ထိုစဉ် လူသံတွေ ကြားလိုက်ရ၏။





ပန်းယူတဲ့ သူတွေလာကြပြီ။

မျက်ရည်နှစ်စက်က ထိန်းမရတော့ပေ။

သခင်မရဲ့အဖြစ်ကို သူတို့အားပါးတရ ပက်ညှိုးကိုး ရယ်မောကြပြီးမှ ခြံထဲကိုသွားကြမှာ. . .

သခင်မ ရှက်ရွံ့ပင်ပန်းခြင်းများနှင့် လူက လုံးဝ မဟန်တော့ဘဲ။

"ဒုန်း. . ."

"ဟာ. . . ချာတိတ်. . ."

ခေါင်းမှာ ပူခနဲဖြစ်သွားလျက် သခင်မ ဘာမှမသိ တော့ပေ။

မင်းမကိုင်ရ သခင်မကိုယ်လုံးလေးကို ဆတ်ခနဲပွေ့ယူ ကာ အိမ်ပေါ်တင်လာခဲ့သည်။

သွေးကိုမြင်၍ စိတ်ကဘာကိုမှ မစဉ်းစားမိဘဲ သခင်မ ကို သူ့အိပ်ယာပေါ်မှာတင်ကာ ရေနွေးပြေးယူ ဆေးပစ္စည်းတွေ ပြေးယူ၍ နဖူးကဒဏ်ရာကို ကြည့်လိုက်၏။

လဲအကျမှာ တန်းလျားစောင်းနှင့် ဆောင့်မိသွားခြင်း ဖြစ်သည်။

ဒဏ်ရာကို သေချာကြည့်ပြီးမှ စိတ်အေးသွား၏။

ချုပ်ရ လုပ်ရလောက်သည့် ဒဏ်ရာမဟုတ်လို့ တော်ပါ သေးရဲ့။

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကို ဆေးထည့်လိုက်တော့မှ သခင်မ ညည်းသံ ထွက်၍ သတိရလာသည်။

"ချာတိတ် . . . ငြိမ်ငြိမ်နေစမ်း . . ."

ဟယ် . . ."

သခင်မ တအံ့တသြကြီး ဖြစ်သွားလေသည်။

ဒါ ဦးရဲ့အိပ်ခန်းထဲမှာလား . . .

ကျောအောက်မှာ နူးညံ့အိစက်သော အထိအတွေ့နှင့် လှပသော ပြာလွင့်လွင့်ခြင်ထောင်ကြီးကို မော့ကြည့်ကာ ရင်ထဲမှာ တဒိတ်ဒိတ် ခုန်နေမိသည်။

နှစ်များစွာ ဒီအိမ်လေးမှာ ဝင်ထွက်ခဲ့ဖူးပေမယ့် ဒီအိပ်ခန်းဘက်ကို သခင်မ တစ်ခါမှ ခေါင်းပြူးမကြည့်ခဲ့ဖူးပါ။

အိပ်ခန်းက ပြူတင်းနှစ်ပေါက် ရှိနေသဖြင့် လင်းလင်း ချင်းချင်းရှိကာ ကျယ်လည်းကျယ်သည်။

အိပ်ယာရဲ့ ဘေးစားပွဲပေါ်မှာ ကွန်ပျူတာ တစ်လုံးနှင့် စာရွက် စာတမ်းများစွာ ရှိနေသည်။

ပြီးတော့ ဂစ်တာ တစ်လက်။

ဦးက ဂစ်တာ တီးတတ်သလား . . .

"အား . . . အား . . . နာတယ် . . ."

အနာကို ဖိလိုက်သည့် မင်းမကိုရှိ လက်ကို သခင်မ တွန်းထား သည်။

"အနာက နည်းနည်းနက်တယ် . . . ဆေးဝင်မှ ဖြစ်မှာ"





နီမြန်း၍ ပိရိလှပသော ထောင့်ချိုးလေးတွေ ပေါ်နေ သည့် မင်းမကိုရှိနှုတ်ခမ်းကို သခင်မငေးနေသည့် မျက်ဝန်းလေး တွေဆီ ဖျတ်ခနဲ ရောက်လာ၏။

လွန်စွာနီးကပ်လွန်းသော မျက်နှာနှစ်ခုမှ မျက်ဝန်းတို့ သည် စက္ကန့်များစွာ ငြိတွယ်သွားကြလျက် မင်းမကိုရှိ မျက်နှာလွှဲ သည်။

"ဒဏ်ရာရသွားအောင် ဒဏ်ပေးတဲ့အတွက် . . . စိတ်နာနေတာလား . . ."

"ဟင့်အင်း . . ."

"ညည်းကို ဒဏ်ပေးထားပြီး ဒီမှာ အလုပ်ရှုပ်သွားလို့ မေ့သွားတာ . . . ဆောရီးပဲ . . ."

မင်းမကိုရှိ ထရပ်လိုက်လျှင် သခင်မက အိပ်ယာပေါ်က လျှောဆင်းလိုက်သည်။

"ခဏနေဦးလေ . . . ခေါင်းဆောင့်မိထားတာ မူးမှာပေါ့ . . ."

"ရပါတယ် . . ."

"ဘာလဲ . . . စိတ်ကောက်နေတာလား . . ."

သခင်မ ခေါင်းခါသည်။

"ဦးက ဘယ်လိုပဲ ဆက်ဆံဆက်ဆံ . . . သခင်မ ဦး ဘယ်တော့မှ စိတ်မကောက်ဘူး . . ."

"ဒါဆို . . . ဒို့က လူဆိုးကြီးပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ထောက်ပါဘူးဆို. . ."

"သားပါတော့. . . ဒီအတွက်ဒို့က အလျှော်ပေးမယ် . . . နေပြန်တစ်ပြီး ညည်းကို ကွန်ပျူတာ သင်ပေးမယ်"

"တား. . ."

သခင်မ မျက်နှာလေး ဝင်းပသွားကာ ငယ်ငယ်လေးက ပုံစံမျိုးလေး ပြန်ပေါ်လာသည်။

"ဦး. . ."

"ဟင်. . ."

"ကွန်ပျူတာသင်ပေးမယ်ဆိုရင် ကုမ္ပဏီတွေ ဘာတွေ မှာ စက္ကန့်ထရီလုပ်လို့ရတဲ့ အဆင့်ထိသင်ပေးနော်. . ."

"ဘာ. . .

မင်းမကိုင်ရဲ့ အသံကြီးက ဟိန်းထွက်သွားသည်။

"ကွန်ပျူတာသင်တာ စက္ကန့်ထရီလုပ်စားဖို့ ရည်ရွယ်ချက်နဲ့လား. . . တော်တော်ကြီးကျယ်တဲ့ ရည်ရွယ်ချက်ကြီး ပါလား ဟင်. . ."

"မဟုတ်ဘူး. . . မဟုတ်ဘူး ဦး. . ."

သခင်မက မင်းမကိုင်လက်မောင်းကို အတင်းဆွဲထား၍ ပျာပျာသလဲ တောင်းပန်သည်။

"သခင်မလေ. . . ရုပ်ရှင်ဗီဒီယိုတွေထဲက စက္ကန့်ထရီ ဆိုတဲ့ မိန်းကလေးတွေကိုသဘောကျလို့ပြောမိတာပါ ဦးရယ် . . . တကယ်တမ်းရည်ရွယ်ထားခဲ့တာ မဟုတ်ပါဘူး. . .





သခင်မကို သင်ပေးပါနော်. . ."

မင်းမကိုင်က သခင်မလက်တွေကို ဖယ်ချ၍တည့်တည့် လှည့်ကြည့်သည်။

"ခဏခဏ စကားတွေ မမှားနဲ့ ချာတိတ်. . . ခဏခဏ မှားတာကို ဒို့က ထပ်ခွင့်လွှတ်ချင်တာ မဟုတ်ဘူး. . ."

"သခင်မ. . . သိပ်ပျော်သွားလို့ ပြောမိတာပါ. . ."

"ဘာကြောင့်မှ မမှားရဘူး. . . မင်းဘဝအတွက် ဘဘနဲ့ဒို့ ဘယ်လောက်ထိ မျှော်လင့်အားထားနေကြသလဲ. . . အဲဒါ မင်း သဘောပေါက်. . ."

"ဟုတ်. . ."

စကားပြောလျှင် အရင်တုန်းကလို မဟုတ်တော့ဘဲ မင်းတွေ ငါတွေပါလာတတ်တာ မင်းမကိုင်က အမှတ်တမဲ့ ဖြစ်ချင်ဖြစ်နိုင်ပေမယ့်

သခင်မ သတိထားမိနေသည်။

ဒါပေမယ့် မပြောင်းမလဲရှိနေသည်က သခင်မကို ရက်စက်စွာ အပြစ်ပေးတတ်တဲ့ အကျင့်. . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၆

နှစ်စဉ်အဆင့်တစ်ဆိုတဲ့ ဆုကို နေရာမပျက်ရရှိခဲ့၍ ရှစ်တန်းကျောင်းသူ ဖြစ်လာတော့ သခင်မ တစ်ကိုယ်လုံးမှာ ရွှေထည် လက်ဝတ်လက်စားတွေ သူ့နေရာနဲ့သူ ညွတ်အိနေခဲ့ပြီ။

တစ်နှစ်ကိုတစ်ခါ မင်းမကိုင်က ဆုချတဲ့အခနေနဲ့ ဝယ်ပေးခဲ့သလို တစ်နှစ်ကုန်သွားတိုင်း ကိုယ်ဖြေဆိုခဲ့တဲ့ အောင်မြင်မှုအပေါ် ထူးခြားရင်ခုန်ခြင်းမရှိခဲ့ပေမယ့် မင်းမကိုင်ရဲ့ လျှောက်လည်ဝယ်ခြမ်းရတဲ့ အပျော်လေးခံတွေကို မက်မောရင်ခုန်နေတတ်ပြီ။

ဒါပေမယ့် ဒီနှစ်တော့ သခင်မ မပျော်တော့ပါ။

ဘဝမှာ မှီခိုအားထား တွယ်တာခဲ့ရသော ဘိုးဘိုးရဲ့ ကျန်းမာရေး အခြေအနေက မကောင်း။

ဘိုးဘိုးဟာ သခင်မရဲ့ မိးအိမ်ရှင်ကြီးပါ။

www.burmeseclassic.com



"ဘိုးဘိုး အရမ်းမောနေလား ဟင်. . . သခင်မ ဦးကို သွားခေါ်ပေးမယ်လေ. . ."

"မခေါ်ပါနဲ့ မြေးရယ်. . . ဘိုးဘိုး သက်သာပါတယ် . . . ကဲ မြေးသွားအိပ်တော့လေ. . . မနက်ကျ ဆုယူရမယ် . . . မြေးတို့ လျှောက်လည်ကြရမယ် မဟုတ်လား. . ."

"ဟင့်အင်း. . . လျှောက်မလည်တော့ပါဘူး ဘိုးဘိုးရယ်"

"မဟုတ်တာ မြေးရယ်. . . မြေးလေး တစ်နှစ်မှ တစ်ခါပဲ လည် ပတ်ခွင့်ရတဲ့ ဥစ္စာ. . . သွား သွား. . . ဘိုးဘိုးက လူမမာကြီးမှ မဟုတ်တာ. . ."

"မဟုတ်ပေမယ့် ဘိုးဘိုးက ဗန်းဖေါက်သည်တွေ လာရင် ထွက်ရောင်းဦးမှာ. . . ပန်းရောင်းပြီး ရင်ကျပ်ပြန်ရော"

"ဒါကတော့ မြေးရယ်. . . ပန်းလေးတွေအပင်မှာ သူ့အလိုလို ညှိုးသွားမယ့်အစား ပိုက်ဆံလည်းရ. . . သဘာဝကျ တာကို ဘိုးဘိုးလုပ်တာပါ. . ."

"ဒါတော့ ဒါပေါ့ ဘိုးဘိုးရယ်. . . ကျန်းမာရေးက ရှိသေးတယ်လေ. . .'ဖွ' မပြောကောင်း မဆိုကောင်း. . . ခုနေ ဘိုးဘိုးတစ်ခုခုဖြစ်ရင် သခင်မ ဘယ်လိုနေရမလဲ. . . သခင်မ ဘယ်ချက်မှာ ဘိုးဘိုးရဲ့ သီလား. . ."

ဦးဘထူးက ပြုံးလိုက်သည်။

"မြေးလေးနားမှာ မောင်မင်းမကိုင်မှ မားမားရပ်နေသမျှ မြေးဘယ်တော့မှ ဒုက္ခမရောက်ဘူး. . . ဘိုးဘိုး ယုံတယ်. . .





သူ့လိုလူမျိုးဟာ တစ်နေ့အိမ်ထောင်ရက်သား ကျသွားခဲ့ရင် တောင် မြေးအတွက်ကို လက်လွှတ်ပေးမယ် ဘယ်တော့မှ ပစ်ထားခဲ့မှာ မဟုတ်ဘူး. . ."

"ဒါပေမယ့် ဘိုးဘိုးရယ်. . . ဦးရဲ့ မယ်တော်နဲ့ ဖခင်မက ခုတောင် ဦးကိုပြန်လာဖို့ လာလာခေါ်နေတာ. . . ဘယ်နှစ် ခေါက်ရှိပြီလဲ. . ."

"ရရောရလို့လား. . ."

သခင်မ အသံတိတ်သွားသည်။

ဦးဘထူးက လှဲနေရာမှ ခပ်မတ်မတ် ပြင်ထိုင်လိုက်ပြီး

"မြေးလေးကို ဘိုးဘိုး တစ်ခုပဲမှာချင်တယ်. . . ပညာကိုတော့ အသက်လို တန်ဖိုးထားပါ. . . ဘယ်လိုလူမျိုးမှ လုယူဖျက်စီးပစ်လို့ မရတာဟာ ပညာပဲရှိတယ်. . . မြေးဘဝမှာ ပညာမတတ်လို့ လုံးပမဖြစ်ဘူး. . ."

"စိတ်ချပါ ဘိုးဘိုးရယ်. . . သခင်မ ဘိုးဘိုးပြောတဲ့ စကားတွေ အားလုံးကို မှတ်ထားပါ့မယ်. . ."

သခင်မသည် ရှစ်တန်းကျောင်းသူဆိုပေမယ့် ဖွံ့ထွား မြင့်မားသော ကိုယ်ဟန်နှင့် လှပသော ဂုဏ်သတင်းက မွှေးပျံ့လာသည်။

ခေတ်ရဲ့ရေစီးကြောင်းအတိုင်း အမေကတော့ ပေါ်ပါသေး သည့် အားလုံးအမြင်မှာ သခင်မက အပျိုကြီးဖား ဖား ဖြစ်ပြီတဲ့. . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူလေးတွေ လေးငါးယောက်နှင့် ဟွဲဝင်လာသည့် အုပ်စုထဲမှာ သခင်မ ပုံစံလေးက ထင်းနေသည်။

ရွှေရောင်ဆံပင် ဝဲဝဲလေးတွေကို နောက်ဖက် ခပ်မြင့်မြင့်မှာ စုချည်ထားလျက် ဆံစပါးပါးလေးတွေ တချို့တလေက မျက်နှာလေးပေါ်မှာ ကပိုကရို ပြုဆင်းနေသည်။

ရင်ဖုံးလက်ရှည်အဖြူလေးနှင့် ကျောင်းစိမ်းထမီ ဝတ်ထားသည့် ကိုယ်လုံးက သတိမထားမိဘဲ မနေနိုင်အောင် အချိုးကျလျက်. . .

ပက်လက်ကုလားထိုင်လေးပေါ်မှာ ထိုင်နေရင်း မြှင်ကွင်းကိုလှမ်းကြည့်ရင်း မင်းမကိုဋ္ဌ အင်္ဂါတ်ကို ပြန်သတိရ၏။

ဩြော်. . . လက်မှာ ချေးကြောင်းလေးတွေနှင် နှပ်ချေးမဝင်သေးဘဲ အရွယ်ကတည်းက သူ့လက်ထဲမှာ ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသော့မှ စိတ်မပျက် မညည်းမညူ ချစ်ကြောက် ရိုသေရှိခဲ့တဲ့ ကလေး။

အရွယ်ရောက် နေပါပေါ့လားဆိုသည့် အတွေးနှင့် သက်ပြင်းချမိ၏။

ခုတလော ဦးဘထူး တစ်ယောက်လည်း ကျန်းမာရေး မကောင်း။

သူကိုယ်တိုင်လည်း မယ်မယ်က မကျန်းမာနေသည်မို့ ဦးဘထူး ကို ကိုယ်ဖိရင်ဖိ မကြည့်ရှုနိုင်။

မယ်မယ်ကဆို သူ့အနားက ထထွက်လာတာတောင် မကြိုက်။

မမက အပြစ်တင်သည်။

"မောင်မောင်. . . ဒီမှာ မယ်မယ် မကျန်းမာတော့ မောင်မောင်အနားမှာ ရှိသင့်တာနားလည်ဖို့ ကောင်းတယ်နော်"

ဒါကြောင့် ခုတလော ခြံထဲမှာတောင် သိပ်မနေဖြစ်ပေ။

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် ဒီရက်ထဲမှာမှ ဦးဘထူးကလည်း မကျန်းမာ။

"ဦး. . ."

"ဟင်. . ."

နှစ်စဉ်ပြုနေကျအတိုင်း သူ့ရှေ့မှာ ကျောင်းစိမ်းဝတ်စုံလေးနှင့် ဆုရသည့်ပန်းတွေပိုက်လျက် သခင်မက ရပ်နေ သည်။

"ဦး. . . ဒီနှစ်သခင်မ ဘယ်မှလျှောက်မလည်တော့ဘူး နော်. . ဦးလည်း စိတ်ညစ်နေတယ် မဟုတ်လား ဟင်. . ."

မင်းမကိုင်က စီးကရက်ကို ဆက်တိုက်ရှိုက်ဖွာ၍ ရှေ့တည့်တည့်ကို ငေးကြည့်ရင်း ခေါင်းညိတ်သည်။

"ဟုတ်တယ်. . . မယ်မယ်နဲ့ ဘဘ မကျန်းမာတဲ့ကြားထဲ ဘဘကို ဒို့ တာဝန်မကျေနိုင်ခဲ့ဘူး. . . အဲဒီအတွက် စိတ်မကောင်းဘူး"

"ဦး တာဝန်ကျေပါတယ်. . . ဘိုးဘိုးကတောင် ပြောနေသေးတယ်. . . လူမမာနှစ်ယောက်ကြားမှာ ဦး ဒုက္ခရောက်နေတာ အားနာတယ်တဲ့. . ."

မင်းမကိုင်က ပြုံး၍မှိုင်နေရာမှ ဒူးနှစ်ဖက်ပေါ်တွင်တောင်နှစ်ဘက်ထောက်တင်၍ နဖူးပေါ်ဝဲကျနေသည့် ဆံပင်တွေကို သပ်တင်လိုက်သည်။

"အပြန်အလှန် စိတ်ညစ်နေကြတာတွေ ထားလိုက်ကွာ . . . ညည်းကို ဒီနှစ်တော့ ဘယ်မှလိုက်မပို့နိုင်တော့ဘူး . . . ဒါပေမယ့် ပေးနေကျကိုတော့ ပေးချင်တယ်. . ."

မင်းမကိုင့် လက်ထဲက စီးကရက်ကို တောက်ထုတ်ပစ်လိုက်ကာ ခါးမတ်မတ်ပြင်ထိုင်သည်။

"ညည်း လက်ထဲကပန်းတွေချပြီး. . . ဒီမှာ လာထိုင်"

သခင်မက သူပြောတဲ့အတိုင်း ပန်းတွေ စားပွဲပေါ်ချ ကာ သေနားမှာ ဝင်ထိုင် ဒိုက်သည်။

မင်းမကိုင့်က သူ့လည်ပင်းက ဆွဲကြိုးကို အကြီးတ







www.burmeseclassic.com

www.burmeseclassic.com



ထုတ်သူ၍ ဆံကြိုးမှာတပ်ထားသည့် သော့ခလောက်နဲ့ သော့တံလေးထဲက သော့တံလေးကို ဖြုတ်ယူလိုက်သည်။

အကျီကြယ်သီးအစုံ အမြဲတပ်ဝတ်တတ်သည့် မင်းမကိုင်ရဲ့ ဆံကြိုးမှာ ဒါလေးတွေပါမှန်း မမြင်ခဲ့မှုတာကြောင့် သခင်မ အံ့ဩနေပါ၏။

မင်းမကိုင်က သော့တံလေးကို သခင်မ လည်ပင်းက ဆံကြိုးမှာ တပ်ပေး၍...

"ဒီနှစ် လော့ကတ်လှလှလေး ဝယ်ပေးမယ်လို့ စိတ်ကူးထားတာ အစီအစဉ်က ပျက်သွားပြီ... ဒါပေမယ့် ညည်း စိတ်မကောင်း ဖြစ်သွားမှာလည်း စိုးလို့..."

မင်းမကိုင်ရဲ့ ယောကျ်ားတန်မဲ့ ထူထဲနက်မှောင်နေ သော မျက်တောင်တို့ အစိပ်စိပ်ကလေးများကို ငေးခနဲကြည့်၍ သခင်မ တွေးနေမိသည်။

ဦးဟာ ဒီလောက်ချောတာ ခန့်ညားနေရက်နဲ့ ဘာကြောင့် ခုထိအိမ်ထောင်မပြုပါလိမ့်...

ငယ်ငယ်တုန်းက ရုပ်ရှင်ရုံထဲမှာ တစ်ခါဆုံဖူးသည့် 'ဘရေဏီ' ဆိုသော မျက်နှာလှလှလေး တစ်ခုကို သခင်မ ရလိုက်မိပြန်သည်။

အဲဒီ ဘရုဏီဆိုတာကို သခင်မ ဘယ်တော့မှ မမေ့ပါ။

အဘယ့်ကြောင့်ဆိုသော် မျက်စိအောက်မှာ သူမ မြင်တွေ့သမျှ မင်းမကိုင့်ကိုယ်တိုင် ရင်းနှီးဖော်ရွေစွာ ဆက်ဆံဖူး





သူဆိုလို့ အဲဒီ ဘရုဏီ တစ်ယောက်ပဲ ရှိလေသည်။

"ဟိတ်... ဘာငေးနေတာလဲ..."

"ရှင်..."

"ဘာလဲ... လျှောက်မလည်ရလို့ စိတ်မကောင်း ဖြစ်နေသလား ဒီနေ့မလည်ဖြစ်ပေမယ့် အဆင်ပြေတဲ့ တစ်ရက်ရက်တော့ ဖြစ်မှာပေါ့... စိတ်ကြိုးစားနော်..."

"ဟုတ်ကဲ့... သခင်မ လျှောက်မလည်ရလို့ မဟုတ်ပါဘူး ဦးရယ်... ဦးအကြောင်း တွေးမိလို့ပါ..."

"ဘာလဲ... ပြောပါဦး..."

လူချင်းကလည်း နီးကပ်လျက် မင်းမကိုင့် မျက်နှာက နူးညံ့နေသည်မို့ သခင်မ နွဲ့ချင်စိတ်လေး ဝင်လာကာ မင်းမကိုင့်ရဲ့ လက်မောင်းတစ်ဖက်ကို ဖက်တွယ်၍ ပခုံးစွန်းမှာ ပါးလေး ကပ်ထားလိုက်သည်။

"ခုနေ ဘိုးဘိုးကလည်း မကျန်းမာတုန်း ဦးသာ မိန်းမယူသွားရင် သခင်မကို ဘယ်သူမှ ခုလိုဂရုစိုက် ဆုံးမမယ့်သူ ရှိမှာ မဟုတ်တော့ဘူးနော်..."

မင်းမကိုင့်ကပြုံး၍ သခင်မ မျက်နှာလေးကို ငုံ့ကြည့်သည်။

"ဒို့က ခုမှမိန်းမ မယူသေးတာ... ဘာလို့ ကြိုပူနေရတာလဲ"

"ဟင့်အင်း... သခင်မ ဦးကို ဘိုးဘိုး အပေါ်အားထား



www.burmeseclassic.com

www.burmeseclassic.com

သကို တွယ်တာသလိုမျိုး အားကိုးနေခဲ့တာ... ဦး မိန်းမရသွား ရင် ဦးရဲ့မိန်းမက သခင်မကို ဦးက ဂရုစိုက်တာ ဘယ်ကြိုက်မလဲ နော်..."

"ဒါဆို ညည်း ယောကျာ်းယူတဲ့အခါ ဒို့က မနုးမ မယူဘဲ စောင့်ပေးမယ်ကွာ..."

"ဟင့်အင်း... သခင်မက ယောကျာ်းမယူပါဘူး... ဘိုးဘိုးကို ရာကျွေးဦးမှာ..."

မင်းမကိုင်က မဲ့ပြုံးနှင့် မျက်နှာမော့လိုက်သည်။

"ပြောတာတော့ ခင်းပါ..."

"မဟုတ်ဘူး ဦး... သခင်မ တကယ်ပြောတာ..."

"တော်ပါပါကွာ... ညည်းကို ဟိုနေ့က စမ်းချောင်း ကကောင်လေးတစ်ယောက် စာလိုက်ပေးတာ... ယောကျာ်း မယူမယ့် ရုပ်ကိုလား..."

"ဟင်..."

သခင်မ အသားဖြူဖြူလေးက အဝက်ပနီ ပစ်တင်လိုက် သလို ရဲခနဲဖြစ်သွားသည်။

"အဲ... အဲဒါ ဦး ဘယ်လိုလုပ်သိလဲဟင်..."

မင်းမကိုင်က စူးစိုက်ကြည့်၍ နှုတ်ခမ်းငွေ့ စေ့လိုက် သည်။

ထိုအကြည့်အောက်မှာ သခင်မ ရှက်လည်းရှက် ဝမ်းနည်းစိတ်လည်း ဖြစ်လာကာ မျက်ရည်လေးဝဲလာ၏။





"အဲ့ဒါ... သူဟာ သူအကောင်းလိုက်ပေးတာပါ ဦးရယ်.. သခင်မ သခင်မ... သူ့ကို လုံးဝမျက်နှာသာ မပေးခဲ့ပါဘူး"

"ဘာပဲဖြစ်ဖြစ်... အချိန်တန်ရင် ချစ်ကြ ညားကြမှာပဲ ... အဲဒီထဲက ဒို့က ညည်းကို ဦးစားပေးပြီး ညည်းရဲ့ ဇာတ် ပေါင်းခန်းရောက်မှ ဒို့က ကန့်လန့်ကာချပေးမှာ..."

သခင်မက တရစ်ရစ် ပြည့်တက်လာသော မျက်ရည်စ တို့နှင့် ခပ်စူးစူးလေးကြည့်ကာ ဆတ်ခနဲ ထပြေးလေသည်။

"ဟဲ့တ်..."

မင်းမကိုင်က ဖျတ်ခနဲ ဖမ်းဆွဲလိုက်၏။

သခင်မ ကိုယ်လုံးလေး သူ့ရင်ခွင်ထဲ ပြိုကျလာသည်။

ရှိုက်သံလေး ပွင့်ထွက်လာလျှက် ရင်ခွင်မှာ မျက်နှာ အပ်၍ သခင်မငိုလျှင် မင်းမကိုင် အမှတ်တမဲ့ ဖြစ်သွားရှာသော အပြုအမူများအတွက် မျက်နှာလည်းပူ...

ရင်ထဲမှာ လှုပ်ရှားသလို ဖြစ်သွားတာလည်း သတိထား လိုက်မိကာ ဘာလုပ်ရမှန်းမသိ။

လက်နှစ်ဘက်သည် ပွေ့ဖိုက်ချော့ဖို့ကို ခွင့်မပြု။

တိမ်းဖယ်ပစ်ဖို့လည်း ဆန္ဒမရှိ။

သခင်မ မင်း ကလေးငယ်လေး မဟုတ်တော့ဘူးဆိုတာ သိရဲ့လား...

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

"ဘိုးဘိုး . . . ဘိုးဘိုး မျက်နှာကြီး ချောင်းဆိုးရလွန်းလို့ မို့အစ် နီရဲနေပြီ . . . သခင်မ ဦးကို ဖုန်းဆက်လိုက်ရမလား . . ."

"မဆက်နဲ့ . . ."

မှီမောက်နေသည့် ရင်ဘတ်ကြီးကိုဖိ၍ အသက်ရှူပြင်းလျှက် ဦးဘထူးက တားမြစ်တားနေသည်။

အကြောင်းရှိလျှင်ဆက်ဖို့ မင်းမောင်ကိုင်၏ ပေးထားခဲ့သည့် ဟန်းဖုန်းလေးကိုပင် သခင်မ လက်ကမချမိပေ။

ဦးဘထူး အခြေအနေက အဲဒီလောက်ထိ စိုးရိမ်ဖွယ် ဖြစ်နေတာ . . .

ဒါပေမယ့် မခေါ်ဖို့ချည်း ခါးခါးသီးသီး တားနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သခင်မ ဖုန်းကိုင်ထားပေမယ့် ဒီအတိုင်းကြည့်နေခဲ့ရသည်။

ဦးဘထူး သခင်မကိုတောင် စကားဟဟ မပြောနိုင်တော့ပေ။

ည ဆယ်နာရီခန့်ရှိတော့မှ. . .

"မြေး. . ."

"ရှင်. . . ဘိုးဘိုး. . ."

သခင်မ နားနားကပ်၍ သေချာနားထောင်ပါမှ ယဲ့ယဲ့လေး ကြားရသည်။

"သ. . . သခင်လေးကို ခေါ်ပေး. . ."

"ဟုတ်ကဲ့. . ."

သခင်မ သံလိုက်ပြီ။

ဘိုးဘိုး သူ့အခြေအနအတော်ကြီး မဟန်မှန်းသိလို့သာ ဆက်ခိုင်းတာ. . .

မျက်ရည်တွေလည်းကျ ဂဏာန်းတွေကို နှိပ်တဲ့လက် ကတုန်နှင့် တော်တော်နှင့်ခေါ်လို့မရ။

"ဦး. . . ဦး ရှိလား်ဟင်. . ."

ဖုန်း ဘယ်လိုခေါ်ရမှန်းလည်း မသိ။

ဟိုဘက်က ကိုင်မှန်းမကိုင်မှန်းလည်း မသိဘဲ ဒီစကား ကိုပဲ ထပ်တလဲလဲ မေးနေမိသည်။

တော်တော်ကြီးမေးနေပြီးမှ စကားသံ သဲ့သဲ့ကြားရ သည်။

"ဘာလဲ. . . မရှိဘူး. . ."





လေသံက ခင်းမာရင့်သီးလှ၏။

"ဟို. . . ဦးမင်းမကိုင့်ကို မေးတာပါရှင်. . . ဒီမှာ ဘိုးဘိုး အတော်လေး ပိုးရိမ်စရာဖြစ်နေလို့ ခဏလေးဖြစ်ဖြစ် လာပေးပါလို့"

"လူနာရှိရင် ဆရာဝန်ခေါ်ပေါ့. . . မောင်မောင် အိပ်နေတယ် ထပ်မဆက်နဲ့. . ."

ဒီတော့မှ တစ်ဖက်က ဖုန်းကိုင်တဲ့သူဟာ ခင်မဒီဆိုတဲ့ ဦးရဲ့ အစ်မမှန်းသိလိုက်ရသည်။

ဖုန်းချသွားပြီမို့ ဘာမှတပ်ပြောခွင့် မရတော့ပါ။

သခင်မ ငြိမ်သက်နေသည့် ဘိုးဘိုးကို လှမ်းကြည့်ကာ ပါးစပ်ကလေးပိတ်၍ ရှိုက်ငိုလိုက်ရင်း ဖုန်းကို စားပွဲပေါ် ချထား လိုက်သည်။

ဖုန်းနဲ့ကြိုးစားလို့မှ မရနိုင်တော့ဘဲ. . .

"ဘိုးဘိုး. . . ဘိုးဘိုး. . ."

"ဟင်. . ."

ဦးဘထူး မျက်ခုံးတွေ တွန့်လှုပ်သွားလျက် အသံသဲ့သဲ့ လေးနှင့် ထူးသေးသည်။

တစ်ညနေလုံး မပြတ်တမ်းဆိုးခဲ့သော ချောင်းက ဆိုးကျုပ်သော ဝေဒနာဆိုးကြီး ဘိုးဘိုးကိုပေးကာ စိတ်ချလက်ချ ထွက်သွားပြီထင်သည်။

ချောင်းဆိုးနေစဉ်ကမှ ဘိုးဘိုးကို ထူထူထောင်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ကောအခြေကြာလို့နေသေးသည်။

မိုးမချုပ်လို့ ချောင်းဆိုးရပ်သွားကတည်းက ဘိုးဘိုး ခေါင်းမထူနိုင်တော့. . .

ရင်အစုံက နိမ့်ချီမြင့်ချီဖြစ်လျက် အိပ်ယာထက်မှာ မှောက်လျက်ကွေးကွေးလေး ငြိမ်ကျသွားခဲ့သည်။

သခင်မမျက်ရည်တွင်တွင်ကျလျက် မင်းမကိုင်ရှ်ပေးထားသည့် ဆေးတွေထပ်တိုက်ပေမယ့် ဘိုးဘိုးက လုံးဝမသောက်တော့ပေ။

"မြေး. . ."

"ရှင်. . . ဘိုးဘိုး. . ."

"သွားအိပ်တော့" လို့ ဦးဘထူးက လက်ယပ်ပြသည်။

"ဘိုးဘိုးပဲ သက်သာအောင်နေပါ. . . သခင်မ ဘိုးဘိုးကိုထားပြီး ဘယ်လိုသွားအိပ်ရမှာလဲ ဘိုးဘိုးရယ်. . . သခင်မ ဒီနားမှာပဲနေမယ်. . . အိပ်ချင်လည်း ဒီနားမှာပဲ အိပ်မှာပေါ့"

ဦးဘထူး ဆို့ကျပ်သော ဝေဒနာဆိုးကြီးကို ကြိတ်ခံစားရင်း မင်းမကိုင်ရှ်အလာကို စောင့်နေမိသည်။

မြေးလေး ဖုန်းဆက်ထားတာဆိုတော့ မကြာခင် ရောက်လာမှာပဲ. ဟုမွှေ်း၍ သတိကိုစိတ်နဲ့ဆက်ယူနေရသည်။

တစ်ချက်တစ်ချက် မြေးရဲ့ရှိုက်သံလေး ထွက်လာတာကို နားထဲမှာကြား၏။

"သခင်လေး. . . မလာသေးပါလား. . ."





အလူးအလိမ့် ခံစားရသော ဝေဒနာက ဆိုးသည်ထက် ဆိုးလာပြီ. . .

ဒီနမြေးမလေးရဲ့ ရှေ့ရေးကို စာနာတတ်တဲ့ သခင်လေး လက်ထဲမှာ သေချာအပ်နှံခဲ့ပြီးမှ သူ စိတ်ချနိုင်မှာဖြစ်သည်။

ပတ်ဝန်းကျင်က တစ်စုံတစ်စ တိတ်ဆိတ်လာသည်။

စိုက်ပျိုးခြံများသာရှိသည့် နေရာမို့ ညဥ့်နက်လာသည်နှင့် အမျှ လှသံကားသံများ ဆိတ်သုန်းလျက် ခွေးအူသံများကိုသာ ကြားနေရ၏။

ဘုရား. . . ဘုရား. . . ငါများ ခုနေဆုံးပါးသွားရင် မြေးလေးတစ်ယောက်တည်း. . .

ညကြီးအချိန်မတော် လူသေအလောင်းကြီးကိုဖက်ပြီး

ဦးဘထူး သတိတွေ မမြဲတော့ပေ။

"ဘိုးဘိုး. . ."

မြေးလေး ခေါ်နေသလား. . .

ငါထူးမှ မြေးလေး မကြောက်မှာ. . .

အနည်းငယ် လှုပ်ခတ်သွားသည့် ဘိုးဘိုးရဲ့ မျက်နှာက အရေးအကြောင်းတွေကို အနီးကပ် စိုးရိမ်စွာ ကြည့်ရင်း သခင်မ မအောင့်နိုင်တော့ဘဲ ဟီးခနဲ ငိုချလိုက်မိလေသည်။

ဝမ်းနည်း အားငယ်စိတ်များနှင့် ဖြစ်နိုင်လျှင် 'ဦးရေ' လို့အော်ခေါ်ပြီး ပြေးထွက်လျှောက်ခေါ်နေလိုက်ချင်သည်။

ခုတော့ မြေးအပေါ် အလွန်ဂရုစိုက် နှစ်သိမ့်တတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးထံမှ. . .

"မငိုပါနဲ့ မြေးရယ်. . ."

ဆိုတဲ့ အသံလည်း မထွက်တော့. . .

"ဘိုးဘိုး သက်သာပါတယ်. . . မစိုးရိမ်ပါနဲ့ကွယ်. . ."

ဆိုတာမျိုးလည်း မကြားရတော့. . .

အသက်ရှူနေသေးသည်မှလွဲ၍ ဘိုးဘိုးထံမှ မည်သည့် လှုပ်ရှားမှုမှ မရှိတော့ပေ။

သခင်မ ဖုန်းလေးကို ပြန်ကောက်ယူ၍ ငေးကြည့်နေမိသည်။

"ဦးရယ်. . . ဘိုးဘိုးရဲ့ နောက်ဆုံး အချိန်ကျတော့မှ"

ဘိုးဘိုးလို့ ခေါ်ကြည့်လိုက်ငိုလိုက်။

တိတ်ဆိတ် မှောင်မဲနေသည့် ပတ်ဝန်းကျင်ကို အားငယ် ကြောက်ရွံ့စွာ ရေကြည့်လိုက်နှင့် ခွေးအူသံများကို ခြောက်ခြား ရင်း သခင်မ ဘိုးဘိုး ဘေးမှာငုတ်တုတ်လေးထိုင်လျက် မှေးခနဲ အိပ်ပျော်သွားလေသည်။

ကိုယ်က မှေးခနဲ ခဏလေးမျှသာထင်ပေမယ့် သခင်မ ဆတ်ခနဲ ပုတ်အနိုးခံလိုက်ရသလို ခေါင်းထောင်လိုက်မိတော့ မိုးစင်စင်လင်းနေပြီ။

"ဘိုးဘိုး. . . ဘိုးဘိုး. . ."

— သခင်မ ဘိုးဘိုးကိုခေါ်၍ ထိကိုင်လိုက်မိလျှင် တစ်ကိုယ် လုံး သွေးပျက်ခြောက်ခြားသွားလေသည်။





"ဘိုးဘိုး. . . ဘိုးဘိုးရယ်. . ."

"ဟီး. . . ဟီး. . ."

သခင်မ အေးစက်တောင့်တင်းနေသည့် ဘိုးဘိုးကို အားကျုံ့ဖက်၍ အူလှိုက်သည်းလှိုက် ငိုချလိုက်မိလေသည်။

"သခင်မကို စိတ်ချလက်ချထားသွားပြီလား ဘိုးဘိုးရယ် . . . သခင်မ ဆရာဝန်မကြီးဖြစ်အောင် ပညာတွေ သင်ပေးဦး ဆို. . . ဘိုးဘိုး မသေနိုင်သေးပါဘူးဆို. . . ဘိုးဘိုး ဘိုးဘိုး ပါ. . . ထပါ ဘိုးဘိုးရဲ့. . . ဟီး ဟီး. . ."

အသံသဲ့သဲ့ ကြားလိုက်သည်။

မင်းမကိုင်၏ ဆိုင်ကယ်ကို ဒေါက်ထောက်ပြီး ဦးဘထူးတို့ အိမ်လေးဆီ တအားပြေးချလာခဲ့မိသည်။

အိမ်ရှေ့ရောက်တော့ အားလုံးက တိတ်ဆိတ်လျက်

သူ အိမ်ပေါ်ပြေးတက်လိုက်လျှင် ကွေးကွေးလေး နေသော ဦးဘထူးရဲ့ကိုယ်ပေါ်မှာ သခင်မက အုပ်စီးမှောက်ဖက် ငြိမ်သက်နေရှာလေသည်။

"ဘဘ. . . သခင်မ. . ."

မင်းမကိုင်၏ သခင်မပခုံးလေးကို မ၍ဆွဲထူလိုက်လျှင် မာကျောသော အရာတစ်ခုက သခင်မရင်ခွင်ထဲမှ ခြေထောက်ပေါ်သို့ ပြုတ်ကျလာကာ ကြမ်းပြင်သို့ တဆက် တည်း ဒေါက်ခနဲကျလေသည်။

ငုံ့ကြည့်လိုက်တော့ သူပေးထားခဲ့သည့် ဟန်းဖုန်းလေး



www.burmeseclassic.com

www.burmeseclassic.com



တောင့်တင်းနေသည့် ဦးဘထူးရဲ့ သေဆုံးချိန်. . .

စောစောကမှ သူ သဲ့သဲ့ကြားလိုက်ရသည့် သခင်မ‌ရဲ့ ငိုသံ. . .

ဖုန်းတစ်လုံးနဲ့ ညက သခင်မ သူ့ကို မရမက ခေါ်နေခ့ဲ သလား. . .

သူ ဘာလို့မသိခဲ့တာလဲ. . .

ဖုန်းပါသည့် ဂျာကင်ကိုချွတ်ထား၍ ညက သူ စောစော အိပ်ယာဝင်ခဲ့သည်။

ဒါဆို ဒီဖုန်းသံကို ကြားတဲ့လူ မရှိဘူးလား. . .

ညဥ့်နက်မှ အိပ်တက်သည့် မမ မျက်နှာကို ကွက်ခနဲ မြင်လာသည်။

သူကြာကြာ တွေးချိန်မရပါ။

သတိလစ်နေသည့် သခင်မကိုပွေ့၍ အတွင်းဘက် သခင်မ အိပ်ခန်းထဲမှာပဲ သွားချထားလိုက်သည်။

ရင်ထဲမှာ မေးခွန်းပေါင်းများစွာနှင့် မချိတရိ ခံစား နေမိသည်က ဦးဘထူးအလောင်းကို ငူးစိုက်ကြည့်လျက်. . .

❀ ❀ ❀





အသုဘကိစ္စ ပြီးသွားတော့ ဒေါ်စက်မြတ်ရှင် အနည်း ငယ် ကျန်းမာစပြုနေပြီမို့ ခင်မဒီနဲ့အတူ ခြံထဲကိုရောက်လာ သည်။

မင်းမကိုင်ရဲ့ ညှိခန်းလေးထဲမှာ စုရုံးထိုင်မိကြလျက် ... င်းကိစ္စကို ပြောဆို၏။

'သစ္စာနံ' ကိုပြန်လိုက်ခဲ့ဖို့. . .

"ကျွန်တော် ပြန်မလိုက်ချင်ဘူး မယ်မယ်. . ."

"မလိုက်လို့ ဖြစ်မလား သားငယ်. . . ကိုဘထူး မရှိတဲ့ ... ဒီအပျိုပေါက်မလေးနဲ့ မင်းနဲ့နှစ်ယောက်တည်း ဒီခြံထဲမှာ ... သင့်တော်မလား. . ."

"ဒီလို အခြေအမြစ်မရှိတဲ့ ဟာလေးမျိုးနဲ့. . . ဘာလိုလို ... င်မခံနိုင်ဘူး. . . မောင်မောင် ပြန်လိုက်ခဲ့ရမယ် ဒါပဲ. . ."

"ဒါဆိုဒီကောင်မလေးကိုကျွန်တော် ဘယ်ပုံလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စက်မြတ်ရှင် မဖြေပါ။

"သူ့အဘိုးနဲ့နေတာပဲ. . . အခု သူ့အဘိုး ပရှိတော့ဘဲ. . . လာခဲ့တဲ့နေရာကိုပြန်ပေါ့. . . သူ့အတွက် ရင်းနှီးလုပ်ကိုင် ငွေနဲ့အိမ်တိုင်ရာရောက်. . . မမပို့ဖို့ စီစဉ်မယ်. . ."

"ကျွန်တော့်ကဲတော့ ပြန်ပို့ဖို့ လုံးဝသဘောမတူ မမ. . . ဘဘကိုကျွန်တော်ကတိပေးခဲ့တာ. . . ဒီကောင်မလေး ပညာတတ်တစ်ယောက်ဖြစ်တဲ့အထိ တာဝန်ယူပေးဖို့. . ."

"ဒါဆိုလည်း ဘာခဲယဉ်းလို့လဲ. . . သူ့ပညာအား ဘယ်ထိရှိမလဲ. . . ကြိုက်သလောက်ပြောဆုံးပဲ့အထိတွက် ဘဏ်မှာ အပ်ပေးထားလိုက်မယ်. . ."

မင်းမကိုင်း ခေါင်းခါနေသည်။

"သူ့မှာ နောက်ခံအမာခံ စောင့်ရှောက်မယ့်သူ ဘယ် မှမရှိဘူး. . . မိန်းကလေးတစ်ယောက်ကိုဖြစ်ချင်ရာဖြစ်ကျွန်တော် မလွှတ်နိုင်ဘူး. . . ပြီးတော့ ဒီကလေးကို ငယ်ငယ်ကတည်း ကျွန်တော် သွေးသားလို သံယောဇဉ်နဲ့မွေးလာခဲ့တာ. . . ပြောသလိုလုပ်ဖို့ လုံးဝမဖြစ်နိုင်ဘူး. . ."

"ဒါဆို. . . သူ့ကို အိမ်ခေါ်လာရမယ်ဆိုပါတော့. . .

"ဒီအတိုင်းပါပဲ. . ."

မင်းမကိုင်းက ခင်မဒီမျက်နှာကို စိုက်ကြည့်၍ ဖြည်း စွာ ထရပ်လိုက်သည်။

"မမကို ကျွန်တော်တစ်ခုမေးပါရစေ. . . ဘဘဆုံး





တာ သခင်မကျွန်တော့်ဆီကို ဖုန်းဆက်တယ် မဟုတ်လား"

စောစောက မာထန်နေသော မျက်နှာသည် ချက်ချင်း ကျ သွားလေသည်။

မညာတတ်သော မျက်နှာတစ်ခုပေါ်မှ တုန်လှုပ်ခြင်းများ ခေါင်းခါငြင်းဆန်မည့် ဟန်ပန်များလည်း မရှိ။

"ဘဘ. . . အသည်းအသန် ဖြစ်နေပါတယ်လို့. . . ခင်မ ကျွန်တော့်ကို လှမ်းဆက်တယ် မဟုတ်လား. . . မမ ပေးတာ မဟုတ်လား"

ခင်မဒီ မျက်နှာလေးနီရဲလျက် မင်းမကိုင်းကို စူးစိုက် ကြည့်နေရုံမှလွဲ၍ ဘာစကားမှ မထွက်။

သူတို့ မိသားစုဟာ မောက်မာရိုင်းစိုင်း ကြမ်းတမ်းသော ခါတ်နိမ့်ပါးသူများ မဟုတ်ကြပါဘဲ မောင်ရဲ့ဖေနဲ့ သခင်မကို ဘာပြောခဲ့သလဲ. . .

ကိုယ်ပြောခဲ့တာတွေ ကိုယ်သိနေသည်။

"ထပ်မဆက်နဲ့" လို့တောင် ပြောခဲ့သေးတာ ခေါ်ပေးဖို့ ကိုးကို ခေါင်းထဲပင် မထည့်ခဲ့ပါပေ။

တကယ်ဆို ဘဘဟာ သူတို့ မောင်နှမရဲ့ ကရုဏာရှင် ဆိန်းတော်ကြီးပါပဲ။

မိသားစုအပေါ် အလွန်စေတနာထား၍ သစ္စာရှိသူ။

ဒါကို သခင်မဆို ညီ တစ်မျက်နှာတည်းကြောင့် တစ်ယောက်ရဲ့ သေခြင်းရှင်ခြင်းကို သူမဂရုမစိုက်ခဲ့မိ။



www.burmeseclassic.com

www.burmeseclassic.com



မင်းမကိုင်၏ မျက်နှာက အေးစက်တင်းမာနေသည်။

ဒီကိစ္စ ဘာကြောင့် အစပြန်ပေါ်လာရတာလဲ. . .

သခင်မက တိုင်တန်းပြောပြခဲ့တာလား. . .

"သခင်မတို့ မြေးအဘိုးကို ကျွန်တော်တွေ့တော့ ဘာ . . ညကတည်းက ဆုံးခဲ့တာ. . . အေးစက်နေပြီ သခင်မ . . . သူ့အဘိုးအပေါ်မှာ မှောက်လျက်ကြီး သတိလစ်နေတာ. . . သူ့လက်ထဲမှာ ဖုန်းကိုင်ထားတယ် မမ. . . အဲဒီဖုန်း . . . အကြောင်းရှိရင်ဆက်နိုင်အောင် ကျွန်တော်ပေးထားတာ. . . ကျွန်တော့်ဆီကိုဆက်မှာပဲ. . . အဲဒါ မမ မမ. . ."

ကိုယ်ထက်အကြီးကို ပြန်ပြောခဲ့ဖူးရိုး ထုံးစံလည်း မရှိခဲ့ . . .

ပြောလည်း မပြောခဲ့ဘူးတာကြောင့် မင်းမကိုင် . . . စကားဆုံးအောင် မပြောနိုင်. . .

ကြေကွဲသောဒေါသများသည် မျက်နှာမှာ ရောင်စုံ . . . လွှားလျက်. . .

ထိုစဉ် တံခါးဝမှာ အရိပ်တစ်ခုပေါ်လာသည်။

မင်းမကိုင်၏ လှည့်ကြည့်၏။

အိမ်ပေါ်မှာရှိနေပြသည့် လူများကိုမြင်သည်နှင့် သခင် . . . နောက်ပြန်လှည့်သွားလေသည်။

"ချာထိတ်. . . နေဦး. . ."

သခင်မ ပြန်လှည့်လာသည်။

ခင်မဒီ၏ မျက်နှာ သွေးထွက်မတတ် နီရဲလာသည်။





မင်းမကိုင်၏ကို ကြောက်လို့မဟုတ်ပါ။

ဒါပေမယ့် 'သစ္စာနံ' ရဲ့မိသားစုဟာ ဒီလောက်ထိ စိတ်ဓါတ်နိမ့်ပါး ပါသည်ဆိုသော ပြယုဂ်တစ်ခုဟာဖြင့် ရာဇဝင်တွင် ကျန်ခဲ့တော့မည်။

ဒါ့အပြင် ကိုယ်ကအကြီး မလုပ်သင့်တာ လုပ်ခဲ့မိသူက ကိုယ်။

သခင်မ အားလုံးရဲ့ရှေ့မှာ ခပ်ရိုရိုလေး လာရပ်သည်။

"ဘဘဆုံးမယ့်ညက ညည်းဒို့ဆီကို ဖုန်းဆက်သလား"

သခင်မ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားသည်။

ခင်မဒီနှင့် မျက်ဝန်းချင်း ဖျတ်ခနဲဆုံလေသည်။

"ဟော့. . . မေးနေတာ ဖြေလေ. . ."

သခင်မ ခေါင်းညိတ်လိုက်သည်။

"ဘာဖြစ်လို့ ရအောင်မခေါ်တာလဲ. . . ဘယ်သူနဲ့ တွေ့သလဲ"

မင်းမကိုင်က ဆက်တိုက်မေးသည်။

သခင်မက ခင်မဒီ မျက်နှာကို မော့ကြည့်ကာ. . .

"မမကြီးနဲ့ တွေ့ပါတယ်. . ."

အားလုံးက တိတ်ဆိတ်နေသည်။

ခင်မဒီက အံကြိတ်၍ ဆုံးဖြတ်ပြီးသော မျက်နှာနှင့် မော့ထားလိုက်သည်.

သခင်မက ဆက်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ဦး အိပ်နေလို့ တအောင့်ပြောမှ ယုပ်ဆက်ပါလို့ ပြောပါတယ်"

မင်းမကိုင့် မျက်မှောင်ကုတ်သွားသည်။

ခင်မဒီ့မျက်နှာ အပြောင်းအလဲများစွာ ဖြစ်သွားလေသည်။

ဒေါ်စက်မြတ်ရှင်က ငြိမ်သက်စွာ ခံနေသည်။

"ဘာဖြစ်လို့ နောက်ထပ် မမေးတော့တာလဲ. . ."

"ဘိုးဘိုးက မဆက်ရဘူးဆိုလို့ပါ. . ."

ခွင့်လွှတ်ပါ ဘိုးဘိုးရယ်. . . ဘိုးဘိုးရှိနေရင်လည်း သခင်မ ဒီလိုပြောလိုက်မိတဲ့အတွက် အပြစ်တင်မှာ မဟုတ်ပါဘူးနော်. . .

ဘိုးဘိုးပြောခဲ့ဖူးတဲ့ ကျေးဇူးရှင်လို့ သတ်မှတ်ထိုက်သူတွေအတွက်. . .

သခင်မ စော်ကားခြင်းကို ရှောင်ရှားလိုက်တာပါ။

တိတ်ဆိတ်ခြင်းကို ကျော်ခိုင်းလျက် သခင်မ တစ်လှမ်းချင်း လှည့်ထွက်လာခဲ့သည်။

သူတို့ ဦးကို သာခေါ်ကြတာပဲ ဖြစ်မှာပါ။

ငါရှိနေရင် ဦးဆုံးဖြတ်ရခက်တော့မယ. . .

ဦး စိတ်မဆင်းရဲပါစေနဲ့တော့. . .

သခင်မ အိမ်လေးပေါ် ပြန်တက်လာခဲ့ရင်း အိမ်လေးကို ငေးကြည့်၍ မျက်ရည်တွေ ကျလာသည်။





သခင်မဆိုတဲ့ ဘဝဟာ ဘယ်တော့များမှ အေးချမ်းခွင့်ရမှာလဲ။

ဘိုးဘိုး ပန်းခင်းလေးထဲက အမြိုးကျရသမျှ စုဆောင်းပေးထားတဲ့ ငွေလေးတွေကို ဘိုးဘိုးရဲ့ သံသေတ္တာလေးထဲထည့် ကိုယ့်အဝတ်အစားလေးတွေပါ အားလုံးသိမ်းဆည်း. .

ပြီးတော့ ဘိုးဘိုး သေဆုံးခါနီး တစ်ရက်မှာ လဲထားခဲ့သည့် မလျှော်ရသေးသော ရှပ်အင်္ကျီတစ်ထည်ကို ဆွဲယူ၍ အားပါးတရ ရှိုက်နမ်းလိုက်မိသည်။

ဆေးနံ့နှင့် ဘိုးဘိုးရဲ့ကိုယ်နံ့ရောနေသော အင်္ကျီကို သေတ္တာထဲမှာထည့် ပိတ်လိုက်သည်။

ဒီအင်္ကျီလေးကို ဘယ်တော့မှလည်း မလျှော်တော့ဘဲ ဘိုးဘိုးရဲ့ကိုယ်စား သိမ်းဆည်းသွားပါတော့မည်။

သခင်မ ပြန်လာပြီဆို ဒေါ်ယမင်းဘယ်လိုနေမလဲ. . .

ငယ်ငယ်ကတည်းက အန်တီ အဒေါ် ဘယ်လိုခေါ်တာမှ မကြိုက်ခဲ့သည့် ဒေါ်ယမင်းက အစကတော့ သားသမီးလည်း မရှိသူမို့ သခင်မကို အမေလို့ ခေါ်စေချင်ခဲ့တာဖြစ်သည်။

နောက်တော့မှ သခင်မက ခိုက်တဲ့ကောင်မလေးရယ် လို့ စိမ်းကားရက်စက်ခဲ့ခြင်းဖြစ်လေသည်။

ဒါကြောင့် ဒေါ်ယမင်းလို့ပဲ ငယ်ငယ်ကတည်းက ခေါ်ဖြစ်ခဲ့သည်။

ခုပြန်လာတဲ့ သခင်မမှာ ငွေတွေလည်း ပါပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးလည်း မဟုတ်တော့ပါ။

ဒေါ်ယမင်း ကျေနပ်လက်ခံပါ့မလား...

သေချာတာ တစ်ခုတော့ ရှိပါသည်။

သခင်မ ပညာသင်ခွင့်တော့ ရနိုင်မည် မဟုတ်တော့ပါ။

ရှိပါစေတော့... ဘဝမှာ လုံခြုံစွာရပ်တည်ခွင့်ရဖို့က အဓိကပါပဲ။

သခင်မ သေတ္တာလေးကို မနိုင်မနင်းမ၍ အိမ်ရှေ့ ထုတ်လာခဲ့သည်။

"ဘိုးဘိုး..."

ဘိုးဘိုး အိပ်ခဲ့တဲ့ အိမ်ရှေ့ခန်းက တစ်ယောက်အိပ် ကုတင်လေး နံဘေးမှာနွမ်းလျစွာ ထိုင်ချလိုက်မိပြီး မျက်ရည်စက် တို့က ကုတင်စွန်းမှာ စိုစွတ်သွားလေသည်။

သခင်မ လက်အုပ်လေးချီ၍ ရှိခိုးလိုက်သည်။

"ဘိုးဘိုးရယ်... သခင်မ ဒီနေရာလေးကို ထားခဲ့ရ တော့မယ် ဘိုးဘိုးရဲ့အနံ့အသက်လေးတွေနဲ့ ဝေးတဲ့ဆီ သခင်မ သွားရတော့မယ်.. သခင်မ သွားရတော့မယ်...

....သခင်မ ကန်တော့ခဲ့ပါတယ် ဘိုးဘိုးရယ်... ဘိုးဘိုးကို သခင်မသိပ်ချစ်တယ်... ဘိုးဘိုးကို အမြဲသတိရ သွားမှာ၏ ဘိုးဘိုးပြောသမျှ ဆုံးမသမျှ သခင်မ မှတ်ထားမှာပါ"

သခင်မ တတွတ်တွတ် ပြောနေရင်း ကုတင်လေးပေါ် မျက်နှာမှောက်ချကာ တအားရှိုက်ငိုပစ်လိုက်သည်။





"ချာတိတ်..."

"ဟင်..."

သခင်မ မော့ကြည့်လိုက်သည်။

"ထစမ်း..."

မင်းမကိုင်း သခင်မရဲ့ လက်မောင်းလေး တစ်ဖက်ကို ဆွဲထူသည်။

"ဘယ်သွားမလို့ ဘဘကို နှုတ်ဆက်နေတာလဲ..."

မေး၍ သခင်မ မျက်ရည်တွေကို သုတ်ပေးသည်။

ဒီနေ့ထိ သခင်မမျက်ရည်ကို သုတ်မပေးခဲ့ဖူးတာ အမှတ်တရပါ။

"မျက်ရည်မကျနဲ့နော်..."

"မျက်ရည်သုတ်ပစ်စမ်း"

အဲဒါ မင်းမကိုင်း ပြောနေကျစကား။

"မေးတာ ဖြေလေကွာ..."

"သခင်မလာခဲ့တဲ့ နေရာကို သွားမလို့ပါ..."

မင်းမကိုင်းက သခင်မ မျက်နှာလေးကို အကြာကြီး စိုက်ကြည့်နေ၍ ဆံပင်နီနီလေးတွေကို ဖွပစ်လိုက်သည်။

"ညည်း ရူးနေလား... ဘဘ မရှိတော့တာနဲ့ ညည်း လုပ်ချင်ရာလုပ်လို့ ရသွားပြီလို့ ထင်နေတယ်ပေါ့..."

"မဟုတ်ပါဘူး... သခင်မ ဦးကိုလာကန်တော့ပြီးမှ သွားမှာပါ... ဦးကို သူတို့လာခေါ်ကြပြီ မဟုတ်လားဟင်...



www.burmeseclassic.com

www.burmeseclassic.com



သခင်မရှိရင် ဦး နောက်ဆံတင်း နေမှာစိုးလို့. . ."

"နောက်ဆံတင်းရုံပဲ ညည်းထင်လား. . ."

သခင်မ ဘာမှမပြောတတ်ပါ။

မင်းမကိုင်၏ မျက်နှာချောချောကိုသာ ငေးကြည့်နေမိသည်။

မင်းမကိုင်၏ ပင့်သက်ရှိုက်၍ တစ်ဘက်လှည့်သွားသည်။

"ဘာပစ္စည်းမှ မယူနဲ့တော့. . . ဟိုမှာ မယ်မယ်တို့စောင့်နေတယ်. . ."

"ရှင်. . . "

သခင်မ မျက်လုံးလေး ပြူးသွားကာ မင်းမကိုင်၏ ရှေ့ကကပျာ ကယာ သွားရပ်လိုက်သည်။

"ဦး. . ."

မင်းမကိုင်၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၍

"သခင်မက သူတို့နဲ့လိုက်သွားရမယ်. . ."

"အင်း. . ."

"ဟင့်အင်း. . . သခင်မ မလိုက်ဘူး. . . ဟင့်အင်း. . . ဟင့်အင်း. . ."

သခင်မ ခါးခါးသီးသြင်း၍ မျက်ရည်တွေ ကျလာပြန်သည်။

"သခင်မကို မကြည်ဖြူတဲ့ မျက်နှာတွေထဲမှာ သခင်မ မနေပါရစေနဲ့ ဦးရယ်. . . သခင်မ မလိုက်ပါရစေနဲ့နော်. . .





ကြည်ကြည် မကြည်ကြည် ကိုယ့်ရဲ့အဒေါ်အရင်းဆီကိုသွားပါရစေ

ဒေါ်ယမင်းဟာ အဘွားတော်ပေမယ့် ဒေါ်ယမင်းလို့ပဲ ခေါ် အဒေါ်အဖြစ်နဲ့ပဲ ဆက်ဆံခဲ့တာ အကျင့်ပါနေသည်မို့ တားပြောလည်း ဒီအတိုင်းသာ ပြောဖြစ်ခဲ့သည်။

မင်းမကိုင်၏ မျက်နှာကြီးက ချက်ချင်း သုန်မှုန်သွား၏။

"မသွားရဘူး. . . ညည်းကို ငါ့အရိပ်ထဲကနေ ဘယ်မှ သွားခွင့်မပြုနိုင်ဘူး. . . ဟိုမှာ ညည်းဘဝ ဘာတွေတိုးတက်လာနိုင်မှာလဲ. . . ဘာတွေဆက်ဖြစ်လာနိုင်လဲ ဆိုတာရော တွေးမိရဲ့လား"

"တွေးမိတယ်. . . သခင်မ တွေးပြီးပါပြီ. . . အဲဒါ သခင်မရဲ့ဘဝအမှန်ပါပဲ ဦးရယ်. . . မသွားရဲစရာ မရှိပါဘူး. . . ဦးတို့ရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ ဆွေမျိုးစုထဲကို ဝင်ရမှာနဲ့ စာရင်

"တော်စမ်း. . ."

မင်းမကိုင်၏ မအော်စဖူး အော်ဟစ်လိုက်သည်။

"လာခဲ့. . ."

"ဦး. . ."

သခင်မ ရုန်းရင်းဆန်ခတ်လည်း မလုပ်ရဲဘဲ မင်းမကိုင် ဆွဲခေါ်ခဲ့တဲ့နောက် အပြေးတစ်ပိုင်းလေး ပါသွားလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

'သစ္စာနှံ'

ဆိုသော မှုန်မှီစာလုံးလေးတွေက ခြံတံခါးဝမှာ လှပစွာ လင်းလက်နေလေသည်။

ခြံအဝင်ဝမှာ တိုက်ကြီးရဲ့ ဆင်ဝင်အောက်ထိ သစ်ပုတ်ပင် သေးသေးလှလှလေးတွေက လမ်းရဲ့ တစ်ဖက် တစ်ချက်မှာ သေသပ်စွာစီကန်းရှိနေကြသည်က တစ်ရွှယ်တည်း တစ်ရပ်တည်း နှုပ်ခဲနေကြတာကြောင့် စိမ်းညို့တာ သဘောကျ နှစ်ခြိုက်ဖွယ်ပင်။

အို. . .ရောင်စုံ နှင်းဆီတွေ လှလိုက်တာ. . .

ဟို ခြံကြီးထဲမှာလည်း နှင်းဆီတစ်မျိုးတည်းသာ စိုက်ခဲ့သည်။

ဦးတို့ တစ်မိသားစုလုံး နှင်းဆီကြိုက်ကြသည် တစ်ပါရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီမှာတော့ အဖြူနှီဝါ လိမ္မော် အရောင် အစောက်စုံလျက်...

အမှောင်ရင့်တာလေးတွေ နုဖက်ဖက်လေးတွေကို အတန်းလိုက်တစ်ရစ်စီထားလျက် နှင်းဆီနက်ကိုပါတွေ့လျှင် သခင်မကားပေါ်ကနေ ပါးစပ်ကလေး အဟောင်းသားဖြစ်နေမိလေသည်။

ဒီဘက်အခြမ်းမှာတော့ သစ်ခွ ဒေလီယာကအစ ရှန်းရှဲ စပယ်ရုံ ဟိုးအနောက်ဘက်မှာ ပိတောက်ပင်တန်းအထိ ပန်းပင်အစုံရှိနေသည်။

ခပ်ပြုပြုပဲမြင်ရသည့် ဟိုးနောက်ဖေးဖက်ထိ လည်ပင်းလေး ရှည်ကြည့်ရင်း သခင်မပန်းတွေထဲမှာ နစ်မျောသွားမိဆဲ ကားက တံခါးရှေ့ ရပ်သွား၏။

သူတို့ အသီးသီး ဆင်းသွားကြလျှင် ဒရိုင်ဘာဦးပိုက်က သခင်မနားက တံခါးကို လာဖွင့်ပေးသည်။

သခင်မကို စောင့်ခေါ်မယ့်သူ မရှိ။

ကားပေါ်မှာ အောက်သို့ ခြေစုံရပ်မိလျှင် တိုက်ကြီးရဲ့ တစ်ပို့တစ်ပိုင်း မြင်နေသည့် အတွင်းဘက်ကို ငေးကြည့်ကာ သခင်မ အားငယ်စိတ်တွေ အလုအယက် တိုးဝင်လာကြသည်။

"ဦးရယ်. . . သခင်မကို သွားတော့ဆိုပြီး ရက်ရက်စက်စက် ထိုး ထည့်ပစ်လိုက်တယ်နော်. . ."

သခင်မ တိုက်ကြီးပေါ် တက်ရမှာလား. . .





ဒီမှာပဲ လာခေါ်မယ့် သူကို စောင့်နေရမှာလား. . .

ဝဲတက်လာသည့် မျက်ရည်စကို မျက်တောင်တို့နှင့် ထိခတ် တားဆီးနေမိဆဲ. . .

"လာ. . . ညီမလေး. . ."

ရှေ့မှာ အမျိုးသမီးတစ်ယောက် ဘွားခနဲ ပေါ်လာသည်။

ဆံပင်ကို ခပ်မြင့်မြင့်မှာ ထုံးထား၍ သေသပ်စွာ ဝတ်ဆင်ထားသည်။

အသက်ကတော့ ခင်မဒီနှင့် မတိမ်းမယိမ်းလောက်ပဲ ရှိမည်။

သူက သခင်မ လက်ကလေးကိုဆွဲ၍ တိုက်ကြီးပေါ်သို့ တက်လာသည်။

ဒါပေမယ့် ဈေးဈေးနီနေသော ကတ္တီပါကော်ဇော ခင်းထားသည့် တိုက်ကြီးရဲ့အတွင်းပိုင်းကို မဟုတ်ဘဲ ဘေးမှ တွေ့သွားသည့် ကော်ရစ်ကလေးအတိုင်း နောက်ဖက်ကို ခေါ်လာခြင်း ဖြစ်လေသည်။

"ဒါ. . . အစ်မရဲ့ အခန်းပဲ. . . အဲဒီမှာ သခင်မလေး ထားတဲ့ ဝတ်စုံတစ်စုံရှိတယ်. . . ဟိုအကွေ့နားမှာ ရေချိုးခန်းရှိတယ်. . . အဲဒီမှာ ရေချိုးသန့်စင်ပြီး ဒါကိုဝတ်ပြီးရင် ညစာခန်းထဲဝင်ရမှာ. . ."

"ခု. . . ဝင်လို့မရဘူးလား ဟင်. . ."

"မရဘူး ညီမရဲ့. . . ခုလို အိမ်က အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ခေါ်တွေ့ပြီဆို အလုပ်သမားအားလုံး ဧရာချိုး သန့်စင်ပြီးမှ သခင်မကြီးတို့နဲ့ တွေ့ဖို့သွားရတယ်. . ."

"ရှင်. . ."

သခင်မ လက်ကလေးတွေ တုန်သွားသည်။

ဒါဆို သခင်မက ဒီအိမ်က အလုပ်သမားပေါ့. . .

။

❀ ❀ ❀

အပိုင်း (၂)

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဒီလို သဘောထားလို့ ဘယ်ဖြစ်မလဲ သမီးကြီးရဲ့. . . ဒိန်း ကလေးကို မယ်မယ်တို့က လမ်းပေါ်က ဆွဲခေါ်လာတာမှ ထုတ်တာ. . . သားငယ်ကိုယ်တိုင်အစ်ထည့်လိုက်တာ. . . အလုပ်သမားလို သဘောထားပြီး မနိုင်းစေဖို့ကို အထူးမှာ ဒိတ်တာ. . . သမီးကြီး အသိ. . ."

"ဟုတ်ပါတယ် မယ်မယ်. . . ဒါပေမယ့် နာမည်ကိုက ခင်မတဲ့. . , သူ့ကို မောင်မောင် ဒီလိုအရေးပေးထားတိုင်း ဒီတို့က ပျာပျာသလဲ လုပ်ပေးနေရင် ဒီစံအိမ်မှာ သူ နေချင်သလိုနေ. . . ဖြစ်ချင်သလို လုပ်သွားမှာပေါ့. . ."

"ဒါကတော့ စောင့်ကြည့်ရမှာပဲ. . . 'သစ္စာနဲ့' ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ မတရားမလုပ်သလို မတရားသဖြင့်
အဖြစ်မခံဘူးဆိုတာ ရာဇဝင်မပျက်စေရဘူး. . ."

*"မဒီကတော့ မောင်မောင့်ကို ဘုရားနဲ့ မဖြစ်*
လက်ထပ်ပေးလိုက်ပြီ. . . ဒီကောင်မလေးကိစ္စကို ဖြစ်သင့်
အတိုင်း စီရင်ချင်တယ်. . ."

ဒေါ်စက်မြတ်ရှင်က ကနုတ်လက်ရာများနှင့် ရှန်းဖြ
သော ကျွန်းကုလားထိုင်ကြီးပေါ်က ထကာ နံရံအပြည့် ကာ
သည့် ကန့်လန့်ကာကြီးရှေ့မှာ ရပ်လိုက်သည်။

"ဒီလိုလုပ်ရအောင် သားငယ်က အသက်မစေ့သေး
လူပျိုဖြန်းကလေးမှ မဟုတ်တာကွယ်. . . ဒါဘယ်လိုမှ မဖြစ်နိုင်
. . . မဖြစ်နိုင်မှန်းသိလို့ ဘုရားကိုယ်တိုင် သားငယ်ကို နှစ်
ရမှန်းသိရက်နဲ့ သူ့မိဘတွေကလည်း နားပူနေကြတဲ့ ကြာ
မယ်မယ် အင်းမလှုပ် အဲ့ မလှုပ် လုပ်နေခဲ့တာပေါ့. . ."

ခင်မဒီ သခင်မကို လုံးဝမနှစ်မြို့နိုင်တာ ခုပိုဆိုးသွ
သည်။

မောင်မောင့်ရှေ့မှာ အကြီးအကျယ် ကျရှုံးတော့
သိက္ခာတရားများကို သခင်မက မထင်မှတ်စွာ ကာကွယ်ပေး
သည်။

ဒါဟာ စေတနာလား နောင်တစ်ချိန်အတွက် ငဲ
လိုက်တာလား. . .

ဒီအခွင့်အရေးနဲ့ ခင်မဒီဆိုတဲ့ မိန်းမအပေါ် သခင်





အထက်စီးက ကြည့်လာခဲ့လျှင်. . .

"သူ့ကို မသူဇာနဲ့ နောက်တန်းလျား ထည့်လွှတ်
လိုက်တာ. . . သမီးကြီးမှားတယ်. . . ကိုယ့်သားပဲဖြစ်ဖြစ် အစိမ်းပဲ
ဖြစ်ဖြစ်. . . မယ်မယ် ကတိပေးခဲ့ပြီးတဲ့ကိစ္စကို သမီး ဒီလို
မလုပ်သင့်ဘူး. . ."

ခင်မဒီ ခေါင်းလေးငုံ့သွားလေသည်။

"သခင်မကြီးရှင့်. . . အားလုံး အဆင်သင့် ဖြစ်နေပါပြီ"

"အေး. . . တစ်ယောက်မှ မကျန်စေနဲ့. . . အားလုံး
လာခဲ့ကြ"

"ဟုတ်ကဲ့ရှင့်. . ."

မသူဇာထွက်သွားပြီး တအောင့်ကြာသည်နှင့် ခြံစောင့်
ဒရိုင်ဘာကအစ တစ်အိမ်လုံးမှာရှိသမျှ လူအားလုံး ဧည့်ခန်းရဲ့
အစပ်မှာ စီတန်းရပ်လိုက်ကြသည်။ သခင်မက မသူဇာရဲ့
ဘေးမှာ. . .

"မင်း. . . ဒီကိုလာခဲ့. . ."

ဒေါ်စက်မြတ်ရှင်ကခေါ်လျှင် သခင်မ ငေးငေးလေး
ကြည့်ကာ ရှေ့ကို တစ်လှမ်းချင်း ထွက်လာ၏။

"အဲဒီမှာ ထိုင်. . ."

နီရဲသော ကတ္တီပါဆိုဖာကွက်တွေပါသော ဖောင်းကြွ
နဂါးရုပ်ကြီးများနှင့် ကျွန်းကုလားထိုင်ကြီးကို တစ်ချက်ငုံ့ကြည့်၍
သခင်မ မရဲတရဲလေးထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးကို ပြောထားမယ်. . . သူ့နာမည်က သခင်မတဲ့"

အလုပ်သမားတွေမျက်နှာမှာ အံ့သြဟန်တွေ ပေါ်သွားကြသည်။

သို့သော ခဏသာဖြစ်၏။ မျက်နှာတွေ အသီးသီး ချသွားကြလေသည်။

"ဒို့ရဲ့ မိသားစုဝင်တော့ မဟုတ်ဘူး. . . ဒါပေမယ့် သူဒီမှာနေလိမ့်မယ်. . . ဝလေးဟာစား ဆက်ဆံပါ. . . လိုအပ်တာအားလုံး လုပ်ပေးပါ. . . မသူဇာ. . ."

"ရှင်. . ."

"သူ့ကို ဒီစံအိမ်မှာ နေတတ်ယိုင်ဘတ်အောင် အားလုံး ပြောပြ မသွားရမယ့်နေရာ မဝင်ရတဲ့အခန်း. . . အထူးသဖြင့်"

ဒေါ်စက်မြတ်ရှင် မျက်ဝန်းတို့က ချက်ချင်း အေးစက်ခက်ထန်သွားကာ မသူဇာကို အဓိပ္ပာယ်ပါသော အကြည့်တို့နှင့် မျက်ဝန်းစကားကိုဆိုသည့် တအောင့်ကြာမှ. . .

"ဒီအိမ်ကြီးမှာ အရှောင်ရှားသင့်ဆုံး စည်းကမ်းချက်တွေကို သတိပေးထား. . ."

"ကောင်းပါပြီရှင်. . ."

ပြီးတော့ အလုပ်သမားအားလုံး၏ နာမည်နဲ့ အလုပ်တို့ကိုပါ တစ်ယောက်ချင်း မိတ်ဆက်ပေး၍ အလုပ်သမားတွေကို ပြန်လွှတ်လိုက်သည်။

ဧည့်ခန်းထဲမှာ သူတို့သုံးယောက်သာ ကျန်ခဲ့လေသည်။





"မင်းမှာ ဒီနာမည်အပြင် ဒိုပြင်နာမည် မရှိဘူးလား"

ခင်မဒီက မကျေလည်တဲ့ အချက်ကိုပဲ အရင်စသည်။

"မရှိပါဘူး. . ."

"မင်းကို ဒီရှေ့လာရင်ဝတ်ဖို့ ဒို့ ဝတ်စုံပေးထားတာ . . . ဘာဖြစ်လို့ မဝတ်တာလဲ. . ."

သခင်မ မျက်လွှာလေးချသည်။

"သခင်မ မဝတ်ရဲလို့ပါ. . ."

ဖြေပုံက ယဉ်သည်။

နားလည်ပြီးသားမို့ ခင်မဒီက မဲ့၏။

"မင်းကို ဒီအရွယ်ထိ မောင်မောင်ကိုယ်တိုင် အဝတ် အစား ဝယ်ပေးနေတယ်လို့ကြားတယ်. . . ဒီအချိန်ကစပြီး မင်းရဲ့ကိစ္စ အဝဝ ဘာဖြစ်ဖြစ်မောင်မောင်က လုပ်ပေးသွားတာမျိုး မဖြစ်ပါစေနဲ့. . . လို့တာပြော. . . တည်တည်နေ မစပ်စုနဲ့"

"မှတ်ကဲ့. . ."

"မင်းကို ဒီကုလားထိုင်မှာ ခုလို ထိုင်ခွင့်ပေးခဲ့တာ. . . မောင်မောင့်ကြောင့်ဆိုပေမယ့် အခွင့်အရေးကို လိုတာထက် ပိုယူလာရင် မင်းစိတ်ဆင်းရဲသွားရမယ်ဆိုတာ အမြဲမှတ်ထားပါ"

"ဟုတ်ကဲ့. . . မှတ်ထားပါမယ်. . ."

သခင်မပြောသမျှ ခေါင်းညိတ်လျက် မျက်လွှာချထားခဲ့သည်။

ဘိုးဘိုးရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတွေဖြစ်လာမယ်ဆိုတာများ ဘိုးဘိုး ကြိုသိနေလို့လား ဟင်. . .

ကျေးဇူးဆိုတဲ့အကြောင်းကို ဘိုးဘိုး အကျယ်တဝင့် ရှင်းပြခဲ့တာ. . .

မောင်မင်းမကိုင်ရှိနဲ့ ပတ်သက်သမျှ အားလုံးကို သည်းခံပါ။

ကျေးဇူးရှင်လို့ သတ်မှတ်ပါ။

ဆိုတဲ့ စကားတွေဟာ ဒီနေ့ဒီအဖြစ်တွေအတွက် ကြိုပြောခဲ့တာလား. . .

ဝေ့လည်လာသော မျက်ရည်စကို သိမ်းဆည်း၍ သခင်မ ကျောက်ရုပ်ဆစ်ရုပ်လေးလို ထိုင်နေမိသည်။

ဦး ဘယ်မှာလဲ. . . ဦးက သခင်မကို ဒီမှာပဲထားပြီး ခြံထဲမှာ အေးအေးဆေးဆေး နေခဲ့တာလားဟင်. . .

ရက်စက်လိုက်တာ ဦးရယ်. . .

လုံးဝစိမ်းသက်တဲ့ မျက်နှာတွေကြားမှာ သခင်မ ဘယ်လိုအဆင့်မျိုးနဲ့ပဲ နေရနေရပျော်မယ်လို့ ဦးက ထင်နေတာလား. . .

ဘဝရဲ့ အဆစ်အချိုးများစွာသည် ခုချိန်ထိ အေးမြခြင်း မရှိသေးပါလား. . .

❀ ❀ ❀





"အို. . . အဲဒီနွားနဲ့ ညီမသွားမပို့နဲ့. . . သခင်မကြီးက စားစရာကို အစ်မကလွဲပြီး ဘယ်သူကိုင်တာမှ မကြိုက်ဘူး. . ."

သခင်မ အနည်းငယ် လက်တွန့်သွားပြီးမှ. . .

"ရတယ်. . . မေမေကြီးဆူရင် သခင်မကို ဆူမှာပါ. . . သခင်မ ခွတ်ယူလာတာလို့ ပြောပါ့မယ်. . ."

"အို. . . ဒုက္ခပါပဲ. . ."

သခင်မ နွားနို့ဖန်ခွက်လေး တင်ထားသည့် ငွေလင်ဗန်းကို မယူလာခဲ့သည်။

စာကြည့်ခန်းထဲမှာ ဒေါ်စက်မြတ်ရှင်က မျက်မှန် တစ်ဖက်က ကိုင်ထား၍ စာအုပ်ရှာနေသည်။

နောက်က လှုရိပ်မြင်၍ လှည့်အကြည့်။

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



သခင်မနဲ့ နွားနို့ကို တစ်ပြန်စီ ကြည့်ကာ. . .

"မသူဇာ ဘာလုပ်နေသလဲ. . . မင်းကိုသူခိုင်းတာ လား"

"မဟုတ်ပါဘူး မေမေကြီး. . . သူက ဘားပါတယ် သခင်မ ငွတ်ယူလာတာပါ. . ."

"ဘာ. . ."

ဒေါ်စက်မြတ်ရှင် မျက်နှာတင်းသွားသည်။

"မမသူဇာက မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေရင်း လက်ကို တစ်ခါသန့်စင်ဆေးကြောပြီးမှ လာပို့ရတာပါ. . . သခင်မက အားလည်းအားနေတယ်. . . ပြီးတော့ ရေမိုးချိုး သန့်စင်ထား ပါတယ်"

ဒေါ်စက်မြတ်ရှင်က ခပ်စူးစူးစိုက်ကြည့်၍ မျက်နှာ လွှဲလိုက်သည်။

"ထားခဲ့. . ."

သခင်မက စာကြည့်စားပွဲပေါ်မှာ နွားနို့ဗန်းကလေးကို အသာချ၍ ဒေါ်စက်မြတ်ရှင် ရှာဖွေနေသည့် စာအုပ်စင်ကို လည်ပင်းလေးရှည် ကြည့်သည်။

စာအုပ်စင်နေရာမှာ ခပ်မှောင်မှောင် ဖြစ်နေတာ မြင်လျှင် နံရံကပ်မီးခလုတ်ရဲ့ ခလုတ်ဆီလက်က အလိုလို ရောက်သွား၏။

ခလောက်ခနဲ အသံနှင့်အတူ မီးရောင်ဖွေးသွားလေ သည်။

ဒေါ်စက်မြတ်ရှင် လက်တွေတွန့်ခနဲ ဖြစ်သွားပြီးမှ





လှည့်မကြည့်ဘဲ ဆက်ရှာသည်။

စာအုပ်ကို တွေ့သွား၏။

စာအုပ်ယိုချင်သောဟာ ပြင်းပြလျက် မီးဖွင့်ကြည့်ဖို့ကို သတိကိုမရခဲ့တာ. . .

"မေမေကြီး. . . မီးပြန်ပိတ်လိုက်ရမလား ဟင်. . ."

"ထားလိုက်တော့. . ."

သခင်မက လက်ကလေးပိုက်ကာ. . .

"မေမေကြီး နောက်ကို ခိုင်းစရာရှိရင် မမသူဇာအစား သခင်မကိုလည်း ခိုင်းပါနော်. . . သခင်မ အမြဲသန့်ရှင်းအောင် နေပါ့မယ်. . . အိမ်မှာရှိနေတဲ့ အချိန်တိုင်း မေမေကြီးနဲ့ မမကြီးရဲ့ ဝေယျာဝစ္စကို လုပ်ပေးခွင့်ပြုပါ. . ."

ဒေါ်သူဇာ စကားတစ်လုံးမှမဆိုဘဲ မျက်မှန်ကြီး တပ်လိုက်ပြီး သခင်မကို စူးစိုက်ကြည့်သည်။

"သခင်မကို သွားခွင့်ပြုပါ. . ."

တစ်စုံတစ်ရာပြော၍ ငြင်းဆိုလာမှာ စိုးတာကြောင့် သခင်မခွင့်တောင်း၍ ခပ်ရို့ရို့လေး လှည့်ထွက်လာခဲ့သည်။

ဒေါ်စက်မြတ်ရှင် ဒရင်းဘတ်မှာ ထိုင်ချလိုက်တဲ့ အထိ စာမဖတ် ဖြစ်သေး။

သခင်မဆိုတာ ဘယ်လို မိန်းကလေးလဲ. . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

"ဒီအိမ်ကြီးထဲမှာ သခင်မလေးနဲ့ သခင်လေးရဲ့ အခန်းထဲကို ဘယ်သူမှဝင်ခွင့်မရှိဘူး. . . သူတို့ကလည်း အခန်းထဲ ခေါ်ပြောခိုင်းတာမျိုး ဘယ်တော့မှမလုပ်ဘူး. . . အခုအိမ်မှာ သခင်လေးမရှိတဲ့နှစ်တွေ အများကြီးပဲ. . . ဒါပေမယ့် အခန်းထဲမှာ ဖုံတစ်စက်ရှိမယ် မထင်နဲ့. . .

. . . သခင်မလေးက နေ့စဉ်သူကိုယ်တိုင် ဝင်ရှင်းတာ . . . မိုးလင်းတာနဲ့ အဲဒီအခန်းထဲဝင်တယ်. . . ပြီးမှ ရေချိုး မနက်စာစား အလုပ်သွားတယ်. . . သခင်လေးကို သခင်မလေး က သိပ်ချစ်တာ. . . တစ်ခါတစ်ခါများ သားလို့တောင်ခေါ်တာ သခင်မရဲ့. . ."

"ဩော်. . ."

"သခင်မကို မသူဇာ တစ်ခုပြောချင်တာက ဒီအိမ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



သခင်မ ဘာအလုပ်မှ ဝင်လုပ်ဖို့မလိုဘူး. . . ကြိုက်သလိုနေ ဘယ်သူကမှ ဘာမှပြောမှာ မဟုတ်ဘူး. . . ဒါပေမယ့်. . .”

မသူဇာတ သခင်မ မျက်နှာလှလှလေးကို အားနာစွာ တစ်ချက်ကြည့်၍. . .

“ဒီအိမ်ရဲ့ သည်းဦးပန်းဖြစ်တဲ့ သခင်လေးနဲ့တော့ ကင်းကင်းနေပါကွယ်. . . သူ့တို့စိုးရိမ်တာ ဒါပဲ. . . အရင်က ဘယ်လိုပဲနေခဲ့နေခဲ့ အခုသခင်မက အပျိုလေးဖြစ်နေပြီ. . . ဟောနောက်နှစ်ဆို ကိုးတန်းကျောင်းသူကြီး ဖြစ်တော့မယ်. . . ဘဝမှာ ဘယ်မှာပဲနေနေ. . . ဆင်ခြင်တုံတရားရှိဖို့ အဓိကပဲ”

မသူဇာက သခင်မနဲ့မင်းမကိုင်ရို့တို့ အရင်ကနေခဲ့ကြတွေ ကိုလည်းသိပြီးဖြစ်ပုံနှင့် ဟိုနေ့က ဒေါ်စက်မြတ်ရှင်ရဲ့ ဆိုလိုရင်း ကိုလည်း သခင်ကိုသိအောင်ပြောသည်။

သခင်မ ဝမ်းနည်းသွားသည်။

ရိုးသားခဲ့သော သံယောဇဉ်များသည် သံသယ မြူမှုန်များကြားမှ ဝေးဝါးသွားခဲ့ပြီလား. . .

ဆင်းရဲ ချမ်းသာ နှစ်ခုကြားမှာ မင်းမကိုင်ရို့ဆိုသည့် သူခင်တွယ်လေးစားခဲ့ရသော ဦးအပေါ် ထာဝရလွတ်လပ်စွာ ပြောဆိုခွင့် ရင်းနှီးခွင့်တွေဆုံးပါးခဲ့ရပြီ။

သခင်မ ခေါင်းညိတ်လိုက်ပါသည်။

“သခင်မ နားလည်ပါတယ်. . . မမသူဇာ သခင်မ အနေအထိုင်မတတ်တာရှိရင်လည်း ဆုံးမပါနော်. . . မတတ်





တာကိုလည်း သင်ပေးပါ. . .”

မသူဇာက ပြုံးနေသည်။

ဆံပင်နီနီလေးနှင့် နှာတံချွန်ချွန် နှုတ်ခမ်းပါးလေးများ ရှိသော ဖြူဝင်းနုစက်နေသည့် သခင်မဆိုသော ကောင်မလေးရဲ့ သွက်လက်နိုးမှ်ချတတ်သည့် စိတ်ဓါတ်လေးကို ချစ်ခင်သွားမိ သည်။

မနက်မနက်ဆိုလည်း သူက ကိုယ့်ထက်ပင် ဦးအောင် နိုးနေတတ်သည်။

သခင်မကြီး ဆွမ်းတော်ကပ်ဖို့ အစစအရာရာသူပဲ ဒွတ်ဝင်လုပ် ဒွတ်ပဲစကားတွေပြော။

အစကတည်းက သဘောထားမဆိုးလှသည့် သခင်မကြီးလည်း ခုနောက်ပိုင်း သိပ်တားတားမြစ်မြစ် မလုပ်တော့ဘဲ ရှိနေလသည်။

ကျောင်းသွားခါနီးဆိုလည်း. . .

“မမသူဇာ. . . အပြင်ကို ဘာမှာလိုက်ဦးမလဲ. . . သခင်မ ဝယ်ခဲ့မယ်လေ. . .”

ပြောပြီးမှသွားသည်။

ပြန်လာတိုင်း တစ်ခုခုဝယ်လာ၍ ပါးစပ်ထဲ မြေးခွံတတ်တဲ့ အကျင့်လေးလုပ်ပေးထားသလို ခုဆို မသူဇာ သခင်မ ကျောင်းက ပြန်အလာကို မျှော်တတ်နေပြီ။

ဒီအိမ်ကြီးမှာ မျက်နှာငယ်စွာနေရပေမယ့် အိမ်ရဲ့ အလုပ်သမား မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

သူဌေးသမီးလေးလို နေနိုင်ပါလျက် သခင်မက မနေ။ ချက်တဲ့ပြုတ်တဲ့နေရာ သခင်မကြီးတို့ ဝေယျာဝစ္စကိစ္စ တစ်ခါတလေ သန့်ရှင်းရေးလည်းပါ ခြံထဲမှာ ပန်းပင် ရေလောင်းတဲ့ထိ. . .

သခင်မက ဝင်ကူလိုက်သေးသည်။

အားလုံးပြီးစီးမှ အခန်းတံခါးပိတ် စာဖတ်တဲ့ကလေး

❀ ❀ ❀



"မသူဇာ. . ."

သခင်မ လွယ်အိတ်ကို ပခုံးပေါ်ကဖြုတ်ချ၍ မြေးထွက်ခဲ့သည်။

"မမကြီး ဘာခိုင်းမလို့လဲ ဟင်. . ."

"မသူဇာ ဘယ်မှာလဲ. . ."

"အပေါ်ထပ်မှာ ဆွမ်းတော်ပန်းကန်တွေ သိမ်းနေပါတယ်"

"ဖိနပ်တိုက်ခိုင်းမလို့. . ."

သစ္စာမွန်စာပေ.

www.burmeseclassic.com

www.burmeseclassic.com



"သခင်မ တိုက်ပေးပါ့မယ်. . ."

ပြောလည်းပြော၍ သခင်မက ခင်မဒီ ရွေးထုတ်ထားသည့် ဖိနပ်ကိုပြေးယူကာ ဘရပ်ရှ်နှင့်အရင်ခါချလိုက်သည်။

ခင်မဒီတားရတော့ မလိုလို ကြည့်နေရတော့မလိုလို

သခင်မ ကျောင်းစိမ်းဝတ်စုံလေး ဝတ်ထားတာမို့ ကျောင်းသွားတော့မည်ဆိုတာလည်း သိနေသည်။

တားချင်ပေမယ့် ဖိနပ်တိုက်ပေးနေသည့် အဖြစ်ကို လည်း ကျေနပ်သလိုဖြစ်နေတာ ဒီတိုင်းပဲကြည့်နေလိုက်တော့ သည်။

သခင်မက ဖိနပ်ကိုလက်တောက်သွားအောင် တိုက်ပြီး သည်နှင့် ခင်မဒီ ရှေ့မှာလာချပေးသည်။

ထိုစဉ်. . .

မထင်မှတ်စွာ ငြိမ့်ခနဲထိုးဆိုက်လာသည့် ဆိုင်ကယ်ပေါ်မှာ မင်းမကိုင်ရ်။

"ဟယ်. . . ဦး. . ."

အသံလေးကတော့ ဝမ်းသာလွန်း၍ ထိန်းမရနိုင်မီ ခုန်ထွက်သွားခဲ့သည်။

သို့သော် သခင်မ ချက်ချင်းမျက်နှာလေး တည်သွားကာ နေရာမှ ချာခနဲလှည့်ထွက်လာခဲ့သည်။

မင်းမကိုင်ရ်က မြင်ကွင်းကို စူးစိုက်ကြည့်လျက် တံခါးဝမှာ ဖိနပ်ငုံ့ချွတ်သည်။

"မောင်မောင်. . . ဟိုက ကိစ္စတွေဖြတ်ခဲ့ပြီလား. . ."





"ဟုတ်ကဲ့. . ."

မင်းမကိုင်ရ် မျက်နှာနီနီနှင့်အပေါ်ထပ်ကို တောက် လျှောက် တက်သွားသည်။

ပြန်ဆင်းလာတော့ လက်ထဲမှာ ဖိုင်တစ်ဖိုင်ပါလာ၏။

"သွားငယ်. . ."

ညှိခန်းထဲမှာ ဒေါ်စက်မြတ်ရှင်က စောင့်နေလျက်

"ဒီနေ့ ခြံအရောင်းအဝယ် ဖြစ်တော့မလား သား. . ."

"ဟုတ်တယ် မယ်မယ်. . ."

"ပြီးရင် သားငယ်. . . ချက်ချင်း ပြန်လာနော်. . ."

"ဟုတ်ကဲ့. . ."

မင်းမကိုင်ရ် စကားတစ်လုံးမှ အပိုမပြောသလို. . .

မျက်နှာကလည်း တင်းနေလျက် ပြန်ထွက်သွား လေသည်။

နောက်မှ သခင်မကလွယ်အိတ်လေး လွယ်၍ စာအုပ် ကလေးပိုက်လျက် ခပ်ရှိရှိလေး ထွက်လာသည်။

ဒေါ်စက်မြတ်ရှင်က ကားပေါ်တက်သွားတဲ့အထိ လိုက်ကြည့်နေပြီးမှ. . .

"သားငယ် ဘာဖြစ်သွားတာလဲ သမီးကြီးရယ်. . . ပြောစမ်းပါ ဦး"

"မဒီ့ဖိနပ်ကို သခင်မ တိုက်ပေးတာကို မြင်သွားတယ် မယ်မယ် သူ့ဟာသူလုပ်ပေးတာ. . . မဒီ ခိုင်းတာမှ မဟုတ်ဘဲ"

တကယ်တော့ မုသားမလွတ်ရှုံလေး ခင်မဒီ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိခြင်းဖြစ်သည်။

မသူဇာကိုခေါ်တာက ခြံထဲမှာနှင်းဆီပန်း အဝါတစ်ပွင့် ခူးခိုင်းမလို့။

ခင်မဒီက ပန်းကြိုက်သလောက်ပေါ်တော်ထားတဲ့ အကျီအရောင်နှင့် အရောင်တူတဲ့ ပန်းတစ်ပွင့်ကိုအမြဲ ပန်တတ်သူ။

ဖန်းထဲမှာမှ နှင်းဆီပန်းကို အကြိုက်ဆုံး။

မသူဇာမလာဘဲ သခင်မ ပြေးထွက်လာတာ မြင်တော့ ပန်းခူးခိုင်းမလို့လို့ မပြောမိဘဲ ဖိနပ်တိုက်ခိုင်းမလို့ဟု တမင်ပြောလိုက်မိတာ မဖြစ်မနေခိုင်းချင်လို့တော့ မဟုတ်ပါချေ။

ဘယ်လိုနေမလဲဆိုတာ သိချင်လို့. . .

သခင်မက တကယ်တိုက်တော့ အံ့လည်းအံ့ဩ တားမိမလိုလည်း ဖြစ်လိုက်ပါသေးသည်။

ဒါပေမယ့်. . .

"ဒါမျိုးကျတော့ မလုပ်နဲ့လို့ ပြောဖလေ. . . ဒီကောင်မလေးကလည်း ခက်သေးတယ်. . . အပြစ်ရခက် ကျေနပ်ရခက်. . . သားငယ်ပြန်ရောက်လာရင်စိတ်ညစ်ရဦးမယ်"

"ဘာဖြစ်လဲ မယ်မယ်. . . ဒါ သူ့ဟာသူသိဂေါ်တ်လို့ လုပ်နေတာပဲ. . . ဒီအိမ်မှာ သူ့သခင်လို မနေတာပဲ. . . ကျေးဇူးတင်ရဦးမှာ. . ."

ဒေါ်စက်မြတ်ရှင် မျက်နှာက ဝေခွဲမရဟန်တွေ ရှိနေဆဲ. . .





ဘာပဲပြောပြော ပြော့ပြော့ဆိုဆိုနဲ့ပဲ လက်ကလေး ပိုက်၍ ရှေ့ရောက်လာတတ်သည့် သခင့်မ ပုံစံလေးကို ပြန်တွေးနေမိလျက် . . .

အရင်တုန်းကလို မလိုလားတဲ့ စိတ်မျိုးတွေ သိသာစွာ လျော့ပါး နေတာလည်း ကိုယ့်ကိုယ်ကို သတိထားမိနေတဲ့ အဖြစ်. . .

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်မှာ ငြိမ်ငြိမ်လေးထိုင်လိုက်လာရင်း မျက်ဝန်းထောင့်က အရိပ်တစ်ခုကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည်။

"ဟင်. . . ဦး. . ."

မင်းမကိုင်နှင့်က ကားမောင်းနေသည့် ဦးပိုက်ကို ကျော်ကြည့်၍. . .

"ရှေ့မှာ ခဏရပ်လိုက် ဦးပိုက်. . ."

ဦးပိုက်က ခေါင်းညိတ်၍ လူရှင်းသည့် လမ်းဘေးအရိပ်တစ်ခုမှာ ကားကိုဆွဲချလိုက်သည်။

မင်းမကိုင်နှင့်က ဆိုင်ကယ်ဒေါက်ထောက်၍ ကားနားလျှောက်လာသည်။

"ချာတိတ်. . . အောက်ခဏ ဆင်းစမ်း. . ."

"ကျောင်းချိန်နီးနေပြီ ဦး. . ."

သန္တာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သိတယ်. . . ခကာဆင်း. . ."

သခင်မ ကားပေါ်ကဆင်း၍ မင်းမကိုင်ရှေ့မှာ မျက်လွှာလေးချ၍ ရပ်နေလိုက်သည်။

"ညည်းကို မမက ဖိနပ်တိုက်ခိုင်းသလား. . ."

နှစ်ယောက်ဆုံပြီးမေးလျှင် သခင်မက ဟိုတစ်ခါကလို ကာကွယ်ပြောသွားမှာပဲကို သိ၍ တမင်ပဲ ခုလို စောင့်မေးခဲ့ခြင်းဖြစ်သည်။

သခင်မက ခေါင်းလေးခါ၍. . .

သူမှာ ကိုယ့်အရှိန်နဲ့ကိုယ်။

သစ္စာနဲ့ကို ပြန်မလိုက်ချင်ပါဘူး တွင်တွင်ငြင်းခဲ့ပြီးမှ ခုတော့. . .

သခင်မ ပါလာတာနှင့် လိုက်လာပါပြီဆိုတဲ့ အပြောမျိုး ခံရမှာစိုး၍ ကိုယ်ရှိန်သတ်နေရပေမယ့် သူ့စိတ်က သခင်မ ဆီမှာပဲ ရောက်နေခဲ့သည်။

မယ်မယ့် သဘောထားကို နားလည်ပေမယ့် မမက ငယ်သူပီပီ သခင်မကိုလည်း မကြည်လင်လှတာသိနေ၍ ထည့်လိုက်ရပေမယ့် စိတ်ကမချ။

စောစောက မြင်လိုက်ရသည့် မြင်ကွင်းဟာ သူ့ရင်တစ်ခုလုံးကို ဆုပ်ယူချေမွခံလိုက်ရသည့်နှယ်ပါ။

တကယ်ဆို 'သစ္စာနဲ့' ကိုထည့်လွှတ်လိုက်တာ သခင်မ ဘဝမြှင့်မားစေဖို့. . .





ဒီအဖြစ်မျိုး ရောက်ဖို့မှ မဟုတ်ဘဲ. . .

"ချာတိတ်. . . ညည်း ဘာဖြစ်လို့ မပွင့်လင်းတာလဲ . . . ညည်း မပြောရင် ဒို့ကဘယ်လိုလုပ်သိမှာလဲ. . . အခု 'သစ္စာနဲ့'မှာ ညည်းကို ဘယ်လိုဆက်ဆံကြသလဲ. . . ဘယ်လိုထားသလဲ. . ."

"ကောင်းကောင်းပဲ ဆက်ဆံတယ်. . . ကောင်းကောင်းမွန်မွန်ထားတယ်. . . သခင်မ ပျော်တယ်လေ. . . ဘာဖြစ်လို့ ဒါတွေမေးနေတာလဲ ဦးရယ်. . ."

"မင်း ဖိနပ်တိုက်နေတာကို မြင်လို့ပေါ့. . . ဒါ မင်းလုပ်ရမယ့် အလုပ်လား. . ."

"ဟင်. . ."

ဒီတစ်ခါ သခင်မ မျက်နှာလေး ဆတ်ခနဲ မော့လာတာ အားမာန်အပြည့်နှင့်ပါ။

"ဦးဘယ်လိုပြောလိုက်တာလဲ ဦးရယ်. . . သခင်မ် ဖိနပ်တိုက်ပေးတာ ကျွန်လိုစိတ်ဓါတ်မျိုးနဲ့ မဟုတ်ဘူး. . . မိသားစုစိတ်ဓါတ်နဲ့ပါခံယူတဲ့သူက ဘယ်လိုပဲ ခံယူခံယူ. . . သခင်မကတော့ ကိုယ့်မိဘ ကိုယ့်အစ်မရင်းလို သဘောထားတယ်. . .

. . . သခင်မရဲ့ ဘဝကိုနေစရာအဆင်သင့်. . . စားဖို့အဆင်သင့်နဲ့ ပညာပါသင်ပေးထားတယ်. . . သွေးမတော်သားမစပ်ဘဲ ဒီလောက်ကောင်းထားတဲ့ ကျေးဇူးရှင်တွေကို သခင်မ ဖိနပ်ပဲတိုက်ပေးရ ပေးရ. . . ခြေဖဝါးအောက်မှာ ကျော့်ပဲ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ယေရ . . အဲဒါ သခင်မ ကျေးဇူးဆပ်တာပါ

. . . တုံ့ပြန်ကျေးဇူးဆပ်တာ သက်သက် မဟုတ်ဘူး . . . ဦးကိုချစ်သလို ဦးရဲ့မိဘကို ချစ်ခင်လေးစားပြီး ကျေးဇူးဆပ်တာ. . . အဲဒါ ဦးအပေါ်သခင်မထားတဲ့လေးစားမှုတွေပါပဲ"

သခင်မစကားတွေ တတ်နေတာကို မင်းမကိုင်မှ ခပ်မှုးမှုး ကြည့်နေမိသည်မှလွဲ၍ ဘာတစ်ခွန်းမှဝင်မပြောပေ။

"အိမ်မှာ သခင်မ အနေရခက်အောင် သခင်မနဲ့ ပတ်သက်ပြီး ဘာမှပြဿနာမရှာပါနဲ့ ဦးရယ် . . . သခင်မ တောင်းပန်ပါတယ် . . . "

"ဘာ . . . ဒို့က ပြဿနာရှာတယ် ဟုတ်လား . . . "

"မဟုတ်ဘူး . . . သခင်မပြောချင်တာက အားလုံး အပေါ် သခင်မကမိသားစုစိတ်နဲ့ပြုစုနေတာပါ . . . ဦး မိဘမကောင်း ဖြစ်ပြီး တစ်ခုခုသွားပြောမိမှာစိုးလို့ . . . "

"တော်တော့ . . . မင်း ဒို့ကို ဘာမှဘုန်းကြီးစာချ လုပ်မနေနဲ့ . . . လုပ်ပေးသင့်တာကိုလုပ် . . . ဖိနပ်တိုက်ပေး ချပေးတဲ့အထိ လုပ်စရာမလိုဘူး . . . နောက်ဒါမျိုး ထပ်မြင်ရရင် မင်းမလွယ်ဘူး . . . "

မင်းမကိုင်မှ ဒေါသလပွနှင့် လှည့်ထွက်သွားသည်။

ဦးပိုက် အားလုံးကိုကြားမြင်လျှင် သက်ပြင်းချလေ သည်။

ချစ်ခြင်းနဲ့သံယောဇဉ်ဟာ ညီမျှခြင်းလား . . .

❀ ❀ ❀



## အခန်း (၇)

"ရှူး . . . "

အဝတ်လျှော်သည့် မမိုးကို ခန်းဆီးစတွေ ကူဖြုတ်ပေး နေဆဲ တံခါးဝဆီကခေါ်သံကြောင့် သခင်မ လှည့်ကြည့်လိုက် မိသည်။

ထုံးခြောက်ရောင် ဘောင်းဘီရှည် စပို့ရှပ်ဖြူဖျော့ဖျော့ နှင့် အပေါ်ကအနက်ရောင် ဝစ်ကုတ်ဂျိုင်းပြတ်တို့နံ့နံ့ကို ထပ်ဝတ်ထားသည်။

သခင်မတို့နှင့် မတိမ်းမယိမ်းအရွယ် လူငယ်တစ်ယောက်။

ဆံပင်က ကတုံးဖြစ်လုနီးနီး ငုတ်တိုထောင်ထောင် ပုံစံစတိုင်ထွင်ထားပေမယ့် နှာတံပေါ်ပေါ် မျက်ခုံးကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းနှင့် အသားလတ်၍ အတော်လေးကြည့်ကောင်းပါသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ. . ."

မမိုးက လှမ်းမေးသည်။

"ဒီမှာ အန်တီ မဒီဆိုတာရှိတယ် မဟုတ်လား. . ."

စကားသံက ပြတ်တောက်တောက်နှင့် မြန်မာစကားပဲ မပြောတတ်သလိုလို. . .

မမိုးက ခုံပေါ်တက်နေရသည်မို့ သခင်မကပဲ ပြန်ဖြေရသည်။

"ဒါ. . . အန်တီမဒီရဲ့အိမ်ပဲ. . . ဒါပေမယ့် ခုမရှိဘူး"

"ဒီ့ကို တံခါးလေး ခဏဖွင့်ပေးပါလား. . . လူကြုံပေးလိုက်တာလေး ပေးချင်လို့. . ."

"ဘယ်က လူကြုံလဲ. . .ပြောဦးလေ. . ."

"ကျွတ်. . ."

လူရွယ်က ခေါင်းကုတ် နားကိုင်နှင့် စိတ်ပျက်လက်ပျက် ပုံစံဖြစ်သွားလေသည်။

"ခင်ဗျားတို့ဆီလာရတာ မလွယ်လိုက်တာဗျာ. . . ခြံဝမှာ တစ်ခါအစစ်ခံရ. . . အထဲမှာ တစ်ခါမေး. . . ရေရေလည်လည် ညစ်ဖို့ကောင်းတယ်. . ."

သခင်မက ခါးလေးထောက်လိုက်ကာ. . .

"စစ်ရမှာပေါ့ရှင့်. . . ရှင်ဘူများ ပိုင်နက်ထဲကိုဝင်တာ . . . လွယ်လွယ်လေးဝင်လို့ရမလား. . . မကျေနပ်ရင် ရှင့်ကိစ္စ ရှင်ပိုက်ပြီးပြန်ပေါ့. . ."





"ဟား. . . မိုက်လှချေလား. . ."

သခင်မက မျက်စောင်းထိုးသည်။

လူရွယ်က ဒါကို စူးစူးစိုက်စိုက်လိုက်ကြည့်၍ မှန်ကွက်တွေကို လက်နှင့်ပုတ်လိုက်ကာ. . .

"ဒေါ်ဘရက်ဇီ လွှတ်လိုက်တာ. . . စာတစ်စောင် ပေးလိုက်တယ် ကဲ. . . စာကိုစစ်ဆေးချင်ရင်တော့ တံခါးဖွင့်ပေးတော့. . ."

ဘရက်ဇီဆို၍ မမိုး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"သခင်မရေ. . . သွားဖွင့်လိုက်သွား. . . အဲ့ဒါ အရေးကြီးတယ်"

ခပ်တိုးတိုး လှမ်းပြော၏။

ဒါကိုပဲ လူရွယ်ကကြားဖြစ်အောင်ကြား၍ ပြုံးတော်မူလေသည်။

သခင်မ မျက်နှာကို တင်း၍ တံခါးဖွင့်လိုက်သည်။

သို့သော် တံခါးကို ဟသည်ဆိုရုံလေး ဟ၍. . .

"ပေး စာ. . ."

လူရွယ်က စာကိုချက်ချင်း မပေးဘဲ သခင်မကို အားပါးတရ ပြုံးကြည့်လိုက်သေးသည်။

"အထဲ မဝင်ရဘူးလား. . ."

"အထဲမှာ ဘယ်သူမှ မရှိဘူးရှင့်. . . စာပေးခဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"အင့် . . ."

စာကိုယူ၍ သခင်မက တံခါးပိတ်ဖို့ လက်ပြင်လိုက်လျှင်

"နေပါဦး . . ."

"အို . . ဘာလုပ်တာလဲ . . ."

လက်ကို ဖမ်းဆွဲခံလိုက်ရသဖြင့် သခင်မ နောက်လည်းဆုတ် လက်ကိုလည်းခါ၍ တအားအော်သည်။

"ဖြစ်သွားလိုက်တာဗျာ . . . ကင်းကိုက်တာကျနေတာပဲ . . . မှာလိုက်တာရှိသေးလို့ ခင်ဗျား . . . တံခါးပိတ်လိုက်မှာစိုးလို့ ဆွဲလိုက်တာပါ . . . ဒုက္ခပါပဲ ဒီလက်ကြောင့် မြန်မာနိုင်ငံရောက်မှပဲ ထောင်နန်းစံရတော့မယ့် အဖြစ်ပါလား"

"သတိထား ကြိုးမိန့်ပါကျဦးမယ် . . ."

သခင်မ ဒေါသမထိန်းနိုင်၍ ပြောလိုက်မိလျှင် သူက တပြားဟား ရယ်နေသေးသည်။

"ကဲ . . မြန်မြန်ပြောလေ . . . ဘာမှာလိုက်လို့လဲ"

"အဲဒီစာထဲမှာ နောက်ပြောင်းထားတဲ့ ဖုန်းနံပါတ်ပါတယ်တဲ့ စာဖတ်ပြီးပြီးချင်း အဲဒီနံပါတ်အတိုင်း ပြန်ဆက်ပါတဲ့ . . . အရေးကြီးတယ်တဲ့ . . ."

"ဒါပဲလား . . ."

"အင်း . . ."

သခင်မက တံခါးဆွဲပိတ်သည်။

"ဟာ နေဦး . . . ကျန်သေးတယ် . . .





တံခါးနှစ်ချပ်ကြားထဲ လက်ဖဝါးထည့်ခံထား၍ အော်ပြန်သည်။

သခင်မ နှုတ်ခမ်းလေးကိုက်၍ တံခါးပြန်ဟလိုက်ရသည်။

"ကဲ . . . ပြော ပြော . . ."

"အောက်မှာပါသေးတယ် . . သတိရခြင်းများစွာဖြင့် ပုံ ဘရက်တဲ့ . . ."

"တောက် . . ."

သခင်မကို တံခါးနှစ်ခုကြားမှနေ၍ မျက်စိမှိတ်ပြသွားသည်။

တော်တော့်ကို ရဲတင်းနောက်ပြောင်လွန်းတဲ့သူ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

"မမကြီး . . . ဒီမှာ လိမ္မော်ရည် . .

"ထားခဲ့ . . ."

သခင်မက လက်သည်းတွေချွန်ပြီး ခြေသည်းတွေဆီ လက်လှမ်းလိုက်သည့် ခင်မဇီလက်တွေကို ဖမ်းကိုင်လိုက်ကာ -

"မမကြီး . . . အအေးသောက်မှာ မဟုတ်ဂ ား . . . ခြေထောက်ကို မကိုင်နဲ့လေ . . . သခင်မ ချွန်ပေးမယ်နော်"

ပြောလို့မပြီးသေး မဒီခြေထောက်နှားမှာ လူက ထိုင်ပြီး သား ဖြစ်သွားသည်။

ခင်မ ို ာ်ထဲက လက်သည်းညှပ်ကို ပြောင်းယူ၍ ခြေထောက်တစ်ဖက်ကို ပေါင်ပေါ်တင်ယူကာ သခင်မက ကျကျနန လုပ်ပေးလေသည်။

ရင်ထဲမှာ ကျေနပ်တာလား ကြည်နူးတာလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးဟာဘယ်လိုပြောပြော ဘယ်လောက်ဆူဆူ မျက်နှာလေး ချပစ်တတ်သည်မှ လွဲ၍ အံကြိတ်ခံတတ်တဲ့ ပုံစံမျိုးလည်း မပြ။

စိတ်ကျောက်နေတာမျိုးလည်း မရှိ။

သူနဲ့ဘာမှ မဖြစ်ခဲ့တဲ့ အတိုင်း အခေါ်မပျက် ဝတ္တရား မပျက်။

မနေ့ကပဲ မဒီ ဆူမိခဲ့သေးသည်။

မသူဇာကို ထမိမီးပူတိုက်ခိုင်းတော့လည်း သူပါ ပန်းခူး ခိုင်းတာလည်းပါ။

"မင်း ဒို့ကိစ္စတွေ ဘာမှလိုက်လုပ် မပေးနဲ့. . . နေတတ်သလိုနေပါ. . . ဘာလဲ ဒါတွေ လိုက်လုပ်ပြီး ဒို့ မိသားစု တစ်ယောက်နဲ့ကစ်ယောက် စိတ်ဝမ်းကွဲကြအောင် မင်းက အမှတ် ယူနေတာလား. . ."

အဲဒီအတိုင်းပဲ မေးပစ်ခဲ့သည်။

"မဟုတ်ပါဘူး မမကြီးရယ်. . . သခင်မ ဘာအကြံဉာဏ် နဲ့မှ လည်း မဟုတ်ပါဘူး. . . မေမေကြီးနဲ့ မမကြီးကို ကိုယ့်ကျေးဇူး ရှင် လူကြီးမိဘတွေလို့ သဘောထားပြီး စိတ်ပါလက်ပါ ပြုစု လုပ်ကိုင်ပေးနေတာပါ သခင်မကြောင့် ဘာပြဿနာမှ မဖြစ်စေ ရပါဘူး. . ."

"လုပ်မနေပါနဲ့. . . ဒို့မယုံဘူး. . . မင်း အဲသလို အပြော တွေနဲ့ မောင်မောင့်ကိုပဲ သိမ်းသွင်းလို့ ရမယ်. . . ဒို့ကိုမရဘူး. . ."





အဲဒီလို ပြောမိ၍ မယ်မယ်ကလည်း ခေါ်ဆူသည်။

"စကားကို ဆင်ခြင်ပြော သမီးကြီး. . . ကိုယ်ပြောတဲ့ စကားတစ်ခွန်းကြောင့် ကိုယ့်ရဲ့တန်ဖိုးကျမသွားစေနဲ့. . . ရုန်းရင်းကြမ်းတမ်းတဲ့ စကားတစ်ခွန်းပြောရင် လူမှာ တစ်ခါ ကျက်သရေ ယုတ်တယ်. . .

. . . ဒီလိုပဲ သေးနုပ်တဲ့ အယူအဆနဲ့ ထင်ရာ ပြောတတ် တဲ့ လူဟာ ဘာမှတန်ဖိုးမရှိဘူး. . . မယ်မယ်တို့က အမျိုးမြတ်တဲ့ သူတွေ. . . လူရော စိတ်ရော မြင့်မြင့်မြတ်မြတ် ရှိစေချင် တယ်. . ."

ခင်မဒီ အရှက်ကြီး ရှက်ခဲ့ရသည်။

"အခု သမီးကြီး ဒီလိုပြောလိုက်တာကို တစ်ဖက်က ခွင့်လွှတ် ပေးလိုက်တာ. . . သမီး ဘယ်လောက်နစ်နာသွား သလဲ. . . ပြီးတော့ ဒီ စကားတွေဟာ အိပ်ပျော်နေတဲ့ကျားကို ပုတ်နှိုးသလို. . .

. . . ပြာဖုံးနေတဲ့ မီးခဲကို ယပ်ခပ်ပေးသလို ရိုးသားနေတဲ့ နှလုံးသားတွေကို အရောင်ဆိုးဖို့ ကြိုးစားတာနဲ့ အတူတူပဲ . . . သူ့အတိုင်းနဲ့သူ ရှိနေပါစေကွယ်. . ."

သခင်မ မျက်နှာလေးကို ငုံ့ကြည့်၍ ခင်မဒီ မနေ့က အဖြစ် တွေကို ပြန်တွေးကြည့်မိသည်။

သခင်မ မျက်နှာမှာ လုံးဝ ညိုညစ်ကောက်ကွေ့ခြင်းတွေ ရှိမနေတာတော့ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအရွယ်နဲ့ ဒီလို အခွင့်အရေးတွေ ပေးခံရတားတဲ့ အခြေအနေ မှာ သခင်မ လုံးဝ အခွင့်အရေး မယူဘဲ ချစ်စရာ ကောင်းအောင် လုပ်ကိုင် နေပြလေးတွေဟာ တမင် ဖန်တီးယူ နေတာနဲ့လည်း မတူ။

သေချာတာကတော့ ရင်ထဲက မလိုလားခြင်းတွေ တဖြည်းဖြည်း အရည်ပျော်ချင်နေတာ ဖြစ်သည်။

❀ ❀ ❀

"စာထဲမှာ ဘာတွေ ရေးထားလို့လဲ. . . ပြောပါဦး. . .

"ဩော်. . . အမြန်ဆုံး လက်ထပ်ချင်တဲ့အကြောင်းပေါ့ ဘရက်ရယ်. . . ဖုန်းနဲ့ပြောရတာ အားမရလို့ စာရေးတာတဲ့. . . စာကလည်း ရှည့်လိုက်တာ မနည်းဖတ်ယူရတယ်. . ."

"ဒါဖြင့် လက်ထပ်ဖို့ရက်က ဘယ်လိုလဲ. . ."

ခင်မဒီက ရှက်ရယ်လေး ရယ်သည်။

"မထူးတော့ဘူးလေ. . . ကြာလည်းကြာပြီဆိုတော့ ရှင်ကြိုက်တဲ့ နေ့သာ ရွေးလိုက်တော့လို့ ပြောလိုက်တယ်. . .

"ဟယ်. . . ဟုတ်လား ဒါဆိုကိုကြီးအတွက် ဝမ်းသာ စရာပေါ့ သေချာပါတယ်. . . ကိုကြီး မြန်မာပြည်ချက်ချင်း ရောက်ချလာမှာ မကြာတော့ဘူး. . ."

ဘရက်ဂ်က ပြောလေ ခင်မဒီက ရှက်နေလေ. . .

**သစ္စာမွန်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ပြောလိုက်ရယ်လိုက်နှင့် သူ့အကြောင်း ကိုယ့်အကြောင်း ရင်ဖွင့်နေမိကြသည်။

ခင်မဒီက ဘရက်ဂျီအစ်ကို ဝမ်းကွဲနှင့်စေ့စပ်ထားသူ ဖြစ်သည်။

လူကြီးတွေကရော ဝင်းခန့်လွင်ကပါ လက်ထပ်စေလိုကြပေမယ့် ခင်မဒီက ရက်တွေ လတွေရွှေ့ဆိုင်းနေသည်မို့ ဒီမနေ့ထိ ကြာနေခဲ့ခြင်းဖြစ်လေသည်။

"ဒါနဲ့ စာလာပေးတာ. . . ကောင်လေး တစ်ယောက်ဆို ဘယ်သူလဲ. . ."

"အေး. . . အဲ့ဒါ ပြောဖို့ မေ့နေတာ. . . အဲဒီကောင်လေးက အမြင့်ချွန်တဲ့ တကယ့်ဟိုက်ဘော့စ်တွေ. . . ကိုးနှစ်သားကတည်းက မအေဆုံးပြီး နိုင်ငံခြားကို ဖအေနဲ့ပါသွားတာ. . .

. . . အခု ဖအေကလည်း ဟိုမှာ ဒိတ်ဒိတ်ကျဲ ဖြစ်နေပြီ . . . မြန်မာပြည်မှာကျန်ခဲ့တဲ့ နှစ်ဘက် ဘိုးဘွားတွေကလည်း ချမ်းသာတာ ကျိကျိတက်. . ."

"ဟုတ်လား. . . မြင်တောင် မမြင်လိုက်ဘူး. . . မရိုးတို့ပြောလို့ သိတာ. . ."

"မမိုးကပဲ ပြောလား. . . သခင်မက ဘာမှမပြောဘူးလား"

"ဟင်. . ."

ခင်မဒီက အံ့ဩသွားသလို ပြန်ကြည့်သည်။





ဘရက်ဂျီက ဒီကို မရောက်ဖြစ်ပေမယ့် သခင်မ ဒီကို ရောက်လာတဲ့ အကြောင်းရော လက်ရှိအခြေအနေ အားလုံးကိုပါ သိထားလေသည်။

"စာပို့ သူပဲ ယူလာတာပေါ့. . . မြန်မာပြည် ရောက်ရောက် ချင်း ဒို့ဆီ ပြေးလာပေးတာပဲ. . . အဲဒါ ဒို့က မအားတာနဲ့ တစ်ခါတည်း သွားပေးပေးဖို့ တောင်းပန်ရတာ. . . ပြန်လာတော့ ဘာပြောတယ်မှတ်လဲ"

"ဘာတဲ့လဲ. . ."

"အဲဒီမှာ ဆံပင်နီနီလေးနဲ့ ကောင်မလေး တစ်ယောက် တွေ့ခဲ့တယ်တဲ့. . . သိပ်လှတာပဲတဲ့. . ."

"ဟင်. . ."

"စွာလည်းစွာတယ်တဲ့. . . သူ့ သဘောကျတယ်တဲ့ . . . အဲဒီ အိမ်ကိုဝင်ထွက်ခွင့်ရအောင် ကူညီပါတဲ့. . . ကဲ. . ."

"ဘုရားရေ. . ."

ခင်မဒီ တကယ့်ကို အံ့ဩပါတော့သည်။

"မင်း ဘယ်လို သဘောရလဲ. . ."

"ဘာကိုလဲ. . . ဘရက်ဂျီ. . ."

"ကောင်လေးက နိုင်ငံခြားမှာပဲ ဘွဲ့ရတယ်. . . ဘွဲ့ရပြီးတိုကြီးတို့နဲ့ တန်းတူဒရိုက်တာ အဖွဲ့ဝင်လုပ်နေတာ. . . လူသာငယ်တာ ပညာတတ်တယ်. . . ဟိုမှာပဲ အနေကြာတော့ ရှင်လင်းတယ်. . . ဒို့မြန်မာ မျက်စိထဲမှာတော့ ရိုင်းတာပေါ့. . .



www.burmeseclassic.com

www.burmeseclassic.com



သခင်မကို တကယ်သဘောကျနေပုံရတယ် မဒီရဲ့. . . အိမ်
လာတာ နှစ်ခေါက်ရှိပြီ. . ."

"တကယ်တမ်း ဖြစ်သွားမယ်ဆို ဘာမကြည်ဖြူစရာ
. . . သူက လူဖျိုမဟုတ်လား. . ."

"ဟုတ်တယ်. . . ဒါက ပြဿနာ မရှိပါဘူး. . . ဟို
ကိုကြီး ရှိတာပဲ. . . စုံစမ်းရင် လွယ်လွယ်လေးပါ. . . ပြီးတော့
အသက်နှစ်ဆယ်ပဲ ရှိသေးတာ. . ."

"သခင်မက ခုမှ ကိုးတန်းပဲ ရှိသေးတာကွယ်. . ."

"ဒါကတော့ ဖြစ်နိုင်တဲ့အချိန်ကျမှ စီစဉ်ပေးပေါ့. . .
လောဆယ် အင်ဂေ့ရှ်လုပ်ပေးပြီး. . . သချောဟာ ထစ်
စီစဉ်ထားလိုက်ရင်ပြီးတာပဲ. . . ဗိုတော့ အဲဒီကိစ္စ ဖြစ်စေချင်
. . . မကိုင်ရဲကို ကောင်မလေးနဲ့ လုံးဝမနီးစေချင်ဘူးကွာ. . .

ဘရဏီက ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံသည်။

ခင်မဒီ စိတ်မကောင်း ဖြစ်သွား၏။

ကိုယ့်မောင်က အေးစက်စက်နေသလောက် ဘရဏီ
စိတ် ရှည်လက်ရှည် စောင့်ခဲ့ရှာသည်။

ကျောင်းပြီးကတည်းက နှစ်တွေ နည်းလို့လား. . .

ပြီးတော့ ကိုယ်နဲ့ ရွယ်တူဆိုတော့ မောင်မောင်
နှစ်နှစ် ကျော်ကျော်ကြီးနေသည်၊ ညားသွားတဲ့ နောက်
သည်းခံခွင့်လွှတ် ချစ်သွားနိုင်မည့်သူ။

"စိတ်ချပါ ဘရဏီရယ်. . . ဒီကိစ္စ မယ်မယ်နဲ့ တိုင်





အနီး စပ်ဆုံးဖြစ်အောင် ဒို့ကြိုးစားပါ့မယ်. . . ကာကယ်ရှင်
ကိုယ်တိုင် ကြည်ဖြူတာမျိုးဆို ပိုကောင်းတယ်လေ. . ."

"ဒါဆို မင်းတို့ မိတ်ဆွေအဖြစ်နဲ့ပဲ အမြင့်ဈာန်ကို ဒီမှာ
ဝင်ထွက် သွားလာ ခွင့်ပြုလိုက်ပေါ့နော်. . . ဒါမှ သူတို့ချင်း
နီးစပ်မှာ. . ."

ခင်မဒီ ချက်ချင်း အဖြေမပေးရဲပါ။

မောင်မောင်က မနက်ဖြန်ပဲ ရောက်လာတော့မှာ
ဖြစ်သည်။

ပြီးတော့ မယ်မယ်ကလည်း စည်းကမ်းကြီးလွန်းတဲ့သူ. . .

"အင်းလေ. . . ဒို့ အဆင်သင့်ဖြစ်တဲ့နေ့ အကြောင်းပြန်
မယ်. . မင်းနဲ့အရင်ခေါ်လာခဲ့ပေါ့. . ."

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

"မင်္ဂလာဆောင်မှာ သခင်မက သတို့သမီးအရံ လုပ်ရမယ်"

ခင်မဒီက ဂရုစိုက် စကားပြောလာသည်မို့ သခင်မ ပျော်သွားသည်။

"သတို့သားအရံက ဘယ်သူလဲ. . ."

"အမြင့်ချွန်. . ."

ဒေါ်စက်မြတ်ရှင် မျက်မှောင်ကုတ်သွားသည်။

လာလိုက်လျှင် အိတ်တွေပွရွနေအောင် ပါသော ဘောင်းဘီရှည်ဖားဖားနှင့် အကျီကြောင်ကြောင်ကျားကျား ဆံပင်က ကတုံးလိုလို ဘာလိုလို. . .

မဒီ ပြောပြထား၍ သခင်မကို လက်ထပ်လိုတဲ့ ကလေး မှန်း သိထားပေမယ့် စိတ်ထဲကတော့ သိပ်မနှစ်မြို့လှပေ။

နိုင်ငံခြားမှာ ကြီးပြင်းလာခဲ့တဲ့ လူဆိုကတည်းကယဉ်ကျေး



www.burmeseclassic.com

www.burmeseclassic.com



မှ ဆောင့်ညည်းမှု အယူအဆအားလုံးက ပေါ့ပျက်တိမ်းပါးမည်သာ။

သခင်မ ကိုယ်သားအတွက် စိုးရိမ်မှုတ် တစ်ခုဖြစ်မနေပါလျှင် ဒိကလေးမျိုး ဘယ်နှလောက် ချမ်းသာ ချမ်းသာ ဒေါ်စက်မြတ်ရှင် သဘောတူလိမ့်မည် မဟုတ်ပေ။

ဒါပေမယ့် ခုတော့...

"ဟော...လာလေ သားငယ့်...အိပ်ယာထ နောက်ကျလှချေလား..."

"ဟုတ်ကဲ့ မယ်မယ်...ညက အိပ်မပျော်တာနဲ့ ညဉ့်နက် သွားတယ်..."

မင်းမကိုင်နှင့်က ကုလားထိုင်အောက်မှာ မတ်တပ်လေးရပ်၍ ယှပ်ခပ်ပေးနေသည့် သခင်မကို ခပ်ဟည်တည်ကြီး တစ်ချက် ကြည့်သည်။

ဒေါ်စက်မြတ်ရှင် ကိုယ်တိုင် လက်ဖက်ရည် ထည့်ပေး၏။

ခင်မဒီက မီးကင်ထားသည့် ပေါင်မုန့်ကို ထောပတ် သုတ်၍ လှမ်းပေး၏။

"မောင်မောင်...ပိန်သွားသလိုပဲ...ညည အိပ်မပျော် ဘူးလား..."

"ဟုတ်တယ်..."

မင်းမကိုင်နှင့်က သိပ်စကားမဆို ပေါင်မုန့်ကို လှမ်းယူ၍ တစ်ကိုက် ကိုက်ကာ လက်ဘက်ရည် ငုံ့သောက်သည်။

ဒေါ်စက်မြတ်ရှင် မျက်နှာမကောင်းနိုင်...





ဒီသားအဝေးမှာ နေတော့လည်း နေလို့ တစ်နေ့မှ ...အေးရ။

အနားမှာရှိတော့လည်း အဲဒီမျက်နှာလေးညှိုနေလျှင် ...တတ် တာ ခုချိန်ထိ။

"သားငယ်...မိုးကုတ်က ကျောက်တွင်းဆီ သွား ...ဆို..."

"ဟုတ်ကဲ့..."

ဒေါ်စက်မြတ်ရှင် လက်ဆုက်ရည်ကို လက်စသတ် ...က်၍ လက်သုတ်ပုဝါနှင့် နှုတ်ခမ်းတို့ကို သုတ်သည်။

"မယ်မယ်...အဲဒီ အလုပ်တွေကို အားလုံး ဖြတ်ပစ်ဖို့ ...ား လိုက်တာ...ဘာဖြစ်လို့လဲ သိလား..."

မင်းမကိုင်နှင့်က မော့ကြည့်သည်။

"အခု သားငယ် ပြန်ရောက်လာလို့ပေါ့...မဟုတ်ရင် ...ကြီး ပဲ မိုးကုတ်ကို သွားလိုက်ပြန်လိုက်...ပြီးတော့ မယ်မယ် ...ဖြစ်ချင်ဆုံး ဆန္ဒက သားငယ်ရော သမီးကြီးကိုရော ...ထောင်အသီးသီး ချပေးချင်တယ်...

...အဲဒီအဝေးက စီးပွားတွေဆီကို မလုံးပမ်းတော့ဘဲ ...းအနားမှာပဲ လုပ်ကြကိုင်ကြစေချင်တယ်...တတ်နိုင်ရင် ...ယောက်မှ ဘယ်မှခွဲထွက်မသွားဘဲ...မယ်မယ်နဲ့ပဲ ရာသက် ... အတူနေသွားချင်တာ..."

ပြောရင်း ဒေါ်စက်မြတ်ရှင်က သက်ပြင်းချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သမီးကြီးကတော့ ပါသွားမှာပါပဲ . . . သားငယ်ကို မယ်မယ် အိမ်ပါမယ့် အဖိုးတန် ဂုဏ်ရည်တူ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပေးချင်တယ် . . . ဘယ်သူလဲဆိုတာလည်း တရားဝင်စေ့စပ်ထားသေးမေမယ့် သားငယ်သိပြီးသားပဲ . . ."

"ကျွန်တော် အိမ်ထောင်ပြုဖို့ကို ခေါင်းထဲလုံးဝ ထည့်မထားဘူး မယ်မယ် . . . အဲဒီကိစ္စကို ကျွန်တော်မသိဘဲ ဘာစကားမှ မလွှန်လိုက်ပါနဲ့ . . ."

"ဒါကတော့ မောင်မောင်က လွန်တာ . . . ကျောင်းပြီးကတည်းက လူကြီးချင်းပြောထားခဲ့တာ . . . မောင်မောင်တို့ချင်းလည်း သံယောဇဉ် အခံရှိခဲ့ပြီးသား . . . ဘုရားဘက်က အရှင်လိုက်လျောနေတာ အားနာ ဖို့ကောင်းနေပြီ . . ."

"အားနာတာနဲ့ပဲ လက်ထပ်ယူရမှာလား . . . ကျွန်တော်ကတော့ ချစ်ဖို့ကအဓိက . . . လက်ထပ်တာက ဒုတိယပဲ . . . ဒီနေ့ထိ ကျွန်တော် ချစ်တဲ့မိန်းမ မရှိသေးဘူး . . ."

ဒီမိသားစုထဲမှာ ခွန်းတုံ့ပြန်လှန် ပြောတတ်တာ ပြောရဲတဲ့သူ မင်းမကိုင်ပဲ ရှိသည်။

ဒေါ်စက်မြတ်ရှင် ကိုယ်တိုင် ဒီသားလေးကို မအော်ငေါက်ရက်ခဲ့တာ . . .

"အေး . . . အချစ်ကိုပဲ ရှာ . . . တွေ့မယ်တွေ့တော့ ဘာမှတန်ဖိုးမရှိ အဆင့်အတန်းမရှိတာတွေနဲ့ တွေ့လိမ့်မယ် . . .





အဲဒါမျိုးဆို မမ လုံးဝခွင့်မလွှတ်ဘူး . . ."

မင်းမကိုင်၏ ငြိမ်သက်သွားသည်။

"အခု ဘုရားကို . . ."

"ကဲ . . . ကဲ . . . သမီးကြီး တော်တော့ . . . သားငယ် ဖြောင့်ဖြောင့်စားပါစေ . . ."

ခင်မဒီ စကားတစ်လုံးမှ ထပ်မဟတော့ပါ။

မိဘက 'ဟဲ့'ဆို လှမ်းတားတဲ့ ခြေလှမ်း ပြန်ရုတ်သိမ်းပစ်တဲ့ အထိ ရှိသေခဲ့ကြတာ . . .

မင်းမကိုင်၏ကျမှ . . .

— ❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဂုဏ်ရှိန်မြင့်သော နှစ်ဘက်မိဘတို့၏ ထည်ဝါမှုကြောင့်သော ပွဲက မြိမ့်မြိမ့်သဲ ဖြစ်နေသည်။

သတို့သား သတို့သမီးတက် သတို့သားအရဲ ပုဂ္ဂိုလ်ကမြဲမရ ရွှစ်ရွှိဗိ ဖြစ်နေသည့်မှာ လူတိုင်း သတိထားမိရတဲ့အဖြစ်။

"သခင်မ. . . မင်း အားမကျဘူးလား ဟင်. . ."

"မကျပါဘူး. . . ."

ညည့်ခံပွဲသဲမှာ ဟိုဒီ သွားလာနေလျက်နှင့် သခင်မမှာကိုပဲ တကြည့်ကြည့်နှင့်မို့ စားပွဲစွန်းနဲ့ ဝင်တိုက်လိုတိုက်ဘားနဲ့ ချိတ်မိလိုမိ မြင်တဲ့လူတစ်ချို့က ပြုံးစိစိ ဖြစ်ကုန်သည်။

သတို့သား သတို့သမီး အဲရုံလေးကွေက ချောချောလေး



www.burmeseclassic.com

www.burmeseclassic.com



တွေမို့ သတိထား ကြည့်လာကြတဲ့ လူတိုင်း ပြုံးသွားကြ[illegible]
ချည်းသာ။

"ဒီမှာ. . . ကိုအမြင့်ဈာန်. . ."

"ဟင်. . . ဘာလဲ. . ."

"ရှင့်ကိုယ်ရှင် ဈာန်နဲ့ကြွနေတယ်များ မှတ်နေလား. . .
ဟိုတိုက်မိ ဒီတိုးမိနဲ့ အကန်းကျနေတာပဲ. . ."

"ကန်းတာပေါ့. . . ကိုယ်က မင်းကိုပဲ မြင်တာကိုး. . .

ပြောတော့မှ ပိုဆိုး။

သခင်မ မျက်စောင်းထိုးသည်။

လစ်တိုင်း ညည်းစားစကား အပြောခံရတဲ့ ဒုက္ခကမ[illegible]
လား. . .

ခပ်လှမ်းလှမ်းမှာ ဘာရဏီနဲ့ မင်းမကိုင်ရို့တို့ အတူယှဉ်[illegible]
ရှိနေသည်။

မင်းမကိုင်ရို့က လှမ်းလှမ်းကြည့် တတ်သည်မို့ သခင်[illegible]
ဒီတစ်ယောက်ကတစ်မျိုးနှင့် ထွက်ပြေးချင် စိတ်ပင်ပေါက်[illegible]
တော့သည်။

မင်းမကိုင်ရို့ စီးကရက်ကို ခွက်ထဲမှာ လိုတာ ထက်[illegible]
စိစိညက်ညက်ကျေအောင် ထိုးချေနေပြီးမှ ရှေ့ဆံပင်[illegible]
လဲ့ကျ်ထိုးသွင်းကာ ကုလားထိုင်နောက်မှီမှာ ခပ်ပျော့[illegible]
မှီလိုက်၏။

ဆူညံရယ်မောနေသည့် အသံတွေကို မကြ[illegible]





[illegible]. . .

သခင်မနဲ့ အမြင့်ဈာန် စကားတွေ တတွတ်တွတ် ပြော၍
[illegible]ပျက်နေကြတာကိုလည်း မမြင်ချင်ပေ။

ငယ်သေးတဲ့အရွယ်မှာ စိတ်ကစားသွားတာမျိုး မဖြစ်စေ
[illegible]မျိုးလား. . .

ဒါမှမဟုတ်. . .

"ပြန်တော့မယ် ဘာရဏီ. . . လူတွေသိပ်များရင် ဒို့မနေ
[illegible]ဘူး. . ."

"အို. . . မကိုင်ရို့ကလည်း ကိုယ့်အစ်မ မင်္ဂလာဆောင်
[illegible]ဆောင် ဧည့်သည်လိုပဲကွာ. . . မကိုင်ရို့ ဧည့်သည်တွေလာရင်
[illegible]ဧည့်ခံမလဲ"

"သူတို့မှာ အစီအစဉ် ရှိမှာပါ. . . ခေါင်းတွေမကြည်
[illegible] ပြန်မယ်. . ."

ဆိုင်ကယ်သော့ကို ကောက်ယူ၍ မင်းမကိုင်ရို့ တကယ်
[illegible] သွားသည်။

ဘာရဏီ နှုတ်ခမ်းလေး ဖိကိုက်ရင်း ကျန်ခဲ့လေသည်။

ကိုယ်ကတော့ မကိုင်ရို့လက်ကိုတွဲ၍ ဒီပွဲမှာ တစ်ခါတည်း
[illegible]များသွားအောင် ကြေညာချင်တာ။

ရောက်ကတည်းက ဒီစားပွဲမှာတန်းထိုင်၍ ဘယ်မှမထ။
မျက်လုံးတွေ ခဏခဏ လွှင့်ပါးစူးစိုက် သွားတတ်တာ
[illegible]ဘယ်ဆီကိုလဲဆိုတာ ဘာရဏီသိသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး စိုးရိမ်နေခဲ့သလို တကယ်ပဲ ဖြစ်ခဲ့ပြီလား...

အမှတ်တမဲ့ ပုံစံနှင့် သခင်မရှိရာကို လှမ်းကြည့်လိုက်တော့ မင်းခကိုင်၍ ထွက်သွားတဲ့ဆီ ငေးငေးလေး ကြည့်နေတာ မြင်လိုက်ရသည်။

ဘုရား... ရင်ထဲမှာ တင်းကျပ်သွားလေသည်။

ပွဲကြည့်ပရိသတ်လို နေလို့မရတော့ပါလား...

✿ ✿ ✿

ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးလေးခုနဲ့ အောင်ခဲ့ပြီ။

သခင်မ အသားတွေ တုန်အောင် ပျော်ခဲ့ပါသည်။

ဒါပေမယ့် ကိုယ့်ကိုလေးစားချစ်ခင်ရပါသော ပုဂ္ဂိုလ်တို့က အနားမှာ တစ်ယောက်မှမရှိ။

သခင်မနည်းတူ ထပ်တူထပ်မျှ ပျော်ရွှင်ပေးမည့်သူ ဘယ်သူမှမရှိပါ။

မူလတန်းမှာ ကတည်းက အဆင့်တစ်နဲ့ အောင်ခဲ့တဲ့ သခင်မကို ဆုတွေ ဆင့်ပိုးပေးတတ်ခဲ့သော ဦးနှင့်လည်း မျက်နှာချင်းမဆိုင်မိအောင်တောင် သခင်မ ရှောင်နေခဲ့ရတဲ့ ဘဝ။

"သခင်မ..."

"ရှင်...မေမေကြီး..."

"လာစမ်း...ဒီကို..."



www.burmeseclassic.com

www.burmeseclassic.com



သခင်မ နောက်ဖေးဆင်းသွက်တော့မည့် ခြေလှမ်းကို ပြန်ရုတ်၍ ဧည့်ခန်းဘက် ပြန်လျှောက်ခဲ့ရသည်။

ဒေါ်စက်မြတ်ရှင်က မပြုံးမရယ်ပေမယ့် မျက်နှာက နူးညံ့ပျော့ပျောင်းလျက်. . .

"ဒါ. . . မင်းရဲ့ အောင်မြင်မှုအတွက် ဆု. . ."

ကတ္တီပါဘူးနီလေး တစ်ဘူး ကမ်းပေးသည်။

သခင်မ မယူရဲဘဲ ငေးကြည့်နေမိသည်။

"ယူလေ. . ."

နောက်တစ်ခါ ထပ်ပြောမှ မငံ့မရဲလေး လှမ်းယူမိ၏။

ဖွင့်ကြည့်လိုက်တော့ အထဲမှာ ကျောက်စိမ်းလက်ကောက်လေး တစ်ရံ။

လုပ်ထားပုံလေးက ရွှေနဲ့ကွင်း၍ ဒီဇိုင်းဆန်းဆန်း လှလှလေးမို့ သခင်မ ငေးကြည့်နေမိသည်။

"ဒီလောက် အဖိုးတန်တာကို သခင်မ မယူဝံ့ပါဘူး မေမေကြီးရယ် မယူပါရစေနဲ့နော်. . ."

"ဒါ. . . ထိုက်ထိုက်တန်တန် ပေးတဲ့ဆုပါ. . . မင်း ရဲရဲယူ. . ."

ခင်မဒီက သျှောင်နောက်ဆံပင်ပါသွားပြီမို့ အိမ်မှာ ပို၍ လူနည်းသွားသည်။

သခင်မ ဒေါ်စက်မြတ်ရှင် အနားမှာပဲ အနီးကပ် ပြုစုခဲ့တာလည်း ကြာပြီမို့ ဟန်ပံတွေပန်တွေ လုပ်ထားရပေမင့်





သံယောဇဉ်ကတော့ ရှိနေပြီဖြစ်သည်။

"မင်း ဆက်ကြိုးစားပါ. . . ပညာဆုံးတဲ့အထိ ငါ တာဝန် ယူတယ် နောက်ဆုံး ထိမ်းမြားပေးတဲ့အထိ. . . မင်းဘက်က လူကြီးအနေနဲ့ ရပ်တည်ပေးမယ်. . ."

"ဟုတ်. . . ဟုတ်ကဲ့. . ."

သခင်မ အခန်းထဲ ပြန်ရောက်တော့ ဘူးလေးကို စားပွဲပေါ်တင်ကာ မျက်ရည်ကျမိလေသည်။

ကိုယ်လိုချင်တာ ဒီလို အဖိုးတန် ဆုမျိုးမဟုတ်ပါ။

ကျောင်းလွယ်အိတ်ကလေးကို ဖြုတ်ယူကာ အိပ်ရာပေါ်မှာ ထိုင်လိုက်သည်။

အထဲကို နှိုက်ယူလိုက်တော့ လက်ထဲမှာ ပါလာသည်က အသည်းပုံ မှန်လေးတစ်ချပ်။

ပြုတ်ထွက်သွားပြီးသား အသည်းပုံလေး နှစ်ခုကို ပြန်ဆက်ထားနိုင်ပေမယ့် ဆက်ရာကတော့ ရှိနေပြီမို့ နဂိုအတိုင်း အံဝင်ဂွင်ကျ မဖြစ်ခဲ့တဲ့ မှန်လေး။

ကျောနဲ့ရင် နှစ်ချပ်ပေါင်းမှ လှပပြည့်စုံတဲ့ အသည်းလေး တစ်ခု ဖြစ်သွားတဲ့ ဒီမှန်လေး။

နှစ်ခြမ်းကို ရက်ရက်စက်စက် ဖဲ့ထုတ်ပစ်ခဲ့သော မှင်းမကိုင့်ရဲ့ လက်တွေကို ခုထိ မျက်ဝန်းထဲမှာ ထင်းရှင်းစွာ မြင်နေဆဲ။

သခင်မ အစွဲအလမ်းကြီး တတ်ပါတယ် ဦးရှင်. . .



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ပိတ်မရတော့ဘဲ ခပ်ဟဟလေး ဖြစ်နေသည့် မှန်လေး ကို ဖွင့်ကြည့်လိုက်တော့ မှန်နှစ်ချပ်ထဲမှာ မျက်ရည်တွေ ပြည့်လျှမ်း နေတဲ့ မျက်ဝန်းနှစ်စုံ။

မျက်ရည်နှစ်စက်က မှန်ပေါ်သို့ တည့်တည့်ကြွေလေသည်။

"ဒေါက်ဒေါက်..."

"ဘယ်သူလဲ ဟင်..."

သခင်မ မျက်ရည် ကပျာကယာ သုတ်ပစ်လိုက်၍ မေးသည်။

"ချာတိတ်..."

"ရှင်..."

ထူးသံလေးမှာ ထိန့်လန့်ဟန်တို့က အထင်းသား။

"အဝတ်အစားလဲပြီး ထွက်လာခဲ့... ဈေးသွားမယ်..."

"ဦး... ဦးနေဦး... သခင်မ..."

တံခါးဆွဲဖွင့်လိုက်တော့ အပြင်မှာ ဘယ်သူမှ မရှိတော့ပေ။

သခင်မ ဘာလုပ်ရမှန်း မသိ။

"သခင်လေးနဲ့သာ ခပ်ကင်းကင်း နေပါ... သခင်မကြီး တို့က သဘောကောင်းပါတယ်..." မသူဇာရဲ့ သတိပေးစကားမြစ် သံက နားထဲမှာ မထွက်ပေ။

သခင်မ အကြာကြီး ငိုင်၍ ထိုင်နေမိသည်။

"ဒေါက်... ဒေါက်..."

လာပြန်ပြီ...





သခင်မ ကိုယ်လေးတွန့်သွားမိသည်။

"သခင်မ..."

"ရှင်... မမသူဇာ..."

သခင်မ တံခါးပြေးဖွင့်လိုက်သည်။

"သခင်လေး ခေါ်နေတယ်..."

"ဟင့်အင်း... သခင်မ မလိုက်ချင်ဘူး... မေမေကြီး အပြစ်မြင်မှာ ကြောက်ပါတယ်... မမသူဇာရယ် ပြောပေးပါ နော်... သခင်မ နေမကောင်းဘူးလို့..."

"အမလေး... အမလေး... မညာရဲပါဘူးတော်... သခင်မကြီးလည်း ရှိနေတာပဲ... ခိုးချောင်ခိုးဝှက် လိုက်ရမှာမှ မဟုတ်ဘဲကွယ် လိုက်သွားပါ... သခင်လေး စိတ်ဆိုးရင် ကြောက်ဖို့ကောင်းတယ်..."

သခင်မ အဝတ်အစား လဲရပါတော့သည်။

သိပ်ကျော့ကျော့မော့မော့ကြီးလည်း မပြင်ရဲသည်မို့ မီးခိုး ရောင်အခံပေါ်မှာ အနီရောင် အနားချိတ်လေးတွေပါသည့် ဝမ်းဆက်ကို ဝတ်၍ မျက်နှာကို ပတ်ဖြင့် အနည်းငယ်ရိုက်ကာ ခေါင်းဖြီးလိုက်သည်။

အပြင်ထွက်လာတော့ ဧည့်ခန်းထဲမှာ မေမေကြီး မရှိ တော့ပေ။

မင်းမကိုဋ္ဌက ဆိုင်ကယ်ပေါ်မှာ အဆင်သင့် စောင့်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



မှုတ်နှာကတော့ မြင်နေကျတိုင်း သုန်မှုန်တည်တင်း
သွတ်. . .

သခင်မ နောက်ကထိုင်ပြီးလျှင် ဒေါသမကင်းသည့်
အိုင်ကယ်တ ဝေါခနဲ ဆောင့်ထွက်၏။

ခါးကိုကိုင်ဖို့ ဝန်လေးနေမိသည့် သခင်မ 'အားခနဲ
အော်ကာ မင်းမကို၎ခါးကို တအားဖက်ထားလိုက်ရတော့သည်။

ထ ထ ထ

ရုပ်ရှင်ရုံထဲ ရောက်တော့ ငေးငေးလေး ဖြစ်နေသည့်
သခင်မကို ခပ်စူးစူး ကြည့်၍ သူကိုယ်တိုင်ပဲ မုန့်တွေဝယ်၍
သခင်မလက်ထဲ ထည့်ပေးသည်။

အပေါ်ထပ်ကို အတူတွဲတက်လာကြတော့. . .

"ချာတိတ်. . . မင်း ဘာဖြစ်နေတာလဲ. . ."

အိမ်က ထွက်လာကတည်းက ပထမဆုံး ပြောဖြစ်ခဲ့တဲ့
စကား။

"ဘာမှမဖြစ်ပါဘူး ဦး. . . ဘိုးဘိုးကို သတိရလို့ပါ. . ."

"မင်း ဒီလောက်အောင်မြင်အောင် ကြိုးစားခဲ့တာကို
ဂုဏ်ပြုသင့်တယ်ထင်လို့. . . ခေါ်လာခဲ့ကာ. . . အဲဒါမင်း စိတ်ညစ်
နေသလား. . ."

"မညစ်ပါဘူး ဦးရယ်. . . သခင်မက ဦးကို ငွေ့တွယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲ့ အမိန့်တစ်ခုကြည်းနဲ့ ဒီမှာ လိုက်နေခဲ့တာပါ. . . သခင်မ ဘဝမှာ ဘိုးဘိုးပြီးရင် အတွယ်တာရဆုံးလူဟာ ဦးပါပဲ. . . "

နှစ်ယောက်စလုံး ထိုင်ခုံမှာထိုင်မိသည်နှင့် ရုပ်ရှင်ရုံ တစ်ရုံလုံး မှောင်ကျသွားသည်။

ဪ. . . ခုလို ရုပ်ရှင်မကြည့်ဖြစ်ကြတာ နှစ်နှစ် သုံးနှစ်ကြာခဲ့ပေမယ့် ကမ္ဘာများစွာ ဝေးကွာခဲ့သလိုပါလား. . .

မင်းမကိုင်က သခင်မ လက်ထဲက နေကြာစေ့ထုပ်လေးကို ယူ၍ အရင်တုန်းကလိုပဲ အစေ့လေးတွေ စုခွာ၍ လက်ထဲထည့်ပေးသည်။

ရင်ထဲမှာ နွေးလျက် တဒိတ်ဒိတ် ခုန်နေသည့် ရင်သည် သက်ပြင်းခိုးချပစ်လို့လည်း မပြေ။

အသက်အောင့်ထားပြီး အကြိမ်ကြိမ် ဖိနှိပ်နေလည်း မရ။

ဘာဖြစ်တာလဲ. . . သခင်မ တစ်ယောက်တည်း လိပ်ပြာမလုံ ဖြစ်လာရသည်။

ဦးကို ငါ စိတ်ယှဉ်ထိုက်သလား. . .

ငါ့ကို သနားလို့ ကူညီစောင့်ရှောက်ထားတဲ့ လူကို ပစ်မှားသင့်သလား. . .

ကိုယ့်စိတ်ကို အမျိုးမျိုး ချုံးနှိမ်နေရဆဲ. . .

နေကြာစေ့ ထည့်ပေးသည့် မင်းမကိုင်လက်က ပြန်ရုတ်မသွားဘဲ ဖြန့်ထားသည့် သခင်မ လက်ဖဝါးလေးကို ဖွဖွလေး ဆုပ်လာလျှင် သခင်မ အလန့်တကြား မော့ကြည့်လိုက်မိသည်။





မင်းမကိုင်ရဲ့ မျက်ဝန်းတို့သည် ခပ်ပြုံးပြုံး အလင်းရောင်ထဲမှာ ရွှန်းလက်တောက်ပလျက်. . .

တစ်ယောက်ကို တစ်ယောက် ငေးစိုက်ကြည့်နေမိစဉ် ဆုပ်ထား သည့် လက်ဖဝါးလေးကို ခပ်တင်းတင်း ဖျစ်ဆုပ်ထားလိုက်တာ သခင်မ သိသည်။

"ချာတိတ်. . . "

"ရှင်. . . "

ထိုးတိုးလေး ခေါ်သလို သခင်မ နှုတ်ခမ်းလှုပ်ရုံလေး ထူးသည်။

တစ်စုံတစ်ခုသော တွန်းကန်မှုသည် နှုတ်ဖျားမှ ခုန်ပေါက်တိုး ဝေ့ထွက်ချင်နေပြီ။

မင်းမကိုင် ချီတုံချတုံ ဖြစ်နေမိ၏။

ကိုယ်ပြုစု ပျိုးထောင်ခဲ့တဲ့ ပန်းလေးတစ်ပွင့်ကို ကိုယ်တိုင် ခူးခြွေသင့်ပါ့မလား. . .

များစွာ ပုံအောပေးဆပ်ခဲ့သော စေတနာတွေ အားလုံးဟာ လူတွေ ပါးစပ်များမှာ ရှုက်ရွံ့ကဲ့ရဲ့စရာ ဖြစ်ကုန်တော့မည်။

"ကိုယ်မွေးတဲ့ကြက် ကိုယ်ရိုက်သတ်စားတဲ့ ကောင်. . . "

"အစကတည်းက ဒီအကြံနဲ့ပါကွာ. . . "

"ကောင်မလေးက ငယ်ငယ်လေး. . . "

"အလကား ကျေးဇူးတွေ့နဲ့ သိမ်းယူတာ. . . "

"ကောင်မလေးကို မတရားသိမ်းပိုက်ပစ်တာ. . . "



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်တိုင်ထားမိသည့် လက်ကလေးကို ယောင်ရမ်း ဖွတ်ပစ်လိုက်မိသည်။

ကိုယ့်ထက်များစွာငယ်ရွယ်သော မိန်းကလေးကို သူ နှာသွပ်စွာ ချစ်ခဲ့မိလေပြီ။

ပြီးတော့ ဒီမိန်းကလေးဟာ ကိုယ့်အရိပ်ကို မှီခိုရှင်သန်ခဲ့တဲ့ မိန်းကလေး။

ပတ်ဝန်းကျင်က ဘာပြောကြမလဲ. . .

သခင်မ ကိုယ်တိုင်ကရော. . .

ခင်မဒီ မင်္ဂလာဆောင်တုန်းက အမြင့်ဈာန်ဆိုသည့် ကောင်လေး နှင့်တွဲလျက် စကားတွေပြော အဆင်ပြေနေကြတာကို သတိရလိုက်မိသည်။

"အဲဒီကောင်လေးက ကိုယ်တိုင်လည်း အစွမ်းအစ ရှိတယ်. . . မိဘကလည်း ချမ်းသာတယ်. . . သခင်မကို မေတ္တာရှိနေတယ်လေ. . . သူတို့ချင်း ပြေလည်ကြရင်တော့ စေ့စပ်ပွဲလေး ဖြစ်ဖြစ် လုပ်ပေးထားဖို့ စိတ်ကူးတယ်. . . သားငယ် ဘယ်လိုသဘောရလဲ. . ."

မေးတုန်းက. . .

"သခင်မ ငယ်ပါသေးတယ် မယ်မယ်. . ." လို့ သူ ထိန်းချုပ်ပြောလိုက်ခဲ့ပေမယ့် ရင်ထဲမှာ ဗလောင်ဆူသွားတာ ဘယ်သူမှမသိ။

"ချာတိတ်. . ."





"ရှင်. . . ပြောလေဦး. . ."

"ခုနေ မင်းကို အမြင့်ဈာန်နဲ့ စေ့စပ်ပေးမယ်ဆိုရင် ဘယ်လိုဆုံးဖြတ်မလဲ. . ."

"အို. . . မဟုတ်တာ. . ."

စကားမဆက်ဖြစ်ကြတာ ရုပ်ရှင်ပြီးလို့ စားသောက်ဆိုင်မှာ ထိုင်မိကြတဲ့အထိ။

"ဦး. . ."

သခင်မက ထိုင်လိုက်သည်နှင့် စကားစသည်။

"ဦး စောစောက ပြောတဲ့စကားက ဘာလဲဟင်. . . အဲဒီလူ ဝင်ထွက်နေတာ မမကြီးတို့နဲ့ ခင်မင်လို့ မဟုတ်ဘူး လား. . ."

မင်းမကိုင်ရှ် မျက်မှောင်ကုတ်၍ မျက်နှာပါလွှဲထားသည်။

"သူ မင်းကို ချစ်ရေးမဆိုဘူးလား. . ."

သခင်မ အသံလေး တိတ်သွားသည်။

မင်းမကိုင်ရှ်က လှည့်ကြည့်သည်။

"ပြောလေ. . ."

"သခင်မ. . . လုံးဝလက်မခံခဲ့ဘူး. . ."

"နောက်ဆိုရင်ရော. . ."

"ဘယ်တော့မှ လက်မခံဘူးဆိုတာ သေချာတယ်. . .

"ဘာဖြစ်လို့လဲ. . ."

သခင်မ မျက်လွှာလေးချ၍ တော်တော်နှင့် မဖြေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေလေကွာ. . ."

"သခင်မမှ မချစ်တာ. . ."

ဖြေပုံလေးက နှုတ်ခမ်းလေး စူလျက် ကမလေးဆန်နေသည်မို့ သနားစရာ။

"နောက်တော့ ချစ်ရင်ချစ်မှာပေါ့. . ."

"ဟင့်အင်း. . . သခင်မ သူ့ကို ဘယ်လိုမှ ချစ်နိုင်မှာမဟုတ်ဘူး. . ."

မင်းမကိုင်၌ ပင့်သက်ရှိုက်၍ စီးကရက် ထုတ်လိုက်သည်။

ရင်ထဲမှာ တကယ်ပဲ အချစ်ကို နားမလည်သေးတာ သေချာပါသည်။

ဒါပေမယ့် ဒီနေ့ချိန်ထိ သခင်မရဲ့ တွယ်တာဟတ်တဲ့ နှလုံးသား ထဲမှာ စူးနစ်စွာ ရှိခဲ့ပြီးသော ယောကျ်ားတစ်ယောက်သည် ပုံရိပ်အဖြစ် ဆိုလျှင်လည်း နှလုံးသားရဲ့ပုံရိပ်။

သက်ရှိထင်ရှား ကိုယ်တိုင် အနားမှာရှိနေသည် ဆိုလျှင်လည်း ဒါဟာ ကိုယ့်ရဲ့ ကိုယ့်ပွား။

ဘယ်တော့မှ မေ့မှိုက် မပျောက်သွားမည့် ယောကျ်ား မဟုတ်ပါ။

သူသည်သာ ကိုယ့်ရဲ့ ချစ်ခြင်းကို ဖန်တီးနိုင်မည်။

သူသာလျှင် ကိုယ့်ရဲ့ မြတ်နိုးအားထားရာ. . .

သူ့ရဲ့စိတ်နဲ့ ကိုယ့်ရဲ့ကိုယ်ဖြစ်သော သခင်မဟာ ဒီပြင် ဘယ်ယောကျ်ားကိုမှ မတွေ့မြင်နိုင်တော့မည် မဟုတ်ပါချေ။





ဒီပြင် စိမ်းသက်သော ချစ်ခြင်းရဲ့ ဒဿနတို့ကို သခင်မ နားလည်ဖို့လည်း မကြိုးစား. . .

စိတ်ဝင်စားဖို့လည်း မရည်ရွယ်. . .

ဒါကို မမြင်နိုင်သော အချစ်နတ်ဘုရား၊ သိပါစေ။

ပျော်စရာကောင်းသော ဆုပေးပွဲရဲ့ အဆုံးမှာ မင်းမကိုင်၌ ပေးတဲ့ လက်ဆောင်က အသည်းပုံလော့ကက်လေးတစ်ခု။

တစ်ခါပေးထားတဲ့ သော့တံလေးနဲ့အတူ သူ ကိုယ်တိုင် ဆွဲကြိုးမှာ တပ်ပေးသည်။

နောက်ဆို မင်းကို လက်ဆောင်ပေးချင်တာတောင် အကြောင်းပြစရာက နည်းသွားပြီ. . . မင်းလည်း ဒီ့နဲ့မလိုက်ရဲဘူး မဟုတ်လား. . . ဒီလက်ဆောင်ဟာ နောက်ဆုံးဖြစ်ချင်ဖြစ် သွားနိုင်တယ်. . . တကယ်လို့ မင်းဟာ တစ်ယောက်ယောက်နဲ့ သက်ထပ်ဖြစ်ခဲ့ရင်. . ."

"ဖို. . . ဟင့်အင်း. . ."

သခင့်မ နားတွေ ပိတ်ပစ်လိုက်သည်။

အင်းယားရေပြင်က [illegible] ငေးကြည့်နေ [illegible] လျက်. . .

အပြန်လမ်းမှာ မင်းမကိုင်၌ရဲ့ ခါးကိုဖက်၍ ကျောပြင်မှာ ခေါင်းလေးနှင့်မှီကပ်ထားရင်း မျက်ရည်ကျမိသည်။

ဒီနေ့ ဒီလို အခွင့်အရေးမျိုး နောက်ထပ်ရပါစေ။

လေကိုဆန်၍ ဟူးဟူးရှားရှား ပြေးနေသော ဆိုင်ကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



မောင်းနေသည့် မင်းမကိုင်၏ ရင်ထဲမှာလည်း . . .

❀ ❀ ❀

ဒေါ်စက်မြတ်ရှင်ရဲ့ ကျန်းမာရေးကပြန်၍ ဖောက်ပြန်လာ ပြန်သည်။

သခင်မက ညနေစောင်း ဒေါ်စက်မြတ်ရှင်ကို ရေနွေးဖတ်လေးနှင့် တစ်ကိုယ်လုံးကို ညင်သာစွာ ပွတ်တိုက်ပေးသည်။

"မေမေကြီး . . . မမကြီးကို လွမ်းလို့လားဟင် . . ."

သခင်မ မေးတာက ဆိုင်းမဆင့် ဗုံမဆင့်မို့ ဒေါ်စက်မြတ်ရှင်က မော့ကြည့်သည်။

"ဘာဖြစ်လို့ မေးတာလဲ . . ."

"သခင်မ စိတ်မကောင်းဖြစ်မိလို့ပါ . . . အမြဲအတူတူနေလာကြပြီး ရုတ်တရက်ကြီး ခွဲထွက်သွားတော့ မေမေကြီး အရမ်းခံစားရမှာပဲ တွေးမိလို့ . . ."

"လွမ်းတာတော့ လွမ်းတာပေါ့ကွယ် . . . ဒါပေမယ့် ဒီ



www.burmeseclassic.com

www.burmeseclassic.com



အဘာတို့ လွှန်ဆန်လို့မှ မရကြတာပဲ. . ."

'သစ္စာနှံ' စံအိမ်ကြီးသည် နှစ်ထပ်တိုက်လုံးရှည်ကို လသာဆောင် ငါးခုတိတိ ထုတ်လျက် စတေကာမှန်ကြီးတွေ ကာရံထားသော ခေတ်မီလှပစွာ တည်ဆောက်ထားသည့် တိုက်ကြီးပေါ့။

'သစ္စာနှံ' ဆိုသော အမည်နှင့် စံအိမ်ကြီးသည် လူတိုင်း စိတ်ဝင်တစား ငေးကြည့်ယူရလောက်အောင် လှပပါ၏။

ထို့ပြင် ဒီတိုက်ကြီးရဲ့ အပေါ်ဘယ် အောက်ထပ်မှာ ခန်းဖွဲ့ ပေါင်းများစွာလည်း ရှိနေလေသည်။

သားအမိ သုံးယောက်ထံပေမယ့် ဥမကွဲ သိုက်မပျက် တစ်သက်လုံးနေသွားကြရေးကို မျှော်လင့်ကြီးစွာ ရည်မှန်း၍ တည်ဆောက်ခဲ့ရသည်မို့ နောင်မှာ တိုးပွားလာမည့် သားသမက်ချွေးမ မြေးမြစ်တို့ထိ ရည်ရွယ်ကာ ဒီတိုက်ကြီးကို ဤကဲ့သို့ ခမ်းနားစေခဲ့သည်မှာ ဒေါ်စက်မြတ်ရှင်ရဲ့ ဖန်တီးမှုဖြစ်သည်။

တကယ်တော့ ဒေါ်စက်မြတ်ရှင်သည် အမျိုးမြတ် [illegible] လည်း [illegible] သာဖြစ်သည်။

[illegible]

ရတနာ များများရယူလိုသည့် ဆန္ဒရှိနေခဲ့တာ ဖြစ်သည်။

သို့သော် သမီးနဲ့သား နှစ်ယောက်ကို [illegible] သည်နှင့် နောက်ထပ် သားသမီး ထပ်မရခဲ့တော့ပေ။

ဒီတော့ မြေးမြစ် အဆက်ဆက်ထိ မျှော်လင့်ခဲ့သည်။

အဆောင်ဆောင် အခန်းခန်းမှာ ပျော်ရွှင်သိုက်မြိုက်စွာ





နေဖို့ ရည်ရွယ်ခဲ့သည်။

တကယ်ဖြစ်လာခဲ့သော တခြားစီ။

"မဒီက မယ်မယ့် နားက ဘယ်မှမသွားဘူး. . ."

လို့ တဖွဖွပြောခဲ့သည် သမီးကလည်း သျှောင်နောက်ဆံထုံးပါသွားပြီ။

ဂုဏ်ရည်တူ အဆင့်အတန်းတူတွေမို့ ကိုယ်ကိုယ်တိုင် ကြည်ဖြူစွာ ထိမ်းမြားပေးခဲ့သည်မို့ ဘယ်သူ့မှာမှ အပြစ်မရှိပါ။

"လောလောဆယ်တော့ မဒီ သူ့နောက်လိုက်နေရဦးမယ် မယ်မယ်. . . သားနဲ့သမီးနဲ့ဖြစ်လာရင် မဒီ မယ်မယ်နဲ့လာနေမှာပါ" တဲ့. . .

အဲဒီ တစ်နေ့ထိ ကိုယ်က မျှော်လင့်ချက်ရှိပါ့မလား. . .

"မေမေကြီး မေမေကြီး ဘာဖြစ်လို့လဲဟင်. . ."

"ခေါင်းထဲမှာ မိုက်ခနဲ မိုက်ခနဲနဲ့ကွယ်. . ."

"ဟုတ်. . . ဟုတ်ကဲ့ သခင်မကို ခဏမှီထားနော် မေမေကြီး. . ."

သခင်မက အင်္ကျီကို အမြန်ဝတ်၍ ရွှေကြယ်သီးလေးကို အမြန်ဆုံး ပြီးအောင် တပ်ပေးလိုက်သည်။

ပြီးတော့ မေမေကြီးကိုယ်ကို ထိန်းမ၍ ခေါင်းအုံးပေါ်မှာ အသာလှဲသိပ်ပေးသည်။

"ခဏလေးနော်. . . မေမေကြီး သခင်မ ဦးကို သွားခေါ်လိုက်မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



မင်းမကိုဋ္ဌ ရောက်လာလျှင် သွေးပေါင်ချိန်၍ ဆေးတစ်လုံးထိုးပေးသည်။

"မယ်မယ်. . . ညည မအိပ်ဘူး ထင်တယ်. . ."

"အိပ်ပါတယ် သားငယ်ရယ်. . . ခဏခဏတော့ ပြန်နိုးတယ်"

"မနက်က အန်သေးလား. . ."

"တစ်ခါအန်တယ် ဦး. . . အစာမပါဘူး. . . အရည်တွေပဲ အန်တာ. . ."

မင်းမကိုဋ္ဌက စားပွဲခုံပေါ်မှ ဆေးပုလင်းတွေ ထယူ၍ သခင်မ ကို တစ်ခါတည်း ပြထားသည်။

"မင်းလည်း ဆေးကျောင်းတက်နေပြီပဲ. . . ဆေးပါထိုးတတ်အောင် သင့်ရမယ်. . . ဒို့အနားမှာမရှိရင် အားလုံးကိုယ့်ဟာကိုယ် လုပ်ပေးတတ်ရမယ်. . ."

"ဟုတ်ကဲ့. . ."

မင်းမကိုဋ္ဌက ဒေါ်စက်မြတ်ရှင်နားမှာ ပြန်ထိုင်၍. . .

"မယ်မယ် နှလုံးအားနည်းနေတယ်. . . အစားလည်း မဝင်ဘူးမဟုတ်လား. . ."

ဒေါ်စက်မြတ်ရှင် ဘာမှမပြောပါ။

ကိုယ့်ဆန္ဒအရဆို စားကိုမစားချင်တာ. . .

သခင်မ တအားချော့ တအားတိုက်တွန်းလွန်း၍ အားနာစိတ်နှင့် ဝင်သရွေ့လေးကို မျိုချနေရပေမယ့် ဘယ်အစာကိုမှ





ဆန္ဒမရှိ။

"ကလင်. . ."

အိမ်ရှေ့မှ လူခေါ်ဘဲလ်သံ ကြားလိုက်ရပြီး တအောင့်ကြာလျှင် မသူဇာ ရောက်လာသည်။

"အပြင်မှာ မောင်အပြင့်စျာန် ရောက်နေပါတယ်. . . သခင်မကြီး. . ."

ဒေါ်စက်မြတ်ရှင်နှင့် မင်းမကိုဋ္ဌတို့ မျက်လုံးတွေက သခင်မဆီ စုပြုံလာသည်။

ခင်မဒီ လမ်းဖွင့်ပေးခဲ့သည့်ကိစ္စသည် သခင်မ ဘယ်လိုမှ မရှောင်သာခဲ့။

"မင်းဆီလာတာ ဖြစ်မယ်. . . သွားလိုက်လေ. . ."

သခင်မ မျက်လွှာလေးချ၍ ထထွက်သွားလျှင် ဒေါ်စက်မြတ်ရှင်က မျက်မှောင်ကြီးကုတ်ကျန်ခဲ့သော သားမျက်နှာကို နားလည်စွာကြည့်၍. . .

"အဲဒီကောင်လေးက ဘာမှပြောစရာ အပြစ်မရှိဘူး သားငယ်ရဲ့. . . သခင်မကိုလည်း အတော်လေး မေတ္တာရှိနေတဲ့ပုံပဲ. . . လူကြီးစုံရာနဲ့ လာစေ့စပ်မယ့်အကြောင်း ပြီးခဲ့တဲ့ကြာသပတေးနေ့က ကောင်လေးရဲ့လူကြီးတွေဆီက လှမ်းအကြောင်းကြားတယ်. . .

. . . သဘောတူတယ်. . . ဒါပေမယ့် လူတစ်ယောက်ရဲ့ ဘဝကို မယ်မယ်က အာဏာနဲ့မချုပ်ကိုင်ချင်ဘူး. . . သူ



www.burmeseclassic.com

www.burmeseclassic.com



တွေနှပ်သဘောတူမှ စေ့စပ်ခွင့်ပြုပါရစေလို့ ပြန်ပြောလိုက်တယ်. . ."

မင်းမကိုင်၍ မျက်နှာက နှုတ်ခမ်းတွေ တင်းတင်းစေ့၍ ညိုမှောင်နေသည်။

"သမီးကြီးသာ ရှိရင်တော့ ဒီကို ကမ်းလှမ်းလာတာကို ငြင်းမှာ မဟုတ်ဘူး. . . သခင်မကို အဲဒီသူငယ်နဲ့ သိပ်သဘောတူတာ. . ."

"သခင်မက ပညာသင်တုန်းပဲ ရှိပါသေးတယ် မယ်မယ်. . . ဘာဖြစ်လို့ ဒီလောက် စေ့စပ်ဖို့ လက်ထပ်ဖို့ထိ တာစူနေရတာလဲ. . ."

ဒေါ်စက်မြတ်ရှင်က သက်ပြင်းချသည်။

"ငြိမ်သက်နေကြတဲ့ နှလုံးသားတွေ သက်ဝင်နိုးထအောင် မီးကိုမလောင်ခင်က ငြိမ်းတဲ့သဘောပဲ သား. . ."

မင်းမကိုင်၍ ဖျတ်ခနဲ မော့ကြည့်သည်။

ဒေါ်စက်မြတ်ရှင်ကလည်း စူးစိုက်ကြည့်ဆဲနှင့်. . .

"သားငယ်ကို မယ်မယ် ယုံတယ်. . . သားငယ်ဟာ ကိုယ်မွေးတဲ့ကြက် ကိုယ်သတ်စားမယ့်လူမျိုး မဟုတ်ဘူးဆိုတာ မယ်မယ်သိတယ်. . . ဒါပေမယ့် အခြေအနေနဲ့ အချိန်အခါကို မယ်မယ် မယုံဘူး. . . လူ့စိတ်ဆိုတာ လက်ဖျစ်တစ်ချက်အတွင်း ပြောင်းလဲခြင်း တစ်သိန်းထိ ပြေးလွှားနိုင်တယ်လို့. . .

. . . ဗုဒ္ဓဘုရားကိုယ်တော်တိုင် ဟောကြားထားခဲ့





တာ. . . တရားတော်ထဲမှာလည်း အဲဒီစိတ်တစ်ခုကို နှိုင်းပြီး အဓိက ဟောကြားခဲ့တာပဲ. . . အခု သားငယ်ရဲ့စိတ်ထဲမှာ ဖြူစင်ချင်လည်း ဖြူစင်နေလိမ့်မယ် တားဆီးလို့ မရဘူးလေ. . . ဒါဒါကြောင့် တားဆီးလို့ရတဲ့အပိုင်းကို မယ်မယ် တားဆီးရလိမ့်မယ်. . ."

"တကယ်လို့ သခင်မကို ကျွန်တော် လက်ထပ်လိုက်မယ် ဆိုရင် ဘာဖြစ်သွားနိုင်မလဲ မယ်မယ်. . ."

"သိပ်ကို အကျည်းတန်တဲ့ အပြစ်တစ်ခု. . . ရာဇဝင်တွင် သွားမှာပေါ့ သားငယ်. . . ဒါ လုံးဝ မဖြစ်သင့်တဲ့ ကိစ္စပဲ. . ."

"လူ့ဘဝထဲမှာ ဒီအဖြစ်မျိုးတွေ အများကြီး ရှိနေဘာ. . . မယ်မယ် လက်ခံလား. . ."

ဒေါ်စက်မြတ်ရှင်က မင်းမကိုင်၍မျက်နှာကို စိုက်ကြည့်သည်။

"ရှိခဲ့ဖူးတဲ့အဖြစ်တွေကို မယ်မယ် စိတ်မဝင်စားဘူး သားငယ် မယ်မယ့်သားနဲ့ ဆိုင်တဲ့ကိစ္စကိုပဲ မယ်မယ် ပြောမယ်. . . သခင်မဟာ အခု ဆေးတက္ကသိုလ် တက်နေတယ်. . .

. . . နောင်ဆရာဝန် ဖြစ်လာမယ့် မိန်းကလေး စာရိတ္တ စိတ်ဓါတ်အနေနဲ့လည်း ပြောစရာ မရှိဘူး. . . မယ်မယ် သူ့ကို သမီးလေးလို မေတ္တာထားလို့ ရတယ်. . . ဒါပေမယ့် ချွေးမ အဖြစ်တော့ လက်မခံနိုင် ဘူး. . ."

မင်းမကိုင်၍ ပြတင်းတံခါးဆီ လျှောက်သွားကာ ခြံထဲက ရောင်စုံ ပန်းပွင့်တွေကို ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ကိုယ့်ပျိုးခဲ့တဲ့ ပန်းဟာ တော်ဝင်နှန်းထိုက်တဲ့ ပန်းမတိုင်ရ ဖြစ်သွားတာကို သားငယ် လက်ခံပေးနိုင်အောင် ကြိုးစားပါ. မယ်မယ်ကတော့ အစစအရာရာ ပြည့်စုံချမ်းသာတဲ့ အမြင့်ဗျာန်ဆိုတဲ့ ကလေးနဲ့ သခင်မကို အမြန်ဆုံး စေ့စပ်ပေးဖို့ ဆုံးဖြတ်ပြီးပြီ. . . သူ သဘောမတူလည်း နားချပြောပြရမှာပဲ. . .

. . . သူ ဒီဘဝရောက်ခဲ့တာရော အမြင့်ဗျာန်လိုလူမျိုးနဲ့ ဆုံဆည်းတာရော အားလုံးဟာ 'သစ္စာနှံ'ရဲ့ အရှိန်အဝါနဲ့ မကင်း ဘူး. . . ဒါ သူ့အတွက် မယ်မယ်တို့ အကောင်းဆုံး အရိပ်မိုး ပေးလိုက်တာပဲ. . . သူ့ရဲ့ မင်္ဂလာကိစ္စအထိ ထိုက်ထိုက်တန်တန် မယ်မယ် ချီးမြှင့်ပေးဖို့ ရည် ရွယ်ပြီးသားကိုလည်း ပြောပြမယ်. . ."

"သူ မနှစ်သက်ဘဲ ဖွတ်မစီစဉ်ပါနဲ့ မယ်မယ်. . . လူတစ် ယောက်ရဲ့ ဘဝအရေးကို ကိုယ့်သဘောတစ်ခုတည်းနဲ့ ဆုံးဖြတ် မပေးလိုက်ပါနဲ့. . . သခင်မဟာ အားလုံး မယ်မယ့် သဘောကျ ခေါင်းညိတ်မယ့် မိန်းကလေးပါ. . ."

"မယ်မယ် သိတယ်. . . မယ်မယ်ကိုယ်တိုင် ဒီလို ဆုံးဖြတ် မပေးချင်လို့ သူတို့ချင်း ရင်းနှီးပြေလည်မယ့် အချိန်ကို စောင့်နေ တာပဲ. . . ဒါပေမယ့် သားသမီးနဲ့ ပတ်သက်လာရင်တော့ တရား တရား မတရားတရား မယ်မယ် စီစဉ်ပေးရမှာပဲ. . . တစ်ခုတော့ ရှိတယ်. . ."

စကားရပ်သွားတော့ မင်းမကိုင်ရက လှည့်ကြည့်သည်။

"သားငယ် မယ်မယ့်ကို ကတိပေးပါ. . ."





တစ်ခန်းလုံး တိတ်ဆိတ် ငြိမ်သက်သွားလေသည်။

"သခင်မကို သားငယ် ဘယ်တော့မှ လက်ထပ်ဖို့ မကြိုးစားဘူး ဆိုရင် အားလုံးကို သူ့အတိုင်းရှိစေရမယ်. . ."

မင်းမကိုင်ရ အံကြိတ်၍ တစ်ဖက်လှည့် ပစ်လိုက်သည်။

ရှားပါးစွာ ပွင့်လန်းခဲ့သော ကိုယ့်ရင်ထဲက မေတ္တာပန်းဟာ အဆိပ်သင့်ခဲ့ပြီလား. . .

သြော်. . . အစကသာ ကိုယ်ခံစားချက်တွေ ဒီလိုအရောင် ပြောင်းလဲလာမယ်ဆိုတာ ကြိုတင် တွေးထားနိုင်ခဲ့လျှင်. . .

"ဘဘုရယ်. . . သခင်မဆိုတဲ့ မိန်းကလေးကို ကျွန်တော့် ဇနီးလောင်းအဖြစ် တစ်ခါတည်းသိမ်းပိုက်ခွင့် ပေးပါ. . ."လို့ တောင်းခဲ့မိပါရဲ့. . .

ခုတော့ ဖြူစင်ခြင်းကို အရင်းခံခဲ့ပြီးမှ အရောင်ပြောင်း ခဲ့လေသော မေတ္တာတရားသည်. . .

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဆေးတက္ကသိုလ် ကျောင်းသူကြီးလည်း ဖြစ်နေပြီ. . . ဒုတိယ နှစ်လည်း ရောက်နေပြီ. . . ဘယ်လောက်ထိ စောင့်ရဦးမှာလဲ သခင်မရယ်. . ဒီမှာ စောင့်ရတာ ဘယ်လောက်ရင်နာစရာကောင်းသလဲ. . .

. . . ကိုယ့်ကို ချစ်တယ်လို့ ပြောထားရင်လည်း ကိုယ့်ရည်းစား လေးလို့ အရိပ်တကြည့်ကြည့်နေရရဲ့. . . ခုတော့ကြည့်ပြီး လှည့်ပြန် ပြောတာ ခေါင်းညိတ်. . . တကယ် ခံစားရတယ်ကွာ. . ."

အမြင့်ချောန်က ညည်းညူနေကျအတိုင်း ဒီအသံပဲ ထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲက ထွက်လာသည်နှင့် လာစောင့် ကားနား ရောက်တော့ လှည့်ပြန်။

ဟိုသွားမယ်ခေါ်လည်း မလိုက် ဒီနား ခဏပါဆိုလည်း မရ။

စိတ်လည်း ပျက်ပါသည်။ စွဲလည်းဘဲ စွဲနေပြန်သည်။

အဲဒီ ရှားပါးပစ္စည်းလေးကိုမှ အမြင့်ဗျာန် မရမကကြီး လိုချင်နေတာ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုပင် ဒေါသဖြစ်ချင်သည်။

သခင်မက သခင်မဆိုတဲ့အတိုင်း တစ်ကျောင်းလုံးမှာ ရှိသမျှ မိန်းကလေးတွေထဲမှာ အပေါ်လွင်ဆုံး မာနအကြီးဆုံး 'သစ္စာနှံ့'၏ အရှိန်အဝါနှင့် တော်ရုံလူလည်း မချဉ်းကပ်ရဲသည့် သခင်မ။

ကိုယ်တိုင်ကလည်း ဝိုင်းဝိုင်းလည်နေသမျှ ယောကျ်ား လေးတွေကို ရှိတယ်လို့ကို မမှတ်တာ ကြိုးစားသမျှ လူတိုင်း သခင်မ နှလုံးသားကို တီးခေါက်ကြည့်ချင်လာကြတဲ့အထိ။

ဘာဖြစ်လို့ သခင်မဆိုတဲ့ မိန်းကလေးရဲ့ နှလုံးသားက ဒီလောက် မာကျောနေရတာလဲ. . .

အဲဒီအားလုံးထဲမှာ သခင်မ အနားကပ်ခွင့်ရနေသည့် အမြင့်ဗျာန် ကိုယ်တိုင် ဒီမေးခွန်းကို မေးချင်လာတိုင်း ရန်ဖြစ်ခံပြီး ခဏခဏကို မေးနေမိတာ. . .

"ဘာဖြစ်လို့ပဲ မာကျောကျော ရှင် စိတ်ဝင်စားဖို့ မလိုပါ ဘူး. . . သခင်မဘဝမှာ ပညာရဖို့ အဓိကပဲ. . . ပညာတစ်ခုပ်





သခင်မပိုင်တာ"

သခင်မက ဘာတစ်ခုမှ ဖုံးကွယ်မထားပေ။

" 'သစ္စာနှံ့' က သခင်မနဲ့ ဘာမှမဆိုင်ဘူးဆိုတာ ရှင့် မိဘအသိုင်းအဝိုင်းကို ရှင် ပြောရဲရဲ့လား. . . သခင်မက သွေးမတော်သားမစပ် ခိုကပ်နေရတဲ့သူ. . . 'သစ္စာနှံ့'က ဒရိုင်ဘာ ဦးဘထူးရဲ့ မြေးဆိုတာ သူတို့သိရင် ရှင့်ဆန္ဒကို လိုက်လျောနိုင် ကြပါ့မလား. . ."

အမြင့်ဗျာန်က ကျွတ်ခနဲလုပ်၍ လက်တစ်ဖက်ကို ဆတ်ခနဲ ခါထုတ်သည်။

"ဒါကြီးပဲ ခဏခဏ ပြောနေတယ် သခင်မရာ. . . မင်းဟာ ဒရိုင်ဘာရဲ့ မြေးပဲဖြစ်ဖြစ် သူတောင်းစား မျိုးရိုးကပဲ လာလာ. . . မင်းရဲ့ သမိုင်းကို ကိုယ် စိတ်မဝင်စားဘူး. . . ကိုယ့်ကို ပြန်ချစ်ပါလားကွာ. . ."

"ရှင့်တော်တော် နားပူပါလား ဗျာန်. . . ရှင့်မှာလည်း ရှင်နဲ့ တန် တဲ့မိန်းမတွေ သခင်မထက် ...တာတွေ အများကြီး ပါပဲ. . . ဘာဖြစ်လို့ သခင်မကို စိတ်ညစ်ခံပြီး စောင့်နေရ တာလဲ. . ."

"မိန်းမတွေ ပေါတိုင်း အချစ်မပေါလို့ပေါ့. . . မိန်းမတွေ ပေါတိုင်းသာ ကြိုက်ရရင် အမေရိကန်မှာ မိန်းကလေးတွေ ပေါမှပေါ. . . ရင်း နှီးချင်တိုင်း ရင်းနှီးလို့ ရတယ်. . . ဒီကောင်က မင်တျားကျမှ ဟိုမထိရ ဒီမကြည့်ရနဲ့ ကပ်စေးနှဲလွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



အသည်းတွေယားပြီး မရမက လိုချင်နေတာ. . ."

"ဟဲ့. . . ရှင်ပြန်တော့. . ."

"တွေ့လား. . ."

ကားနားရောက်တော့ သခင်မက နှင်လွှတ်သည်။

အမြင့်ရျာန်က ဂျစ်ကန်ကန် လုပ်နေ၏။

အရင်လို ကတုံးဆံပင်ကြီး မဟုတ်ဘဲ ဒေါက်တိုတို ဆံပင်ကို ကရင်မ်လူး၍ အားလုံးနောက်လှန်ဖြီးထားသည့် အမြင့်ရျာန် ပုံစံက ခပ်ဟောဟော့ ဝတ်စားထားပေမယ့် ရှင်းသန့်သော ဥပမိရုပ်က ထင်းနေသည်။

နှာတံချွန်ချွန် မျက်ဝန်းပြာပြာနှင့် မြင့်သောအရပ်ကြောင့် စကားကလည်း အနည်းငယ်ဝဲတဲတဲလေးတေးတေးပို့ နိုင်ငံခြားသား တစ်ယောက်နှင့်ပင် တူနေပြန်သည်။

ဆံပင်နီနီလေးတွေ အမြဲတမ်း ဖြန့်ချယားဘက်သည့် သခင်မနှင့် လွန်စွာ ရှေ့သွားနောက်လိုက် ညီလှတာကြောင့် ကျောင်းမှာ မကြာခဏတွေ့နေရသည့် သူတို့အတွဲကို ချစ်သူတွေလို့ တော်ချို့က ထင်ထားကြသည်။

"ဦးရေ. . . သခင်မနဲ့ ကျွန်တော် နာရီဝက်လောက် စကားပြောပါရစေ. . . ခဏလေး စောင့်ပေးပါနော်. . ."

အိမ်မှာလည်း ဝင်ထွက်ခွင့်ရထားကာ သခင်မကို ဟိုဟိုဒီဒီ ခေါ်ထုတ်သွားတတ်တာ မြင်ထားသည်မို့ ဦးပိုက် ခေါင်းညိတ် လိုက်ရသည်။





"အို. . . သခင်မ မလိုက်နိုင်ပါဘူး ပြန်မယ်. . ."

သခင်မက တံခါးဆီ လက်လှမ်းလိုက်လျှင် အမြင့်ရျာန်က ဖျတ်ခနဲ တံခါးဆွဲပိတ်ပစ်၍ ကိုယ်နဲ့ကာပ်ထားလိုက်သည်။

"ခဏလေးကို ကပ်မနေနဲ့ပါနဲ့ကွာ. . . ကိုယ်က မလိုတဲ့ တစ်မ်းလည်း မဟုတ်ပါဘူး. . . အန်တီမဒီတို့ ကိုယ်တိုင် သဘောတူ စေ့စပ်ပေးဖို့ ရည်ရွယ်ထားတဲ့သူပါ. . . မင်း တကယ်ရက်စက် တယ်. . ."

"သခင်မ. . . ဘယ်ယောကျာ်းလေး တစ်ယောက်နဲ့မှ အတူတွဲမသွားဖူးဘူး. . ."

"အဲဒါကြောင့် ကိုယ် မက်မောနေတာပေါ့. . . မင်းကို မရလို့ လုံးဝကို မဖြစ်တာ. . . မင်း ချစ်လာတဲ့အထိ ကြိုးစား မှာ. . . အဲဒါ ကြိုးစားခွင့် မင်းပေးမှဖြစ်မယ်. . ."

သခင်မက မကျေမနပ် ကြည့်သည်။

အမြင့်ရျာန်က ချဉ်တူးကူး ပြန်ကြည့်၏။

လူသွားကင်းရှင်းသည့် နှစ်ယောက်ထိုင် ခုံလေးမှာ အမြင့်ရျာန်က ထိုင်ချလိုက်ပြီး. . .

"ထိုင်လေ. . ."

"မထိုင်ချင်ပါဘူး. . . ပြောစရာရှိတာ ပြော. . ."

"ဟာကွာ. . . ပြောဖို့ စကားက အလွတ်ကျက်လာတာမှ မဟုတ်ဘဲ. . . မင်းမျက်နှာလေးကို ကြည့်ပြီးမှ ခံစားချက်တွေ ထွက်လာမှာ. . ."



www.burmeseclassic.com

"ရှင်နော်. . ."

သခင်မ မျက်နှာနီနီလေးနှင့် အော်တော့ သူက ပကဲခနဲ ရယ်သည်။

"မြန်မာမိန်းကလေးတွေ ရှက်တတ်ကြတာ သိပ်ချစ်စရာကောင်းတာပဲနော်. . . အဲဒီထဲမှာ မင်းက ပိုချစ်ဖို့ကောင်းတယ်. . . ကဲ ထိုင်ကွာ. . . တော်ကြာ အတင်းဆွဲထိုင်ခိုင်းမိမှ စိတ်တိုစရာတွေ ဖြစ်လာလိမ့်မယ်. . ."

သခင်မက ဆောင့်အောင့်၍ တစ်ဖက်စွန်းမှာ တင်ပါးလွှဲလေးထိုင်သည်။

"ဟာ. . . ဟ. . . ဒီဘက်တိုးထိုင်ပါ. . . ပြုတ်ကျမှဖြင့် ကွာ၊ ဖြစ်နေလိုက်တာ. . . မင်းကို ကိုက်မစားပါဘူး. . ."

"ရှင် ဗရုတ်သုကွဲတော်တော်ပြောပါလား. . . ဗိုပြင် ပြောစရာစကားမရှိဘူးဆိုလည်း ပြန်မယ်. . ."

"ကဲ. . . ပြောမယ်ကွာ. . . ပြောပြီ မင်းကိုချစ်တယ်. . . အရမ်းကိုစွဲလမ်းနေတယ်. . . စေ့စပ်ခွင့်ဖြစ်ဖြစ် အမြန်ဆုံးပေးပါ. . . ဘယ်လိုလဲ. . ."

"ရှင်ပြောတာကလည်း တယ်ထူးဆန်းတဲ့ စကား ပါလား. . ."

"ဟ. . . ဒါထက် ထူးဆန်းတာ ရှိမလား. . . ဒီရင်ထဲမှာ ချစ်ပြီးရင်း ချစ်နေတာကွ. . . ဘယ်လောက်ပြည့်ကျပ်နေလဲ. . . ဘယ်ဘက်ကမှ ထွက်ပေါက်ရှာမရဘူး. . . မစေ့စပ်ချင်သေးလည်း





[illegible]. . ."

"ဒီလို ချစ်ခိုင်းတိုင်း ချစ်လို့ရသလား. . ."

"သခင်မ. . . မင်းကို ကိုယ်ကားတင်ပြေးမိတော့မယ်နော် သိလား. . ."

"ရှင် အဲဒီလို အကြမ်းဖက်လည်း လူကိုပဲ ရမှာပေါ့. . . သခင်မအချစ်ကို ဘယ်တော့မှရမှာမဟုတ်ဘူး. . ."

"မင်း ဘာဖြစ်လို့ ဒီလောက် အသည်းမာနေရတာလဲ. . . သခင်မ ဟင်. . ."

"ကျွန်မ မချစ်တတ်သေးဘူး. . . ထင်တယ်. . ."

"ဒါဆိုလည်း ကိုယ့်ကိုချစ်ခွင့်ပေးကွာ. . . ကိုယ်သင်ပေးမယ်"

သခင်မက ပြုံး၍ ထရပ်လိုက်သည်။

အမြင့်ဈာန်က သခင်မ လက်ဖဝါးလေးကို ဖျတ်ခနဲ ဖမ်းဆုပ် လိုက်၍. . .

"မင်းကို ကိုယ် နမ်းချင်တယ်. . ."

"အို. . . ရှင် ဘာစကားပြောတာလဲ. . ."

"မင်း ရှက်လောက်မယ့်နေရာ ကိုယ်မနမ်းဘူး. . ."

အမြင့်ဈာန်က ဖျတ်ခနဲ အနားရောက်လာကာ ဝင်းမွတ်နေသော သခင်မရဲ့ ပခုံးစွန်းလေးကို ငုံ့နမ်းလိုက်သည်။

ရှက်လွန်းသဖြင့် သခင်မ လက်တစ်ဖက် ရိပ်ခနဲ မြောက်တက်သွား၏။

www.burmeseclassic.com



အဖြင့်ရှာန်ကလည်း မြန်သည်။

လက်ကောက်ဝတ်ကလေးကို ဖမ်းကိုင်ထားပြီးသား ဖြစ်သွားသည်။

"ယောကျာ်းလေး တစ်ယောက်ကို ပါးမရိုက်နဲ့ သခင်မ... ကိုယ်ဒီထက် ပေါက်ကွဲသွားလိမ့်မယ်...အဲဒါ ဒေါသမဟုတ်ဘူး... အချစ်မုန်တွ..."

"ရှင်...ကျွန်မ လက်ကိုလွှတ်..."

"ကိုယ့်ကို စိတ်ဆိုးလား..."

"ဆိုးတယ်..."

"နောက် မနမ်းတော့ဘူး..."

"ရှင် ဃပ်မပြောနဲ့နော်..."

"ချစ်လိုက်တာ သခင်မရယ်..."

သခင်မ ဆတ်ခနဲ တရော်လိုက်သည်။

မျက်ဝန်းမှာ မျက်ရည်တွေလည်း လည်နေသည်။

နှုတ်ခမ်းလေးလည်း ကိုက်ထားမိ၏။

ဒေါသတရားနှင့် နောင်တများက အတားအဆီးမဲ့ ခုန်ပေါက် နေလေသည်။

ဒင်း ခေါ်တဲ့နောက် လိုက်လာမိလို့...





တစ်အိမ်သားလုံး အံ့သြတကြီး ဖြစ်လျက် ဘယ်သူမှ မအိပ်နိုင်ကြသည့်ည။

မင်းမကိုင်၏ အရက်သောက်လာသည်တဲ့...

အလုပ်သမား အားလုံးလည်း ရင်တွေခုန် နှလုံးတွေ တုန်လျက် ဘာတွေဖြစ်လာမလဲဟု စောင့်၍နားထောင်နေ မိကြလေသည်။

ဒေါ်စက်မြတ်ရှင် အသံက ကြေကွဲစိုနစ်၍ တုန်ခါနေ၏။

"ဒို့ရဲ့ မိဘဘိုးဘွား... ဘယ်အစဉ်အဆက်ကမှ ဒီသေရည်အရက်ကို မသောက်စားခဲ့ကြဘူး... ဆေးဝါးအဖြစ် မျိုချမိရင်တောင်မှ ရှက်စိတ်ဝင်တတ်ကြတဲ့ လူမျိုး... သားငယ် မင်း မယ်မယ်တို့ ထိန်းသိမ်းလာခဲ့တဲ့ သိက္ခာတွေကို ရိုက်ချိုးဖျက်ဆီး ပစ်လိုက်တာပေါ့လေ..."



www.burmeseclassic.com

www.burmeseclassic.com



မင်းမကိုင်နှ ကုလားထိုင်ပေါ်မှာ နားထင်တစ်ဖက်ကို လက်ထောက်ထား၍ မျက်နှာငုံ့ထားသည်။

"ကဲ. . . ပြောစမ်း. . . ဘာဖြစ်လို့ အရက်သောက်လာရတာလဲ မင်္ဂလာဆောင်မှာ အရက်သောက်တယ် ဆိုတာ သတို့သားနဲ့ သူ့ရဲ့အရင်းနှီးဆုံး အပေါင်းအသင်းတွေ သောက်ကြတာ. . . သားငယ်ကို မယ်မယ် မရမကလွှတ်လို့ သွားရတဲ့ မင်္ဂလာဆောင်မှာ အရက်တိုက်လွှတ်ရလောက်အောင် ဘယ်အပေါင်းအသင်းရှိသလဲ. . . ဒီအရက် ဘယ်သူ တိုက်လိုက်တာလဲ. . . ပြောစမ်း. . ."

"ကျွန်တော် တစ်ယောက်တည်း အပြန်မှာ ဝင်သောက်ခဲ့တာပါ မယ်မယ်. . ."

"ဘာ. . ."

ဒေါ်စက်မြတ်ရှင်၏ နှုတ်ခမ်းများ ပျောက်ဆုံးသွားသည့်နှယ်။

မင်းမကိုင်နှ နားရောက်သွားကာ ငုံ့ထားသည့် မျက်နှာကို လက်နှစ်ဘက်နှင့် ဆွဲမော့ယူလိုက်သည်။

"ဘာပြောလိုက်တယ် သားငယ်. . . မင်း မင်းက အရက်ဆိုင်မှာ အရက်ဝင်သောက်တယ်. . . ဟုတ်လား. . ."

မင်းမကိုင်နှ အသံမထွက်။

"မင်းက အရက်ဝင်သောက်ရအောင် ဘာတွေများ စိတ်ညစ်နေလို့လဲ. . . ဘာတွေခံစားနေရသလဲ. . . ကဲ ပြော





စမ်း. . ."

မင်းမကိုင်နှ ခေါင်းတွင်တွင်ခါသည်။

နေရာမှာ ထအရပ်မှာ စိုတ်ခနဲ ယိုင်သွားလို့က် ကုလားထိုင်နောက်မှီနှင့် ထိန်းကိုင်ထားလိုက်ရလေသည်။

"သားငယ် မသွားနဲ့ဦး. . ."

ဒေါ်စက်မြတ်ရှင်က ရှေ့ကကာရပ်၍. . .

"မင်း. . . ဒါတွေ သောက်စားသုံးစွဲပြီး 'သစ္စာနံ့'ရဲ့ အရှင်သခင် နယ်မြေထဲကို လုံးဝမဝင်ရဘူး. . . ဒီည ဒီမှာပဲအိပ်. . ."

မင်းမကိုင်နှက ရီဝေသော မျက်ဝန်းများနှင့် မယ်မယ့်ကို တစ်ချက်ကြည့်ကာ ဆိုဖာပေါ်မှာ ပြန်ထိုင်လိုက်သည်။

သစ္စာနံ့မှာ အလုပ်သမားများ လုံးဝမဝင်ရသည့် အခန်းငါးခန်းဟာ ဒေါ်စက်မြတ်ရှင် ခင်မဒီနဲ့ မင်းမကိုင်နှတို့ရဲ့ အိပ်ခန်း။

ပြီးတော့ အပေါ်ထပ်ဘုရားခန်းရဲ့ အမြင့်ဆုံး ဝရံတာနှင့် ကပ်လျက် အခန်းနှစ်ခန်း။

အဲဒီ အခန်းနှစ်ခန်းထဲမှာ ရှေ့အစဉ်အဆက် ဘိုးဘွားဘေးဘီတို့၏ ရှေးဟောင်း အသုံးအဆောင်၊ အဝတ်အထည် မီး လှုံလက်နက်ကအစ လွန်စွာ အဖိုးမဖြတ်နိုင်သည့် အမျိုးဂုဏ်ဆောင် အမွေပစ္စည်းအားလုံး ရှိနေသည်။

ငှင်းပစ္စည်းများကို မြင်သည်နှင့် 'သစ္စာနံ့' မိသားစု၏ မျိုးရိုးကို လူတိုင်းသိနိုင်ကြမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခု ဒေါ်စက်မြတ်ရှင်က လွန်စွာ ဖူးဖူးမှုတ် ချစ်လှစွာသော သားလေးအပေါ် တင်းကျပ်သော စည်းမျဉ်းနှင့် သတ်မှတ်ပေးလိုက်ပြီ ဖြစ်လေသည်။

သခင်မ မျက်ရည်စက်တို့ ရွှေရင်မို့မို့မှာ စွန်းထင်းသွားသည်။

ဦး. . . ဘာဖြစ်နေတာလဲ. . .

နှလုံးသားက နားလည်ခံစားမိနေတာတော့ ရှိသည်။

ဒါပေမယ့် မဖြစ်နိုင်ဘူးဆိုသည့် အတွေးနှင့် ပျက်ပေသည်။

ခုတလော သခင်မကိုတောင် ဦးက စကားဟာဟ မပြောတော့တာ ကြာပြီပဲ. . .

တစ်ခါတလေ နားမလည်တဲ့ သင်ခန်းစာရှိလို့တောင် သွားမမေးရဲခဲ့ပေ။

တစ်အိမ်လုံး တိတ်ဆိတ် ငြိမ်သက်သွားသည်။

ညှို့ခန်းကုလားထိုင်ပေါ်မှာ ဘယ်လိုလုပ် အဆင်ပြေအောင် အိပ်မလဲ. . .

ဒီချိန်မှာ သခင်မ ဘာမှမကူညီနိုင်ပါလား. . .

အခန်းထဲမှာ တစ်ယောက်တည်း ငိုနေမိတာ ရှိုက်သံမထွက်ရအောင် ကိုယ့်ပါးစပ်ကို လက်နဲ့ပြန်ပိတ်ထားရသည့် အဖြစ်။

စိတ်ကမဖြောင့်နိုင်လို့လည်း ခေါင်းတောင်မှ ပြုမကြည့်





ဝံ့ပေ။

ကလေးဆန်တယ်ပဲပြောပြော ဦးက ကုလားထိုင်ပေါ်မှာ အထိုင်မကျ အိပ်စက်နေရသည့် အချိန် ကိုယ်က အိပ်ယာထက်မှာ အခန့်သား တက်မအိပ်ရက်တာကြောင့် သခင်မ ဧည့်စားပွဲက ကုလားထိုင်မှာပဲထိုင်၍ စားပွဲပေါ်မှာ ခေါင်းလေး မှေးတင်အိပ်ခဲ့သည်။

အတော်ကြီး ညဉ့်နက်မှ မျက်ရည်စက်လက်နှင့် မှေးခနဲ ပျော်သွားသည်။

နိုးလာတော့ သုံးနာရီခွဲ။

နိုးလာသည်နှင့် သတိရလာသည်က ဦး အိပ်လို့ပျော်ရဲ့လား။

အခန်း အပြင်အထွက်မှာ မမြင်ရသည့် ညှို့ခန်းဆီကို တစ်ချက်လှမ်းကြည့်၍ သခင်မ ငိုင်နေမိသေးသည်။

ဒါပေမယ့် သွားကြည့်လို့လည်း မဖြစ်။

မျက်နှာသစ် သနပ်ခါးဝင်လိမ်းပြီး မီးဖိုခန်းထဲ ဝင်လာတော့ မသူဇာ မနိုးသေးပါ။

ဘယ်နိုးပါ့မလဲ. . . မသူဇာက လေးနာရီကျော်မှ ထနေကျလေ။

"ဟယ်. . . သခင်မ ဆွမ်းတော်တောင် ကပ်တော့မယ်. . ."

အားလုံး ချက်ပြုတ်ပြီးတော့မှ မသူဇာ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောပါသေးတယ် သခင်မရယ်. . . ညက သခင်မကြီး လည်း ညဥ့်နက်မှ အိပ်ပျော်ရှာမှာ. . . ဆွမ်းတော်ကပ်ဖို့ သွားမနှိုးနဲ့ ဦးနော်. . ."

"မနှိုးသေးပါဘူး မမသူဇာ. . . သခင်မ ဆွမ်းတော် ပန်းကန်တွေ ဆေးကြောပြီး ခါတိုင်းအချိန်ကျမှ ဆွမ်းခူးမှာပါ. . ."

"အေး. . . အေး. . ."

သခင်မ အဝေါ်ထမ်ပ် တက်လာခဲ့သည်။

ဆွမ်းတော်ပန်းကန်တွေ စုယူဆေးကြောပြီး ဖြန်းခနဲ ဝင်လာသည့် လေနုအေးလေး တစ်ချက်ကြောင့် ရင်ထဲမှာ ကြည်လင်သွားကာ လသာဆောင်ဘက်ဆီ ထွက်လာခဲ့သည်။

ပြာလဲ့လဲ့ မိုးရောင်လေးအောက်မှာ လခြမ်းပုံ လသာ ဆောင်လေးက အာရုံဦးရဲ့ တိတ်ဆိတ်ခြင်းနှင့် အေးချမ်းလှပါ၏။

သခင်မ ခပ်ဝေးဝေးက မိုးရောင်ပြုပြုတွေဆီ ငေးကြည့် ကာ မျက်ရည်တွေ လည်လာမိပြန်သည်။

ဘယ်ဆီ လွမ်းမောသည်မသိဘဲ တအားငိုပစ်ချင်လာ လျက် ရှိုက်သံလေး မပွင့်တပွင့် ထွက်သွားမိသည်။

"ချာတိတ်. . ."

"ဟင်. . ."

ချာခနဲ လှည့်ကြည့်လိုက်မိသည်။

သခင်မရဲ့ ကျောနောက်မှာ ခပ်နွဲ့နွဲ့ ရပ်နေသူက မင်းမကိုင်။





"ဦး. . ."

မင်းမကိုင်ရဲ့ ရှေ့တိုးလျှောက်လာကာ သခင်မ မှီရပ်နေသည့် ဝရံတာသံတန်းမှာ လက်နှစ်ဖက်ခွဲထောက်လိုက်လျှင် သခင်မနဲ့ သူ့မျက်နှာရဲ့ အကွာအဝေးက အသက်ရှဲရှဲ မရှူဝံ့သည့် အနေအထား။

"ချာတိတ်. . ."

တစ်ချိန်က စွဲမက်ခဲ့ဖူးသည့် စီးကရက်နံ့မှာ အရက်နံ့တို့ ရောသွားလျက်. . .

သခင်မ ကိုယ်လေးကျုံ့၍ မျက်လုံးလေးတွေ ပြူးနေ မှာသည်။

"ဘာဖြစ်လို့ ကြောက်နေတာလဲ ချာတိတ်ရယ်. . . ခုနက ငိုနေတာမဟုတ်လား ဟင်. . . ဒို့. . . ဒို့ ခုထိ တရေးမှ မအိပ်ခဲ့ရဘူး. . . အဲဒါ ဘာဖြစ်လို့လဲ သိလား. . ."

"ဦးရယ်. . ."

သခင်မ မျက်ရည်ဝဲ ရပြန်ပြီ။

"အဲဒါ မင်းကြောင့်. . . မင်းကို စွန့်လွှတ်ဖို့ စွန့်လွှတ်နိုင်ဖို့ ဒို့ ကြိုးစားနေဟာ. . . ဘယ်လိုမှ မရဘူးကွာ. . . ဒို့ စိတ်ကို ဒို့ မနိုင်ဘူး. . . မင်းကိုချစ်တဲ့ စိတ်နဲ့ ဒို့ ရှုံးနေပြီသိလား. . ."

"ရှင်. . ."

သခင်မ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

ဦးက သခင်မကို ချစ်တယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မေးခွန်းတွေ အထပ်ထပ် ဖြစ်ပေါ်လာသည်။

ဒါ တကယ်လား . .

"ချာတိတ် . . . မင်းကို ဒို့ သိပ်ချစ်တယ် . . . ဒါပေမယ့် သူတို့က မချစ်ရဘူးတဲ့ . . . မင်းကို လက်ထပ်ခွင့် မပြုကြဘူး . . . ဒို့ ဘယ်လိုလုပ်ရမလဲ . . . မင်းကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ဖို့ ဒီည အရက်သောက်ခဲ့တယ် . . . မရဘူး . . . အဖြေက တစ်ခုတည်းပဲ ထွက်နေတယ် . . . အဲဒါ မင်းကို သိပ်ချစ်တယ်ဆိုတဲ့ အဖြေပဲ . . ."

ထိုစဉ် ဘုရားခန်းဆီမှ အရိပ်တစ်ခု ရိပ်ခနဲ လှုပ်ရှား သွားတာ မြင်လိုက်ရသည်။

သခင်မ အယိုတ်တလန့် ဖြစ်သွားကာ မင်းမကိုင်၏ လက်တွေကို အတင်းဖြုတ်ခိုင်း၍ . . .

"ဘယ်သူ တက်လာသလဲ မသိဘူး . . . ခဏ ဖယ်ပေးပါ ဦးရယ် သခင်မ သွားပါရစေ . . ."

"မသွားရဘူးကွာ . . ."

"အို . . ."

ပြောလိုက်တော့မှ မင်းမကိုင်က သခင်မ ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲပွေ့တားလိုက်လေသည်။

"မင်းကို ဒို့ချစ်တယ် . . . ချင်တယ် ကလေးရယ် . . ."

တစ်ယောက်ယောက် မြင်သွားပြီဆိုသော ကြောက်စိတ်နှင့် သခင်မ ရုန်းဖယ်နေရပေမယ့် အင်အားတို့ကမပေါ့။

ဒီရင်ခွင်ဟာ သခင်မ နှစ်ပေါင်းများစွာ ရှုးသွပ်ခဲ့ဖူးတဲ့



ရင်ခွင်။

ဦးကို သခင်မ ငယ်ငယ်ကတည်းက ခင်တွယ်ခဲ့တာ . .

ချစ်တတ်တဲ့ အရွယ်ကထည်းက ချစ်ခဲ့တာ . .

ဒါပေမယ့် . . .

သခင်မ ဦးရဲ့ရင်ခွင်ထဲက အတင်းရုန်းထွက်ခဲ့သည်။

နုနယ်သော နှလုံးသားလေးက တဆတ်ဆတ်ခုန်လျက် ပါးပြင်လေးနှစ်ဘက်မှာ နွေးနေဆဲ . . .

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

"သခင်မကြီး . . . နေမကောင်း ဖြစ်မနေပြန်ပြီ . . . မသူဇာရယ်"

"စိတ်ထောင်းတော့ ကိုယ်ကြေပေါ့ မမိုးရယ် . . . သခင်မကြီးက အရမ်းကို စိတ်ရှင်းနူးညံ့ရှာတာကိုး . . ."

"ဟိုဘက်နေ့က သခင်လေးကလည်း အရက်သောက်လာတာကိုး . . ."

သခင်မ ခြေလှမ်းတွေ ထမင်းစားခန်း အဝင်ဝမှာ ရပ်တန့်သွားသည်။

အတွင်းဘက်က စကားသံများက ထွက်ပေါ်နေဆဲ . . .

"သခင်မကြီးက သခင်မလေးကို သတိရနေရတဲ့ အထဲ သခင်လေးနဲ့ ကောင်မလေး ကိစ္စက ဝင်ယှာတော့ ပိုဆိုးသွားတာပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . သခင်မကြီးက ကောင်မလေးကို သခင်လေး နဲ့ နီးစပ်မှာစိုးပြီး အမြင့်ဈာန်နဲ့ စိစဉ်ချင်တယ်. . . သခင်လေးက လက်မခံဘူး. . ."

"ဟုတ်တယ်. . . ဒါပေမယ့် သခင်မကြီး သဘောမကျရင် သူ့ လက်မထပ်ဘူးတဲ့ ကောင်မလေး သဘောမပါဘဲ. . . ပိုဟာတစ်ယောက်နဲ့ ဇွတ်လက်ထပ် ပေးလိုက်တာမျိုးတော့ မလုပ်ဖို့ ပြောတယ်. . . သခင်မကြီးကလည်း တစ်ဖက်စီးနင်း လုပ်တတ်တဲ့ သဘောရှိတာမှ မဟုတ်ဘဲ. . . မမိုးရယ်. . .

. . . ကောင်မလေးကို ဘယ်ဇွတ်လုပ်ပါမလဲ. . . ဒါပေမယ့် အခု သခင်လေးက အရက်တွေ ဘာတွေသောက်လာတဲ့ အထိ ဖြစ်လာတော့ သားနဲ့ ဖြစ်သွားမှာလည်းစိုး. . . ကိုယ့်လိုအင် တစ်ခုနဲ့ တစ်ဖက်သားကိုလည်း ဇွတ်လက်ထပ်မပေးရက်နဲ့ သောကများပြီး ခုလိုအိပ်ယာထဲ လဲတော့တာပဲ. . ."

"ဒုက္ခပါပဲနော်. . . ကောင်မလေးကရော သခင်လေးကို ချစ်သတဲ့လား. . . အရွယ်ချင်း သိပ်မကွာပေမယ့် အသက်က ကွာမှာပေါ့"

"အသက်က မြင့်ရတာမှတ်လို့ မမိုးရယ်. . . ငါတို့ သခင်လေးက နဖတ်ခန့်ချောနေတဲ့ကိစ္စ. . . ကောင်မလေးနဲ့ ရှေ့သွားနောက်လိုက် ညီမှညီ. . ."

"အင်းနော်. . . ကိုကိုနဲ့ ညီမလေးပေါ့. . ."

"ဟုတ်တယ်. . . သခင်လေးကို ဦးလို့ ခေါ်တာတောင်





နားခါးလှပြီ. . ."

"မသူဇာက ကောင်မလေးနဲ့ သဘောကျတယ်ပေါ့. . ."

"အင်း. . . ကိုယ့်အမြင်နဲ့ပဲ ပြောရရင် ဘာဖြစ်လဲ. . . ကောင် မလေးက နောင်မှာ ဆရာဝန် ဖြစ်လာမယ့်သူ. . . သခင်လေး ပညာတတ်သလို သူလည်းတတ်တာပဲ. . . သခင်လေး ချောသလို သူလည်းလှတာပဲ. . . နူးနူးငယ်ငယ် လှလှလေး. . . ပြီးတော့ သခင်လေးကိုလည်း ရှိသေပြီသား. . ."

"ကျွန်မလည်း ကောင်မလေးကို ချစ်တယ်. . ."

သခင်မ ချာခနဲ လှည့်ထွက်လာခဲ့သည်။

အားလုံးချစ်ကြသလို မေမေကြီး သခင်မအပေါ် မေတ္တာ မပျက်တာကိုလည်း သခင်မ သိပါသည်။

ဘယ်မိဘမဆို သားသမီးနဲ့ ပတ်သက်လာရင်း ဒီလို ခံစားကြရမှာပဲ. . .

မေမေကြီး အပေါ် သခင်မ လုံးဝ အပြစ်မမြင်ပေ။

ဂံအိမ်ထဲမှာ ဒီလိုဒီအနေရေးတွေဖြစ်နေတာ သခင်မ လုံးဝ မသိခဲ့ပါ။

ခုမှ ရုပ်ရှင်ရုံကအပြန် ဦးပြောခဲ့တဲ့ စကားများနှင့် ဘုရားခန်း ဝရံတာမှာ ပြောခဲ့သော စကားများကို သဘောပေါက် သွားသည်။

"မင်းကို ဒို့သိပ်ချစ်တယ်. . . ဒါပေမယ့် သူတို့က



www.burmeseclassic.com

www.burmeseclassic.com



လတ်ထပ်ခွင့်မပြုကြဘူး . . . မင်းကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ဖို့ အရက်သောက်တာ . . ."

နားထဲမှာ အားလုံးပြန်ကြားလာသည်။

မဆုံးဖြတ်ပါနဲ့ ဦးရယ် . . . သခင်မကြောင့် ဘယ်သူမှ စိတ်မဆင်းရဲရပါဘူး . . .

သခင်မ ခိုင်မာစွာ ဆုံးဖြတ်ပစ်လိုက်သည်။

# အပိုင်း (၃)

သစ္စာခံနှင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ချာတိတ်..."

"အမလေး..."

နောက်ကနေ ဆောင့်ဆွဲခံလိုက်ရသဖြင့် သခင်မ ကိုယ်လေး ယိုင်ခနဲပါသွားသည်။

မင်းဇကိုင်နှင့်က သခင်မ လက်မောင်းနှစ်ဖက်ကို ကိုင်၍ မျက်နှာချင်းဆိုင်ပစ်လိုက်သည်။

"မင်း...ငါ့ကို ကြည့်စမ်း...ချာတိတ်..."

ဦးကို မော့ကြည့်မိတဲ့အချိန်မှာ သခင်မ မျက်ဝန်းမှာ မျက်ရည်တွေ ဝဲနေလေပြီ။

ဦး ဘာပြောတော့မယ်ဆိုတာ သိနေပါ၏။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်း. . .မယ်မယ့်ကို ဘာပြောခဲ့သလဲ. . . အဲဒါ အခု ထပ်ပြောစမ်း. . ."

သခင်မ မျက်ရည်တွေ ကျလာသည်။

"ပြောလေ. . . ချာတိတ်. . ."

"ဟုတ်တယ်. . . သခင်မ အမြင့်ဈာန်နဲ့. . ."

"တော်တော့. . ."

"ဟင့်အင်း. . . တော်လို့ မရဘူး. . . သခင်မ လက်ထပ်တော့မယ်. . . သခင်မဘဝမှာ နောက်ခံအားကိုး ဘာမှ မရှိဘူး. . . အမြင့်ဈာန်ဟာ အဖက်ဖက်က ဟောင့်တင်းပြီး သား. . . သခင်မ ရွေးချယ်ခဲ့တာ မှားလို့လားဟင်. . ."

"မှားတယ်. . . မင်း ပညာသင်နေတဲ့အရွယ်. . . ခံ့ဆေးပညာဟာ ဦးနှောက်နည်းနည်းမှ ရွေ့လျားခံတဲ့ ပညာမဟုတ်ဘူး. . . ဒိမ်ထောင်သည်ဘဝနဲ့ ဒီဘွဲ့ကို မင်းဘယ်လို ယူမလဲ. . . ပါရဂူဘွဲ့ဆိုတဲ့အထိ မင်း မှန်းခဲ့တာဆို. . . အဲဒီဘွဲ့တွေ ဘယ်လို ယူမှာလဲ. . ."

သခင်မ ဟီးခနဲ ငိုချလိုက်သည်။

"ပြီးတော့ အမြင့်ဈာန်ဆိုတဲ့ကောင်က မြန်မာပြည်မှာ လုံးပပျော်တဲ့ကောင်မဟုတ်ဘူး. . . မင်းကို မက်လို့နေနေတာ. . . မင်းကို ပိုင် တာနဲ့ သူလစ်မှာ. . . မင်း သူသွားတဲ့ နောက်လိုက်ရ တော့မှာ သိလား. . . ဆရာဝန်ဆိုတဲ့ မင်းရဲ့ဘွဲ့ကို သူလိုလူမျိုးက ခေါင်းပေါ်တင်ထားမယ် ထင်လို့လား. . ."





မင်းမကိုင်ရှ ဘယ်သူကြားကြား ဂရုမစိုက်တော့ဘဲ အသံ ကျယ်နှင့် အော်ပြောနေသည်။

သခင်မ ခေါင်းတွင်တွင်ခါနေသည်မှလွဲ၍ ဘာမှမပြော နိုင်။

"မင်း ဘာဖြစ်လို့ ချက်ချင်းကြီး ဆုံးဖြတ်လိုက်တာ လဲ. . . ချာတိတ် ဟင်. . . မင်း အဘိုးရဲ့ ပညာတတ်ကြီး ဖြစ်စေ ချင်တဲ့ ဆန္ဒတွေကို မင်းမေ့ပစ်လိုက်ပြီလား. . ."

"ဟင့်အင်း. . . မမေ့ဘူး သခင်မ ဘာကိုမှ မမေ့ဘူး. . . မမေ့လို့ ခုလို ဆုံးဖြတ်ခဲ့တာပါ. . . သခင်မ လက်ထပ်ပါရစေ. . ."

"လက်မထပ်ရဘူး. . . မင်း သူ့ကို မချစ်ဘူးဆိုတာ ဒို့သိတယ် ချာတိတ်ရယ်. . ."

မင်းမကိုင်ရှအသံတို့ ပြန်လည်တိုးတိတ်၍ နူးညံ့သွားပြန် သည်။

သခင်မရဲ့ မေးစေ့ချွန်ချွန်လေးကို လက်ညှိုးကွေးကွေးနှင့် ပင့် မော့ယူ၍ အကြည့်ချင်းဆုံစေသည်။

"မင်း ဒီလိုဆုံးဖြတ်တာ ဘာကြောင့်ဆိုတာလည်း ဒို့သိတယ်. . . မင်း မဆုံးဖြတ်ရဘူး. . . မင်းကို တစ်ယောက် ယောက် ပိုင်ဆိုင်သွားတာမျိုး ဒို့ မမြင်ချင်ဘူး. . . အဲဒီအဖြစ်တို့ ခံစားဖို့လည်း ဒို့မှာ ခွန်အားမရှိဘူး. . . အဲဒီတော့ မူလ ရည်ရွယ်ချက်အတိုင်း မင်း လမ်းဆုံးအောင် လျှောက်ပါ. . . ဒီစံအိမ်မှာ အားလုံးအေးချမ်းသွားအောင် ဒို့ ဆုံးဖြတ်မယ်



www.burmeseclassic.com

www.burmeseclassic.com



"ဦး. . ."

မင်းမကိုင်ရဲ့ လက်ဖဝါးသည် သခင်မရဲ့ မေးဖျားမှ ဆင်းသက်၍ လည်တိုင်နုနု ဆံစဖျားကြားဆီ တစ်ချက်ပွတ်သပ်ကာ ဖယ်ခွာသွားလေသည်။

မျက်နှာလှလှလေးကို ကြည့်၍ မင်းမကိုင်ရဲ့ ကျောခိုင်း ထွက်ခဲ့သည်။

ဒို့အချစ်တွေ မင်းဆီမှာ ထားခဲ့ပြီ ချာတိတ်ရယ်. . .

ကျောခိုင်းခဲ့တဲ့ ကိုယ်မှာ အသည်းမပါ ကိုယ်ဗလာနဲ့. . .



ကိုယ့်နားကိုယ်ပင် မယုံနိုင်ပါလား. . .

ဦးနဲ့ ဘရဏီနဲ့ လက်ထပ်တော့မည်တဲ့. . .

ကမ္ဘာကြီး တစ်ခုလုံး ကိုယ်ရဲ့ဘေးမှာ ချာချာလည် သွားသလို ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွား၏။

"အံ့သြစရာပဲ. . . ချက်ချင်းကြီးပါလား. . . မသူဇာ ရယ်နော် ဖိတ်စာတောင် ရိုက်ပြီးပြီတဲ့. . ."

"ချက်ချင်းဆို သခင်မက အမြင့်ဈာန်နဲ့ လက်ထပ် တော့မယ်ဆိုတာနဲ့ ခုလိုတွေဖြစ်ကုန်တာ. . ."

"ဘယ်လို. . ."

"သခင်မက ပညာမစုံသေးဘူးလေ. . . မယ်မယ် ဖြစ်စေချင်တာ ကျွန်တော်နဲ့ သခင်မ ပေးဖို့ပဲ မဟုတ်လား. . . ဆို ပညာသင်ပါစေ ဘရဏီကို ကျွန်တော် လက်ထပ်မယ်တဲ့. . . ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကြားခဲ့တာ"

သခင်မ နားနှစ်ဘက်ကိုပိတ်၍ နေရာမှ ပြေးထွက်ဖို့ ကိုယ်ကို လှည့်လိုက်ပေမယ့် ခြေထောက်ကို လှုပ်ရှား၍ မရတော့။

တစ်ကိုယ်လုံး မူးဝေချိန်နဲ့ကာ နေရာမှာပဲ ပုံကျသွားလေသည်။

"ဟဲ့. . . အပြင်က ဘယ်သူလဲ. . ."

"ဟယ်. . . သခင်မရယ်တော့. . ."

"သခင်မ. . ."

သခင်မ ကိုယ်လုံးလေးက အသိတရားမဲ့လျက်. . .

❀ ❀ ❀

"ချာတိတ်. . .

"ဟင်. . ."

ကျိန်းစပ်နေသည့် မျက်လုံးကို ဖွင့်မရသေးခင် နားထဲမှာ နူးညံ့နွေးထွေးစွာ တိုးဝင်လာသည်က ဦးရဲ့အသံ။

ဝေဝါးသော အာရုံမှာ မျက်နှာတွေ အစီအရီ ပေါ်လာသည်။

ထိုအထဲမှာ ပြည့်ဝန်းထည်ဝါလှသော ဒေါ်စက်မြတ်ရှင်ရဲ့ နူးညံ့သည့်မျက်နှာကို မြင်သည်။

သခင်မကို မိုးကြည့်၍ စကားပေါင်းများစွာ ပြောနေသည့်နှယ်။

"ဘယ်လိုနေသေးလဲ သခင်မ. . ."

"သက်သာပါတယ် မေမေကြီးရယ်. . . ညက စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တာများသွားလို့ မူးသွားတာပါ. . ."

ဒေါ်စက်မြတ်ရှင်က နားလည်စွာ ပြုံး၍ လှည့်ထွက်သွားသည်။

ခုမှ မသူဇာတို့လည်း ပြုံးရယ်နိုင်ကြကာ အသီးသီး ထွက်သွားကြလေသည်။

မင်းမကိုင်၎က သခင်မ လက်ဖဝါးလေးကို ထွေးဆုပ်၍ ကရုဏာမျက်ဝန်းများနှင့် စိုက်ကြည့်သည်။

"နေသာရဲ့လား ချာတိတ်. . ."

သခင်မ ခေါင်းလေးညိတ်ပြကာ လက်တစ်ဖက်က ခေါင်းအုံးအောက်သို့ ထိုးနှိုက်လိုက်သည်။

"ဦး. . . ဒါလေး ပြန်သိမ်းပေးပါနော်. . ."

ပန်းနုရောင် ဖိုင်ဘာဘူးလေးကို လှမ်းယူ၍ မင်းမကိုင်၎ ဖွင့်လိုက်သည်။

အထဲမှာ အသည်းပုံ မှန်လေးတစ်ချပ်နှင့် ဆွဲကြိုးများ တွဲလျက်ရှိနေသည့် အသည်းပုံ သော့ခလောက်လေးနဲ့ သော့တံလေး။

မင်းမကိုင်၎ မျက်ခုံးတွေ စုံကျုံ့သွားကာ လက်တိုက် မငြိမ်သက်ချင်တော့. . .

သခင်မ အင့်ခနဲ ရှိုက်သံထွက်ကာ မျက်နှာလေး ကမ်းဖက် ဆောင်းလှည့်သွား၏။

"အဲဒါတွေ ပြန်ယူသွားပါ ဦးရယ်. . . သခင်မ မတော် မှားကိုမှန်းပြီး မရှုံးသွပ်ပါရစေနဲ့တော့. . ."





"ချာတိတ်ရယ်. . ."

မှန်လေးကို တယုတယပွတ်တိုက်၍ ရင်ထဲမှာ နင့်နေမိသည်။

ငယ်စဉ်ကတည်းက တွယ်တာခဲ့သော သခင်မရဲ့ သံယောဇဉ်တွေကို နားလည်လိုက်ရ၍ပါ။

ဒါဆို. . . သခင်မ သခင်မ. . . သူ့ကို ချစ်နေခဲ့တယ် ပေါ့. . .

တစ်ဖက်လှည့် စောင်းနေသည့် သခင်မ မျက်ဝန်းထောင့်မှ မျက်ရည်စက်လေးများက နားသယ်စပ်ဆံစများကြားသို့ စမ်းချောင်းလေးကို ကုန်ဆုံးခြင်းမဲ့ စီးသွယ်နေလေသည်။

မင်းမကိုင်၎ အံကြိတ်၍ ဘူးလေးကို ပြန်ပိတ်ကာ ခေါင်းအုံး အောက်ပြန်ထည့်ပေးလိုက်၏။

"ပြန်ယူပါ ချာတိတ်ရယ်. . , မှန်လေးက မင်းတွယ်တာခဲ့တဲ့မှန်စွည်း. . . အသည်းသော့ခလောက်လေးက မင်းရဲ့ နှလုံးသားနဲ့ အနီးဆုံးနေရာမှာ အမြဲရှိနေပေဖော့်ဖို့ အချစ်တွေကို ထည့်ပေးထားတာ. . . မင်းအနားမှာ ဖို့ မရှိနိုင်တော့ပေမယ့် ဖို့အချစ်တွေ အားလုံး မင်းဆီမှာပါ. . . အဲဒီ အချစ်တွေကို သော့လေးနဲ့ ခတ်ပြီး မင်းထာဝရ သိမ်းထားပေးပါ. . ."

သခင်မ မျက်ကန်းရဲ့ လှည့်လာသည်။

"ရက်စက်လိုက်တာ ဦးရယ်. . . သခင်မကို ကျင်ဖော သွားခွင့်မပြုဘူး. . . ဦးကတော့ ရက်ရက်စက်စက်. . ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ချာတိတ်. . . မင်းကို တစ်ယောက်ယောက် ပိုင်ဆိုင်သွားမှာ မမြင်ချင်လို့. . . ဒို့ ဒီလိုဆုံးဖြတ်ခဲ့တာ မှန်တယ်. . . ဒါပေမယ့် ဒါ တစ်ကိုယ်ကောင်းဆန်ခဲ့တာ မဟုတ်ဘူး. . . မင်းကို သူများလက်ထဲ ထည့်မပေးနိုင်သလို. . .

. . . မင်းမချစ်နိုင်တဲ့ လူတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ တစ်သက်လုံး စိတ်ဆင်းရဲသွားရမှာစိုးလို့ ဒို့ စိတ်ဆင်းရဲခဲ့ပြီး ဆုံးဖြတ်ခဲ့တာ. . . နှိနေ့ချိန်ထိ ဒို့ရင်ထဲမှာ စူးစူးနစ်နစ် ချစ်ခဲ့ဖူးတာ တစ်ယောက်တည်းရှိတယ်. . . အဲဒါ မင်း. . ."

မင်းမကိုင်၏ လက်ထဲမှာ သခင်မ လက်ဖဝါးလေး နာကျင်လာသည်။

ဒါပေမယ့် အသားနာတာထက် ဆိုးသော ရင်ထဲက ဝေဒနာကို မထွင်းဖောက်နိုင်။

သခင်မ. မင်းမကိုင်၏လက်ကို အပေါ်ကဆုပ်ကိုင်၍ ပါးမှာကပ်ထားလိုက်သည်။

ထပ်လျက်ရှိသော လက်ဖဝါးသုံးခုစလုံးကို စိုစွတ်စေသော သခင်မရဲ့ မျက်ရည်စက်တို့က စွေသောမိုးလို. . .

ဘဝဆက်တိုင်း အချစ်ကို ပိုင်ရပါလို၏. . .

❁ ❁ ❁



ပေါ်ဇက်မြတ်ရှင်လည်း နေကောင်းသွားခဲ့ပြီ။

နိုင်ငံခြားသွားအဲ့ဆဲဆဲ ခင်မဒီတို့ လင်မယားလည်း ရောက်လာကြသည်။

ဘရဂေါ်တို့ မိသားစုလည်း စုံနေ၏။

နှမ်ဘက်ရင်းနှီးသော အပေါင်းအသင်းများလည်း လာရောက်ကူညီနေကြသည်မို့ တစ်ခြံလုံး ရှုပ်ယှက်ခတ်အောင် ဆူနေလေသည်။

ဘောလုံးတွေ လေထိုးသူကထိုး ပါးစပ်နဲ့ မှုတ်၍ ဗိုက်နှိပ်ရယ်သူကရယ်။

"မကိုင်ရေ. . . လာကြည့်ပါဦး. . . ဒီပန်းပင်လေးတွေ လှရဲ့လားဟင်. . . အရွက်ဖားဖားလေးတွေက ကြက်သွေးရောင်နဲ့ တော့ မီးလုံး ပြာပြာလေးတွေ ကပ်ပေးလိုက်ရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သား. . . ”

ဘရဏီက လျှောက်လာသည့် မကိုင်ရှင်ကို ပြေးဆွဲ၍ နေရာမချရသေးသည့် အလှပန်းအိုးလေးတွေကိုပြသည်။

“ကောင်းပါတယ်. . . ဘရဏီ ကြိုက်သလိုလုပ်လေ. . . ”

“ဟင်. . . မကိုင်ရှင်ကလည်း ဘရဏီ သဘောချည်းပဲ. . . ပန်းအိုး တွေက အနီဘက်ကို သိပ်များနေလို့ အရောင်ပျက်သွားအောင် အပြာဆင်တာ. . . ဒါမှမဟုတ် ပန်းအိုးတွေ ရွက်စိမ်းလေးတွေနဲ့ လဲလိုက်ရင်ကောင်းမလား. . . ”

“ဘာဖြစ်လဲ ဘရဏီ. . . အယူမရှိရင် ဘာမှမဖြစ်ဘူး. . . အနီရောင်ဆိုတော့ ပေါ်တာပေါ့. . . ”

မိဘများကတော့ ဘရဏီနှဲ့တာကို သဘောတကျပြုံးကြည့်နေကြသည်။

“ကဲ. . . ကဲ. . . ယောက်မ. . . ဟောဒီမှာ ဝတ်စုံရွေးလာပြီတဲ့ သွားဝတ်ကြည့်ဦး. . . ”

“ဟုတ်လား. . . ပေး. . . ပေး. . . ”

ဘရဏီက အထည်အိတ်ကို လှမ်းယူ၍ မကိုင်ရှင်ကို လက်ချိတ်ခေါ်သည်။

“လာ. . . တိုက်ထဲသွားမယ်. . . ဘရဏီ ဝတ်ပြမယ်. . . လှမလှ မကိုင်ရှင်က ကြည့်ပေး. . . ”

“ဟာကွာ. . . မနက်ဖြန်ပဲ ဝတ်မယ့်ဟာကို ဘရဏီကလည်း”





မင်းမကိုင်ရှ ဟန်မဆောင်နိုင်အောင် ရှုံ့မဲ့သွားမိသည်။

ဒီအချိန်မှာ တခြောင်ခြောင်မှာ သွားကပ်၍ စီးကရက်သောက်ရင်း တွေးနေငေးနေချင်တာ. . .

“မရဘူးကွာ. . . လိုက်ခဲ့. . . တော်ကြာ ထွက်ခါနီးမှ ဝတ်စုံက ဖောက်ပြန်ရင် ဘယ်လိုလုပ်ဖြင်မလဲ. . . ”

“ဟုတ်သားပဲ မောင်မောင်ရယ်. . . လိုက်သွားလိုက်ပါ. . . ဒို့ လည်း လိုက်ကြည့်မယ်. . . ”

ခင်မဒီက ပြောတော့ ဒေါ်စက်မြတ်ရှင်နဲ့အတူ ဘရဏီ မယ်မယ်ပါ ထလိုက်လာကြသည်။

“သခင်မရေ. . . ”

“ရှင် မမကြီး. . . ”

“အဖေအးလေး လုပ်ပါဦး. . . ”

“ဟုတ်ကဲ့ပါရှင့်. . . ”

ခင်မဒီ သခင်မအပေါ် သနားသည့်စိတ်လေးလည်း ဖြစ်မိလျက် သခင်မရဲ့ သည်းခံတတ်သည့် စိတ်ထားလေးကိုလည်း အစကတည်းက နားလည်ပြီးခဲ့ပြီမို့ အခုလာတော့ သခင်မအတွက် လက်ဆောင်တွေအများကြီး ဝယ်လာခဲ့ပါသေးသည်။

သခင်မက ဝမ်းသာအားရလေးပဲ ပွေ့ပိုက်ယူခဲ့ရှာသည်။

သူ့ခမျာ ထားရာနေ စေရာသွားမယ့် သဘောမြှုလေးပါ. . . ဟု သနားပိုမိရသည့်အဖြစ်။

သခင်မက ညှော်ခန်းထဲမှာရှိနေကြသည့် လူအဖေရှေ့ဘွက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အံကိုက် အအေးပုလင်းတွေကို ဗန်းနဲ့ထည့်လာ၍ တရိုတသေ ချပေးသည်။

နုနယ်လှပနေသည့် သခင်မမျက်နှာလေးကို မြင်လိုက်သည်နှင့် ဘရဏီ ဒေါသတို့က မနာလို အငွတိုစွာ ရုန်းကန်ထကြွလာကြသည်။

ငယ်သော နုသော ချောသော လှသော အသရေအပေါင်းနှင့် သခင်မက ရိုးရိုးလေးပဲ နေပေမယ့် ဘရဏီက မကိုင့်ထက်ပင် အသက်ပိုကြီးရသူမို့ ဒါတွေကို လုံးဝမရှုစိမ့်နိုင်. . .

ဒီကောင်မလေးကို မကိုင့်ချစ်တာ သူသိနေသည်လေ. . .

ဘယ်လောက်လှလှ ငယ်ငယ် ဒင်းဟာ သူများအခိုင်းခံမှုတဲ့ အတန်းအစားပါပဲ။

သဝန်တိုစိတ်ကြောင့် သင့်တာ မသင့်တာကို မစဉ်းစားမိတော့။

“သခင်မ. . .”

“ရှင်. . .”

သခင်မက လင်ဗန်းလေး ကိုင်ထား၍ ပြန်လှည့်ထူးသည်။

“အဲဒါပြီးရင် ဒို့ဖိနပ်သွားတိုက်ပေးစမ်း သီလား ပေနေလို့. . .”

သခင်မ ကိုယ်လေး တွန့်ခနဲ ဖြစ်သွားသလို ဒေါ်စက်မြတ်ရှင်မရာ ခင်မဒီပ၊ မင်းမကိုင့် မျက်နှာကို လှမ်းကြည့်လိုက်မိကြ





သည်။

မင်းမကိုင့် မျက်နှာ မည်းခနဲ ဖြစ်သွားကာ တစ်ခုခုပြောဖို့ ပါးစပ်အဟ. . .

“ဝမ်းနည်းပါတယ် အန်တီဘရဏီ. . . အန်တီ့ဖိနပ်ကို သခင်မ တိုက်မပေးနိုင်ပါဘူး. . .”

“ဘာ. . .”

ဘရဏီက ကြမ်းတမ်းသော အသံနှင့်ပြူးပြီးသား မျက်ဝန်းလေးကို ပို၍ပြူးကာ အော်သည်။

သခင်မ အားလုံးကို တောင်းပန်သော အကြည့်နှင့် ဝေ့ကြည့်၍ မဲ့သည်။

“အန်တီ လူကဲခတ် မှားသွားပြီ သခင်မက ‘သစ္စာနှံ’ ရဲ့ အရှင်သခင် မဟုတ်ပေမယ့် ကျွန်တော့ မဟုတ်ဘူး. . . အမေပေးခဲ့တဲ့ လက်နှစ်ဖက်က လူတွေရဲ့ အသက်ကို ကယ်မှာပါ. . . သူများ ဖိနပ်တိုက်ပေးဖို့ မဟုတ်ဘူး. . .”

“ကြည့်စမ်း. . . စော်ကားလိုက်တာ. . . သူများအိမ်မှာ သူများ ကျွေးတာစားပြီး ကြီးလာတဲ့သူက. . .”

“ဟဲ့. . . သမီး. . .”

ဘရဏီ မိဘတွေက ဟန့်တားသည်။

သခင်မက အားလုံးကို ကျောခိုင်း၍ ထွက်သွားပါပြီ။

မင်းမကိုင့် ပင့်သက်ရှိုက်၍ တောင့်နေသော ကိုယ်လုံးကြီး ပျော့ကျလျက် ကုလားထိုင်မှာ မှီသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စက်မြတ်ရှင်မျက်နှာ ဆယ်နှစ်စာမျှ အိုစာသွားပါ၏။

ရှုန့်ရှင်းကြမ်းတမ်းလှသော ဘရဏီစကား . . .

သဝန်တို မောက်မာလှသည့် ဘရဏီရဲ့ စိတ်ဓါတ်ကား . . .

အားလုံးသည် ဒီနေရာမှာ ဘွားဘွားပေါ်လာခဲ့ပြီ။

သားအမိနှစ်ယောက် မျက်လုံးချင်းဆုံလျှင် ခင်မဒီ မျက်လွှာလေးချသွား၏။

မှားခဲ့ပြီလား . . .

❁ ❁ ❁



မင်္ဂလာပွဲဧည့်ခံပွဲက မင်းမကိုင်ရဲ့ ဆန္ဒအတိုင်း ရုံးတက်လက်မှတ်ထိုးကာ ညဘက်ဧည့်ခံလိုက်တာမို့ ခင်မဒီလို ဟိုတယ်မှာ ဆောင်တာလောက် မခမ်းနားမကြီးကျယ်ပေမယ့် အထိုက်အလျောက်တော့ စည် ကားသည့်ပါပဲ။

ဘရဏီက ဖြူစွတ်သော အထပ်ဂါဝန် ဖားဖားကြီးကို ကျနစွာ ဝတ်ဆင်ထားလျက် ခေါင်းမှာ အုပ်ဆောင်းလေးနှင့် မျက်နှာက အပျော်များစီးမျောကာ လှချင်တိုင်း လှနေလေသည်။

မင်းမကိုင်က အဖြူရောင် အနောက်တိုင်း ဝတ်စုံနှင့် ရှေ့သွား နောက်လိုက်ညီကြပေမယ့် မညီသည်က မျက်လုံးများပါပဲ။

ဘရဏီ ပျော်ရွှင်မြူးကြွနေသလောက် မင်းမကိုင်မျက်လုံးတို့က ရွှေဝါရောင် ဇာဝမ်းဆက်နှင့် ဝါရွှေသော ဆံပင်တိုဝဲဝဲလေးတွေ ဒီတိုင်း ဖြန့်ချထားလျက် လူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com

ဆင်ပေမယ့် ဘာလက်ဝတ်လက်စားမျှ မဝတ်ဘဲ သူပေးထားသည့် ဆွဲကြိုးနဲ့ သော့တံပါ အသည်းလော့ကတ်လေး တစ်ကုံးတည်းကိုသာ ဆွဲထားပါသော သခင်ဆီမှာ ဝေ့ဝဲတမ်းတကာ မျက်ဝန်းမှာ ရီဝေဆွေးမြေ့လျက်။

ဩော် . . . သခင်မနဲ့သူ တစ်သက်တာ ဝေးကွာသွားခဲ့ပါရော လား. . .

ချစ်သူကို စွန့်လွှတ်လိုက်ရသော ကြေကွဲခြင်းကို ပေါ့ပေါ့လေး တွက်ခဲ့ဖူးသည့် အသည်းက မီးပုံထဲမှာ ဆတ်ဆတ်လူးနေပြီ။

ချစ်လိုက်တာ ကလေးရယ်. . .

ခုနေ မင်းကို လက်ဆွဲပြီး ဒီကနေ ထွက်ပြေးလို့ ရမယ်သာဆိုရင်လေ. . .

"မောင်. . ."

ချက်ချင်းကြီး အခေါ် အဝေါ် ပြောင်းလဲသွားသည့် ဘရက်ရဲ့ 'မောင်'ဆိုတဲ့ အသံက နားထဲမှာ ခါးနေသည်။

"ဟိုမှာ အမှတ်တရ ဓါတ်ပုံစုရိုက်ကြဖို့ ခေါ်နေတယ် မောင်ရဲ့ လာ. . ."

ဘရက်က မင်းမကိုင်ရဲ့ မျက်နှာကို စိုက်ကြည့်၍ ဘာမှအမှတ်မထားသလိုလေး ပြုံးနေသည်။

ဓါတ်ပုံတွေ တဖျတ်ဖျတ် ရိုက်ကြတုန်း ဘရက် သူ့ကို အမျိုးမျိုး ဖက်တွယ်မှီနွဲ့နေပေမယ့် မင်းမကိုင်ရဲ့ အသည်းမပါသော ဗလာကိုယ်ကြီးမှ ပျော့ပျောင်းခြင်း မရှိ။





သခင်မနဲ့ မသူဇာ နှစ်ယောက်တွဲ၍ မယ်မယ့်ကို တစ်ခုခု ခွင့်တောင်းနေတာကို လှမ်းမြင်လိုက်သည်။

မယ်မယ် ခေါင်းညိတ်လိုက်တာလည်းတွေ့၏။

မင်းမကိုင်ရဲ့ မျက်ဝန်းတွေကို မှိတ်ပစ်လိုက်သည်။

ငါ လုပ်သင့်တာကို လုပ်ခဲ့ပြီးပြီ။

ဒီလိုပဲ ကြိတ်ခံစားနေလို့ ငါ့အနာဂတ်က ပိုပြင်လာမှာပါ။

သူ ဒီလောက်မူပျက်နေတာ ဘရက်လည်း သိနေပေမည်။

အစစအရာရာ သည်းခံခဲ့ရှာသော ဘရက့်ကို သူ ရက်စက်ရာ ကျပြီလား. . .

အမျိုးမျိုး လှည့်တွေး၍ သခင်မကို သူ မေ့ဖို့ကြိုးစားလိုက်သည်။

ဒါပေမယ့်. . .

အသည်းပုံ မှန်လေးတစ်ချပ်ရယ် ဆဲကြိုးလေး တစ်ကုံးရယ်. . .

သူ့ခေါင်းကို ဘယ်လိုပဲ ခါထုတ်ထုတ် အာရုံထဲက ပျောက်မသွား ခဲ့ပါလား. . .

❀ ❀ ❀


www.burmeseclassic.com

www.burmeseclassic.com

"ဟိတ်. . . ဘာလုပ်တာလဲကွ. . ."

ဦးပိုက် ဒေါသနှင့် လှမ်းအော်သည်။

မိုက်မိုက်ကန်းကန်း ကားကို ရှေ့ကနေ ပိတ်ရပ်ပစ်လိုက်တာ ကံကောင်းလို့ သေမကုန်တယ်. . .

စူပါဆလွန်း အဖြူလေးပေါ်မှ ခပ်မှုန်မှုန် မျက်နှာနှင့် ဆင်းလာသူနှစ်ယောက်ထဲမှာ တစ်ယောက်က အမြင့်ချာန်း။

"ကျွန်တော်ပါ ဦးလေး. . . သခင်မနဲ့ ကျွန်တော် စကားနည်းနည်းပြောချင်လို့ပါ. . ."

ဦးပိုက် ဒေါသကို ပြန်မျိုချလိုက်ရပေမယ့် မျက်နှာက မကြည်။

"မင်းနှယ်ကွယ်. . . အိမ်ကိုလည်း ဝင်ထွက်ခွင့် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ. . . ဟိုမှာလည်း ညော်ခံပွဲကြီးတန်းလန်းနဲ့. . ."

"အဲဒီ ညော်ခံပွဲကိစ္စကို ကျွန်တော် သိချင်တာပဲ. . . သခင်မ. . . မင်း ခဏဆင်းစမ်းပါ. . ."

အမြင့်ဈာန် မျက်နှာထားကို ကြည့်၍ကိုယ်ရှင်းမှ ဖြစ်တော့မှာကို သခင်မ သိလိုက်သည်။

မသူဇာက သခင်မ့ လက်ကလေးကိုဆွဲထားကာ. . .

"သူ တစ်ခုခု ပြဿနာရှာမလို့ ထင်တယ်. . ."

"သခင်မဆင်းမှဖြစ်မှာ မသူဇာ. . . မဟုတ်ရင် သူ ဂျီတိုက်နေမှာ. . ."

သခင်မ ကားပေါ်က ဆင်းလိုက်လျှင် အမြင့်ဈာန်က သခင်မ တစ်ကိုယ်လုံးကို စူးစိုက်ကြည့်၍ ခပ်မဲ့မဲ့ ရယ်သည်။

"လှတယ်ကွာ. . . ရက်ရက်စက်စက်ပဲ. . ."

"ရှင် ဘာပြောမလို့လဲ ဈာန်. . . သခင်မ အလုပ်ရှိသေးတယ်"

"ကိုယ့်မှာလည်း အလုပ်ရှိတာပဲ. . . မင်းကြောင့် ကိုယ့်စီးပွား ကိုယ့်မိဘကို အားလုံးမေ့ထားပြီး. . . သုံးလ သတ်မှတ်ခဲ့တဲ့ မြန်မာပြည်မှာ အခု သုံးနှစ်ပြည့်တော့မယ်. . ."

"ရှင့်ကို ဘယ်သူက နေခိုင်းလို့လဲ. . . အဲဒီကိစ္စတွေက သခင်မနဲ့ ဆိုင်နေလို့လား. . ."

"သိပ်ဆိုင်တာပေါ့. . . အမြင့်ဈာန်ဆိုတဲ့ ကောင်ကို ဘယ်သူမှ အမိန့်ပေးခိုင်းလို့ မရဘူး. . . ကိုယ့်အသိနဲ့ ကိုယ်





ဆုံးဖြတ်တယ်. . . ကိုယ် လုပ်ချင်တာလုပ်တယ်. . . ဘယ်တော့မှ နောင်တဆိုတာ မရှိခဲ့ဘူး. . . ဒီနေ့ထိ သည်းခြေပျက်လောက်စရာ အမှားမျိုး. . . ကိုယ့်မှာမရှိဘူး. . . အခု ငါရှုံးတော့မယ်. . . အဲဒါ မင်းဘယ်လိုစီရင်ပေးမလဲ ပြော. . ."

"ဘာမှစီရင်ပေးစရာ မလိုဘူး. . . ရှင့်ကိုလည်း သခင်မက စဉ်းစားနေပါတယ်. . . စောင့်ပါဦးနဲ့ မျှော်လင့်ချက် ပေးထားခဲ့တာမဟုတ် ဘူး. . ."

"မှန်တယ်. . . အဲဒါ ငါကိုယ်ငါ အထင်ကြီးခဲ့တာပဲ. . . အခု ငါသွေးပျက်နေရပြီ. . . ဒီမှာ သခင်မ မင်းကို ငါဆုံးရှုံးမခံဘူးဆိုတာ ပြောပြီးသားနော်. . ."

အမြင့်ဈာန်က သခင်မ မျက်နှာနားမှာ လာကပ်၍ အံကြိတ်ပြောသည်။

သခင်မ နောက်ဆုတ်ရပ်၍ တစ်ဖက်လှည့်ပစ်လိုက်သည်။

"ငါ ထပ်ပေးမယ်. . . စေ့စပ်လက်ခံဖို့ အကြောင်းပြန်ပြီးမှ မျှော်လင့်ချက်တွေပေးပြီးမှ သခင်မက လုံးဝလက်မခံလို့ တောင်းပန်ပါတယ်ဆို ပြီး ပြန်ပိတ်တာလည်း မင်းတို့ တစ်အိမ်တည်းမှာ တစ်ချိန်တည်းနဲ့ အဖြေအမျိုးမျိုး ထွက်နေတာ. . . ဘာသဘောလဲ. . . စောင့်စားနေရတဲ့ ငါတို့က ရူးတာလား. . . အဖြေတွေ အမျိုးမျိုး ထွက်ပြနေတဲ့ မင်းတို့ ရူးနေတာလား. . . အဲဒါ ပြောစမ်းပါ. . ."

"ဘာပဲဖြစ်ဖြစ် တိုးလို့ဆုတ်လို့ ရနေသေးတဲ့ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ပြန်ရှုတ်သိမ်းတာ ဘယ်သူ့ဘက်ကမှ မနစ်နာပါဘူး. . ."

"ဘာ. . . ဘာပြောတယ် သခင်မ. . "

အမြင့်ချောန်က သခင်မ ပခုံးလေးနားမှာ လာကပ်ရပ်ကာ. . .

"နစ်နာတယ်. . . မနာဘူးဆိုတာကို မင်း ဘာပေတံနဲ့ တိုင်းလိုက်တာလဲ. . . ဘာကို ကြည့်ပြောလိုက်တာလဲ. . . ဒီမှာ ငါ သည်းခြေပျက်. . . အဲဒါ မင်းဘယ်လို လျှော်မှာလဲ. . . မင်းပေးခဲ့တဲ့ မျှော်လင့်ချက်တွေနဲ့ ငါ တစ်ညလုံး ရှုးသွပ်ခဲ့တယ်. . . မိုးလင်းအောလုံး ပြင်ဆင်ပြီးတော့ ဆောရီးပါပဲ ဘဲ. . . တောက်. . ."

အမြင့်ချောန် ဒေါသတွေ ထွက်လျက် တက်တခေါက်ခေါက် လက်တခါခါ ဖြစ်နေသည်။

"စေ့စပ်ဖို့ စီစဉ်တာက မင်း. . . အခု ချက်ချင်း မင်္ဂလာထဆောင်တော့ တစ်ယောက်. . . မင်းတို့အိမ်ထဲမှာ ရှုပ်ချင်တိုင်း ရှုပ်နေတာကို ငါက ဘယ်အထိ နားလည်ပေးနေရမှာလဲ. . ."

သခင်မ ဘာပြောရမှန်း မသိတော့ပေ။

အမြင့်ချောန်ကို လက်ထပ်ဖို့ မယ်မယ့်ကို သူ ကိုယ်တိုင်ဖွင့်ပြောခဲ့တာ မှန်နေသည်။

"စေ့စပ်ဖို့ အကြောင်းပြန်ပေးပါ မယ်မယ်. . . သခင်မ ကျောင်းပြီးရင် သူနဲ့ပဲ လက်ထပ်တော့မယ်. . ."

သခင်မ ပြောပြီးပြီးချင်း မယ်မယ် လှမ်းအကြောင်း



ပြန်လိုက်တာဖြစ်မည်။

နောက်မှ မင်းမကိုင့်ရဲ့ အစီအစဉ်နဲ့ ပြောင်းလဲကုန်ခဲ့တာဖြစ်သည်။

အမြင့်ချောန် တကယ်တမ်း ဒေါသတွေ ထွက်နေတော့ သခင်မ ကြောက်လန့်စိတ်လေး ဝင်လာသည်။

ကားပေါ်က မသူဇာလည်း မျက်လုံးလေး ပြူးနေသလို ဦးပိုက်လည်း နားစွင့်ထား စောင့်ကြည့်နေရုံမှလွဲ၍ ဘာမှဝင်မပြောနိုင်။

ခင်မဒီ ခိုင်းသည့်ကိစ္စနှင့် ခင်မဒီရဲ့ ယောကျ်ားမအိမ် အရေးတကြီး ပစ္စည်းသွားယူပြီး ပြန်လာခဲ့တာ. . .

လမ်းမီးမှိန်ဖျော့ဖျော့ အောက်မှာ သခင်မ ကြောက်ရွံ့စိတ်တွေ ဝင်လာမိ၏။

"သခင်မ. . . မင်း ငါ့ကိုယ်မေးတာကို ဘာတစ်ခုမှ မဖြေရှင်းပါလား. . . ဘာမှ ပြန်မပြောတော့ဘူးလား. . ."

"ပြောစရာမှ မရှိဘဲ. . . သခင်မဘက်က အစကတည်းက ရှင်းပြီးသားပါ. . . ဒီကိစ္စတွေ ဆွေးနွေးမယ်ဆိုလည်း မနက်မှ ရှင် တစ်နေရာရာကို ချိန်း. . . အခု သွားပါရစေ. . ."

"မရဘူး သခင်မ. . . မင်း ဒီလိုထွက်သွားလို့ မရဘူး. . ."

အမြင့်ချောန်က ရှေ့ကို ဖျတ်ခနဲ ပိတ်ရပ်ပစ်၏။

"အညာခံတယ်ဆိုကာ မင်းကိုငါ ချစ်လို့. . . ညံ့သိမ်မှာတာ

www.burmeseclassic.com

www.burmeseclassic.com



ဘူး အေး. . . အခု ငါမည့်တဲ့အကြောင်း မှင်းကိုပြမယ်. . ."

"အို. . . ဒါဘာလုပ်တာလဲ. . ."

သခင်မ တိုယ်လုံးလေးကို အရုပ်ကလေးတစ်ရုပ်လို ခွေ့ခနဲ ပွေ့ယူလိုက်သည်။

တစ်ယောက်က ကားတံခါး ပြေးဖွင့်တာ မောင်းတဲ့နေရာမှာ ဝင်ထိုင်၏။

"ဟိတ်ကောင်တွေ. . . မင်းတို့ လူမဆန်လှချေလား. . ."

"သခင်မ. . . အမြင့်ချာန် မလုပ်နဲ့လေ. . . အို. . . ဦးပိုက်. . . ဦးပိုက် လုပ်ပါဦး. . . ပါသွားပြီး. . ."

သခင်မကို တင်ဆောင်လျက် ကားဖြူလေးက အမှောင်ထဲမှာ ပျောက်ကွယ်သွားခဲ့လေပြီ။

❀ ❀ ❀

"မယ်မယ်. . . သခင်မတို့ သွားတာ ကြာလှ ချေလား"

"ဟုတ်တယ်. . . သမီးကြီးက ဘာဖြစ်လို့ အချိန်မတော် နိုင်းရတာလဲ. . . အင်း. . . ဒါပေမယ့် ကိုပိုက်တော့ ပါပါတယ်"

"မနိုင်းလို့ မဖြစ်ဘူး မယ်မယ်. . . ဒီမှာ သတို့သမီးအဲရုံဝတ်ဖို့ အန်တီမာ ငှားထည့်ပေးလိုက်တာ. . . မဒီရှေ့မှာတင် အစစ်တွေဆိုပြီး စိန်အတုတွေ. . . ဒါ ခါက်ချင်း မရှင်းလို့ ဘယ်လိုလုပ်ဖြစ်မလဲ. . ."

ခင်မဒီက အစတုန်းကတော့ သခင်မကို သတို့သမီးအရုံလုပ်နိုင်းဖို့ပါ။

ဒါပေမယ့် မယ်မယ်ကလည်း တားသည်။

တကယ်တမ်း နိုင်းလိုက်လျှင်လည်း ရက်စက်ရာမကျမလား ရယ်လို့ မနိုင်းဖြစ်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့်မဂ်လာဆောင်မှာ ထည့်ဝါဖို့ကလည်း လိုသည်။

'သစ္စာနှံ' တံဆိပ်တွေပါသော လက်ဝတ်လက်စားတွေကိုလည်း မယ်မယ်က ဘယ်တော့မှ တစိမ်းကို ပေးမဆင်မှန်း သိထားသည်မို့ သတို့သမီးအရံအတွက် စိန်တစ်ဆင်စာကို ယောက္ခမဆီမှာ ငှားရသည်။

သူကလည်း 'သစ္စာနှံ'လိုပဲ ဖြစ်ပါလိမ့်မည်။

အိပ်ထဲက မထုတ်ဘဲ ဘေးကငှားပေးသည်။

ကိုယ်ရှေ့မှာပဲ ယူပေးလိုက်တာ တန်ဖိုးအားလုံး တွက်လိုက်ပြီးသား။ ဒီရောက်မှ အတုတွေမှန်း သိလိုက်ရတဲ့ အဖြစ်။

ဒါကြောင့် သခင်မနဲ့ မသူဇာတို့ ပစ္စည်းနဲ့အတူ စာတစ်စောင်ရေးပေးပြီး ခိုင်းလိုက်မိတာ ညှော်ခံပွဲထဲမှာ လူမရှိ သလောက် ဖြစ်သွားပြီ။

သခင်မတို့ ပြန်မရောက်ကြသေး။

"ဟာ... မသောက်ပါနဲ့ မမောင်ရာ... ပျော်လို့ပဲ ဖြစ်ဖြစ်... သူငယ်ချင်းတိုက်လို့ပဲဖြစ်ဖြစ်... ဒီညတော့ မသောက်နဲ့ကွာ..."

အသံတွေ အနည်းငယ် ငြိမ်ကျသွားပြီမို့ ဘရဏီအသံလေးက ဒီဘက်ထိ ပျံ့လွင့်လာသည်။

"ကိုယ် နည်းနည်းပဲ သောက်မှာပါ... မင်းမဝေးဝေး သွားနေပေးပါ ဘရဏီရယ်... ခဏလောက်ပါနော်..."





ပြော၍ မင်းမကိုင်ရှ္ဍက သူငယ်ချင်းတွေနဲ့ ဝိုင်းမှာ ထိုင်ပင် မထိုင်နိုင်ဘဲ သူတို့ထည့်ထားပြီးသား ဖန်ခွက်ကို မော့ချလိုက်သည်။

"ဟာ... မကိုင်ရှ္ဍ မရှောဘဲနဲ့ကွာ..."

"တော်ပြီမောင်... လာ... တစ်ခွက်သော်ပြီ ပေါ့..."

မင်းမကိုင်ရှ္ဍက ဘရဏီလက်ကလေးကို အတင်းဆွဲခွဲ၍ ပလင်းကို မော့ပစ်လိုက်သည်။

"မောင်..."

ဘရဏီ ခေါ်သံက ဆူးရှနေသည်။

ဒေါ်စက်မြတ်ရှင် မြင်ကွင်းကို ကျော်ခိုင်းကာ အမှောင်ဆဲသို့ ခပ်သုတ်သုတ် ဝင်သွားလေသည်။

ခင်မဗ်က ခပ်သုတ်သုတ်လေး လိုက်လာကာ...

"မယ်မယ်... မယ်မယ် မောင်မောင့်ကို သွားတားပေး ဦးလေ ဘရဏီ အသည်းလွဲသွားဦးမယ်..."

ဒေါ်စက်မြတ်ရှင်က အမှောင်ရိပ် ခုံတန်းလေးမှာ ထိုင်ချလိုက်သည်။

"မယ်မယ်... ဘာမှကို မပြောချင်တော့ဘူး သမီးကြီးရယ်... သားငယ်ကို မယ်မယ် မကြည့်ရက်ဘူး... သားငယ် ဘယ်လိုခံစားနေရတယ်ဆိုတာ မယ်မယ်သိတယ်..."

ခင်မဒီ ငိုင်ငိုင်လေး ဖြစ်သွားသည်။

သခင်မဟာ ဆောင်းရဲဝတ်လေးမှလွဲ၍ ဘရဏီနဲ့ အမှု ဆိုင်။

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်လည်း ကွာသလို ချောပုံလှပုံချင်းက ဆီနဲ့ရေ။

အဆောင်အယောင်နဲ့ မွန်းမှ ဘရဏီကလှပေမယ့် သခင်မ အလှက နူးသစ်ဝင်းထိန်နေသည်။

ဘရဏီအပေါ် ငယ်ငယ်ကတည်းက လက်ပွန်းတတီး သွားလာနေထိုင်ခဲ့ကြဖူးပေမယ့် တွယ်တာမှု မရှိခဲ့ပေ။

သခင်မ အပေါ်ကျတော့ သနားရတာတွေ ကြင်နာရ တာတွေ မင်းမကိုင်ရဲ့ မြတ်မြတ်နိုးနိုး ကြင်နာလို၍ နှစ်သက်ခဲ့တဲ့ မိန်းကလေး။

အခု လက်ထပ်ခဲ့တဲ့ ကိစ္စဟာလည်း ဘရဏီကို ချစ်၍ မဟုတ်ဘဲ သခင်မအတွက် အနစ်နာခံခြင်း ဖြစ်နေပြန်သည်။

မောင်မောင့်ရင်ထဲ မည်သို့ ရှိမည်နည်း။

ဘရဏီရဲ့ လောဘဝန်တိုစိတ်ကလေး အစွန်းတစ်စ ကိုလည်း မြင်ခဲ့ရလျက်. . .

ဘုန်းဘုန်းလဲကျတော့မတတ် သားဖြစ်သူ ခံစားနေရ တာကိုလည်း မြင်နေရလျှင်. . .

သားအမိနှစ်ယောက်လုံး စကားမပြောနိုင်အောင် ဖြစ်သွားကြလေသည်။

"ဟော. . . ဟော. . . ဟိုမှာ အိမ်ကတားပြန်လာပြီ မယ်မယ်"

နှစ်ယောက်သား လှမ်းကြည့်နေမိကြဆဲ မှုမမှန်ဝင်လာ



သော ကားရပ်ပုံက ထူးခြားနေသည်ဟု ထင်လို့မှ မဆုံးသေး။

ဆင်းလာကြသူတွေထဲမှာ သခင်မ မပါလာပါ။

မသူဇာနဲ့ ဦးပိုက်တို့ လူတွေထဲမှာ တခ်ခုခုကို ရှာဖွေနေကြ သည်။

သူတို့ကို ရှာဖွေနေမှန်းသိ၍ ခင်မဒီက လှုံးထွက်ပြ၍ တိုးတိုးတိတ်တိတ် ခေါ်မေးမလို့ ပြင်နေဆဲ. . .

မသူဇာက မင်းမကိုင်ရှိဆီ ပြေးသွားလေသည်။

"သခင်လေး. . . သခင်လေး. . ."

"ဟင်. . ."

မသူဇာ မျက်နှာပျာပျာကို မြင်လိုက်ရပြီး နောက်မှာ သခင်မ ပါမလာတာကို သတိထားမိလိုက်လျှင် မင်းမကိုင်ရဲ့ မျက်မှောင်ကုတ်သွားပါ။

"သခင်လေး. . . သခင်မ ပါသွားပြီ. . ."

"ဘာ. . . ဘယ်သူနဲ့လဲ. . ."

"အမြင့်ဈာန် အတင်းဆွဲခေါ်ပြီး ကားပေါ်တင်သွားတယ်"

အနားမှာ လူတွေ စုရုံးရောက်လာကြသည်။

"ဘာဖြစ်လဲ. . . သူတို့ကို လူကြီးချင်း သဘောတူထားပြီး သား အမြင့်ဈာန်က လူကြီးလူကောင်း သားသမီး. . . သခင်မလို မိန်းကလေးဘက်က ဘာမှနစ်နာဖို့ မရှိဘူး. . ."

ဘရဏီက အားလုံးကြားအောင် အော်ပြောသည်။

"လူကြီးချင်း သဘောတူပေမယ့် သခင်မက သဘောမတူ



www.burmeseclassic.com

www.burmeseclassic.com

ဘူး သူဟာသူ ဘယ်အဆင့်အတန်းကလာလဲ. . . နှလုံးသားချင်း မနီးရင် အဲဒါ ရေပဲ. . . ဒီကိစ္စကို ကိုယ်ကြည့်မနေနိုင်ဘူး. . ."

"မောင်နော်. . . မောင် လိုက်မသွားရဘူး. . . ပါ မောင်ရဲ့ မင်္ဂလာဆောင်. . . မောင် ဘယ်မှသွားလို့မရဘူး. . ."

"ပြီးခဲ့ပြီလေ. . . ကိုယ်က မင်းပိုင်ပြီးပြီ ဘာလို သေးလဲ. . . ဖယ်. . ."

"အို. . . မသွားရဘူး. . ."

ဘရဏီက အတင်းကာထားသည်။

မင်းမကိုဋ္ဌက ခွတ်ပိုးထွက်သွား၏။

ဆိုင်ကယ်ရှိရာသို့ ခွာပြေးထွက်သွားသည့် မင်းမကိုဋ္ဌကို ဘယ်သူမှ တားလို့မရကြပါ။

"မဒီ. . . မင်းတို့ ဘာလုပ်နေကြတာလဲ. . . မကိုဋ္ဌရဲ့ ကိစ္စ အဝဝမှာ ဘာတစ်ခုမှ ဝင်မပါပါဘူးလို့ သစ္စာဆိုထားကြတာ လား. . ."

ဘရဏီက မဒီကိုခေါ်၍ မေါ်ဘော်မြတ်ရှင်ကိုပါ ဝေ့ဝဲ ကြည့်၍ ပြောသည်။

စောစောက အရက်သောက်သည့် ကိစ္စကို မတားမြစ်ဘဲ ရှောင်ထွက်သွားသည့်အတွက် ဘရဏီ မကျေနပ်နေဟာ သိသာ ယှသည်။

"အခု ဘရဏီ ဘာလုပ်ရမှာလဲ. . . သတို့သားမရှိဘဲ ဒီမင်္ဂလာပွဲကို ဘရဏီက ဘယ်လိုပြီးအောင် ဆက်ရမှာလဲ. . ."





"အားလုံးက ကြိုတင်ပြင်ဆင်ထားတာ တစ်ခုမှ ပဟုတ်ဘူး. . . ဘရဏီ ဒီ့ မတတ်နိုင်ဘူး. . ."

ခင့်မဒီကလည်း ပြုတ်သည်။

မယ်မယ့်ကို သိမ်းကျုံးအော်လိုက်သည့် အပြစ်အတွက် ဘရဏီ ကို လိုလားစိတ်က ကုန်ခမ်းခဲ့ပြီဖြစ်သည်။

ကိုယ်တို့က မိဘကို ဘုရားလို ပေးစားကိုးကွယ်ကြတဲ့ အမျိုး။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"အမြင့်ချာန် . . . ရှင် . . . ရှင် မယုတ်မာနဲ့နော် . . ."

တွန်းကန်ရုန်းဖယ်နေရင်း သခင်မ မွေ့ယာပေါ် ပစ်ကျသွားသည်။

"မင်းကို . . . ငါအပျော်ကြံဖို့ ခေါ်လာတာမဟုတ်ဘူး သခင်မ မင်း ငါ့ကို ကြည်ဖြူလိုက်စမ်းပါ . . . မင်းကို လက်ထပ်ပြီး ဂျပန်ကိုပြန်ဖို့ ဇီဇာအားလုံး ကိုယ်စီစဉ်ပြီးသား . . ."

"မလိုက်ဘူး . . . မသိဘူး . . . သွား . . ."

သခင်မ အတင်းပြန်ထကာ ဆင်းပြေးဖို့ ပြင်လျှင် အမြင့်ချာန်က တင်းကျပ်စွာ ပွေ့ဖက်ပစ်လိုက်သည်။

"လွှတ်ပါ . . . အမြင့်ချာန် ရှင့်ကို သခင်မ တောင်း...



www.burmeseclassic.com

www.burmeseclassic.com



ႁ၁ႆ သခင်မကို သနားပါနော်. . . ရှင် သခင်မကို တန်ဖိုးထား တယ်ဆိုရင် ဒီလို ပက်ပက်စက်စက် မဖျက်ဆီးပါနဲ့. . . "

"ဖျက်ဆီးတာ မဟုတ်ဘူး. . . မင်းကိုငါ ထာဝရ သိမ်းပိုက်တာပဲ. . . ဒီအတွက် ဘယ်လူကြီးမှလည်း ကန့်ကွက်မှာ မဟုတ်ဘူး. . . ကိုယ့်ဘက်ကဆို အားလုံးက မင်းကို ကြိုဆိုမှာပဲ. . . "

"ဟင့်အင်း. . . ဟင့်အင်း. . . လွှတ်. . . "

"ငှက်ကလေးတွေလို အလှကြည့်ပြီး လှောင်အိမ်ထဲ ထည့်ပိတ်ထားရင် ထွက်ပေါက်ရတာနဲ့ မင်းထွက်ပြေးမှာပဲ. . . ကိုယ် လူညံ့ အဖြစ်မခံနိုင်ဘူး. . . "

သခင်မ အတင်းရုန်းကန်ရင်း မျက်ရည်တွေ ကျလာသည်။

အမြင့်စျာန်ရဲ့ ချုပ်နှောင်မှုများကြားမှာ အရှုံးပေးရတော့မည်လား. . .

"မြေး. . . မြေးလေး. . . တံခါးဖွင့်စမ်း. . . "

အပြင်မှာ လူသံတွေ ဆူညံလာသည်။

"ဘွားဘွား. . . ဘွားဘွား. . . စျာန်ကို မနှောင့်ယှက်နဲ့ဗျာ. . . စျာန် သူ့ကို ချစ်လို့ခေါ်လာတာ. . . "

"ချစ်တာကို ချစ်ခွင့်ပြုပါ့မယ်. . . ဒီနည်းနဲ့တော့ မဖြစ်ဘူး မြေးရယ်. . . တံခါးဖွင့်ပါ. . . ဒီအခြေအနေထိ ရောက်ပြီးမှ ဒီမိန်းကလေးကို မြေးပိုင်ရပါ့မယ်. . . တံခါးဖွင့်လိုက်ပါကွယ်. . . "

အမြင့်စျာန် သခင်မ မျက်နှာလေးကို အားမလိုအားမရ စိုက်ကြည့်ကာ ဖြေလွှတ်လိုက်သည်။





တံခါးသော့ ချပေးလိုက်သည်နှင့် ဒိုင်းခနဲ ဆောင့်ဖွင့်သွားသည့် တံခါးရှေ့မှာ မင်းမကိုင်နှင့် လူကြီးများ။

"ဟင်. . . ဦး. . . "

သခင်မ အတင်းပြေးထွက်လျှင် လမ်းမှနေ၍ အမြင့်စျာန်က ဆောင့်ဆွဲထားလိုက်၏။

"မင်းကို ဝိအချိန်ကစပြီး ငါ ပိုင်တယ် သခင်မ. . . ငါ့နားကနေ မင်း ဘယ်မှမသွားရဘူး. . . "

"ဟင့်အင်း. . . ဟင့်အင်း. . . ဦး. . . သခင်မကို ကယ်ပါဦးရယ် သူ အတင်းကားတင်လာတာပါ. . . "

မင်းမကိုင်၏ မျက်နှာကြီး နီရဲကာ အနားမှာ ရှိနေကြသည့် လူကြီးအားလုံးကို ဝေ့ကြည့်လိုက်ပြီး. . .

"ဒီကိစ္စကို အမြင့်စျာန်ရဲ့ လူကြီးမင်းများ ဖြေရှင်းပေးမှာလား၊ ကျွန်တော်တို့ချင်း ရှင်းရမှာလား. . . "

"အို. . ရှင်းပေးပါ့မယ် လူလေးရယ်၊ အဘွားတို့ ရှင်းပေးပါ့မယ်"

ဆံထုံးမြင့်မြင့်ကြီးနှင့် လက်သန်းလုံးခန့်ရှိသော ဆွဲကြိုးကြီး ယမ်းခါနေသည့် အဘွားအိုမှာ ဣန္ဒြေသိက္ခာများပင် မဆည်နိုင်ရှာ အမြင့်စျာန်ရှိရာ ပြေးဝင်သွား၍ သခင်မကို ဖမ်းချုပ်ထားသည့် မြေးလုပ်သူ့ရဲ့ လက်တွေကို အတင်းဖြေချသည်။

"လွှတ်လိုက်ပါ မြေးရယ်. . . လူကြီးတွေရှေ့မှာ မြေး ဒီလို မရိုင်းစိုင်းရဘူး. . . ဒီမိန်းကလေးကို အဘွား စည်းစိမ်အားလုံး



www.burmeseclassic.com

www.burmeseclassic.com

လဲပေးရပေးရ. . . ရအောင်တောင်းပေးပါ့မယ်. . . အခု အေးအေးဆေးဆေး ဖြေရှင်းရအောင် မြေးရယ်. . . နော်. . ."

"ဟုတ်တယ့်. . . ဒါ တရားဥပဒေအရ အပြစ်ရှိတယ်. . . အေးအေးဆေးဆေး ပြောလို့မရရင် ကျွန်တော်တို့ ဝင်ပါရလိမ့်မယ်. . ."

ဘေးလူကြီးတွေပါ ပါလာမှ အမြင့်ချာန် မကျေမနပ်နှင့် လွှတ်လိုက်သည်။ သခင်မ မင်းမကိုင့်ရင်ခွင်ထဲ ပြေးဝင်၍ ငိုသည်။

တကယ့် လက်မတင်လေးပါလား. . .

ဦးသာ ဒီထက် နောက်ကျရောက်လာခဲ့ပါလျှင်. . .

❀ ❀ ❀

"ဦး. . . ဦးဘယ်ကို သွားနေတာလဲ ဟင်. . ."

"မသိဘူး. . . "

ညအမှောင်ထဲမှာ ဆိုင်ကယ်က ဟူးဟူးရားရား ပြေးနေသည်။

သခင်မ နောက်ကနေ အသည်းတွေအေးကာ မင်းမကိုင့်ခါးကို တအားဖက်ထားရင်း ဘုရားတနေမိ၏။

"ဘယ်ရောက်ကုန်ပြီလဲ ဦးရယ်. . . သခင်မ ကြောက်တယ်. . . အရှိန်နည်းနည်း လျှော့လိုက်ပါနော်. . ."

"ဒို့ ဦးတည်ချက်တွေ မဲ့နေတယ် ချာတိတ်. . . မင်္ဂလာပွဲကြီး ကျင်းပနေတဲ့ 'သစ္စာနှံ့' ခြံကြီးထဲကို ဒို့မဝင်ဘူး. . . မင်းကို နာ—နာကျင်ကျင် ငေးကြည့်အံကြိတ်နေရတဲ့ မြင်ကွင်း မခံစားနိုင်ဘူး. . . အဲဒါတွေနဲ့ ဝေးတဲ့ဆီကို သွားချင်တယ်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်မလဲ ဦးရယ်. . . ဦး အရက်မသောက်ထားတယ် မဟုတ်လား ဟင်. . . အနံ့ရာယ်များပါတယ်. . . အရှိန် လျှော့လိုက်ပါ ဦး ဒါမှမဟုတ် ဆိုင်ကယ်ရပ်လိုက်လေ. . . သခင်မတို့ စကားပြောရအောင်"

ရှေ့ကကြွားအောင် တအားအော်ပြောနေရသဖြင့် လည်ချောင်းတွေပင် နာလာသည်။

မင်းမကိုင်က အရှိန်ကို မလျှော့။

ကားတစ်စီးနှင့် ငိုးခနဲ ကပ်ဖြတ်သွားသည်။

သခင်မ မျက်လုံးတွေ မှိတ်ပစ်လိုက်၏။

နောက်ထပ် ကားနှစ်စီး ဆက်တိုက်။

သခင်မ မျက်လုံးမဖွင့်ရဲတော့ပေ။

မှိတ်ထားသည့် မျက်လုံးထဲမှာ ကားမီးရောင်တွေဝေ ဝင်းခနဲ လက်ခနဲ. . .

"ဟာ. . ."

မင်းမကိုင်ရဲ့ အသံ။

ပြီးတော့ ဂျိမ်းခနဲ. . .

"အား. . ."

သခင်မ အရုပ်ကလေးတစ်ရုပ်လို လွင့်စင်ကျသွားသည်။

ပတ်ဝန်းကျင်သည် ရုတ်ချည်း ဆူညံပွက်လောရိုက် သွားသ ရဲရဲ. . .





"မကျေနပ်ဘူး. . . အားလုံးကို မကျေနပ်ဘူး. . . သိပ်ကို ရက်စက်ဖို့ကောင်းတယ် သိလား. . . ကိုယ်နဲ့ မင်္ဂလာဆောင်နေတဲ့ သတို့သားက ကိုယ့်ကို ကျော်ပြီး တိမ်ဖော်ကို ခိုးသွားသတဲ့. . . ဘုရားကို ဘယ်လိုမျက်နှာနဲ့ ခံနေရမှာလဲ. . ."

"မင်းဒီလောက် ဖော်နေဖို့ မလိုဘူး ဘုရားကို. . . ဒီလောက် ပြင်းပြင်းထန်ထန် ပြောရမယ့်လူတွေလည်း မဟုတ်ဘူး. . . ခုကိစ္စက သူတို့ ခိုးပြေးတာ မဟုတ်ဘူး. . . ခိုးပြေးသွားတဲ့ဆီက ပြန်ကယ်လာတာ. . ."

"ဟာ. . . ဟား. . . ဟာ. . ."

ဘုရားက ဟားတိုက်ရယ်သည်။

"လူကယ်သွားတဲ့ လူက အင်းယားလမ်းကနေ ဘယ်နှယ် အဝေးပြေးလမ်းပေါ် ရောက်သွားရတာလဲ. . . ဒေသန္တရ ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ညဆယ့်နာရီ ထိုးနေပြီလေ. . . ဖြိုးရင်လည်း ယုတ္တိနှိုး အောင် ဖြိုးကြပါ. . ."

"မင်း မစော်ကားနဲ့. . .

ခင်မိ ဒေါသထွက်ခဲ့လေပြီ။

သည်းခံခြင်းက အတိုင်းအတာ တစ်ခုထက် လွန်လာခဲ့ပြီ ဖြစ်သည်။

မင်းမကိုင်ရက ဆိုင်ကယ်မှောက်သည့် ဒဏ်ရာပြင်းထန်သဖြင့် ဘယ်ဘက်ခြေထောက်မှာ ဒဏ်ရာရသွားသည်။

ညာဘက်လက်ဖျံရိုး အက်သွား၏။

ထိခိုက်ပွန်းပဲမိသော ဒဏ်ရာများ ပျောက်ကင်းသွားလျှင်တောင်မှ ခြေထောက်ယောက်နိုင်ဖို့ မြောက်လခန့် အချိန်ယူရမည်ဟုဆိုသည်။

သခင်မကတော့ ကံကောင်းထောက်မစွာ စုပုံရှင်းထားသော သစ်ပင်ခြုံနွယ် အစုအဝေးပေါ်သို့ ကျသွားခဲ့သဖြင့် ညာဘက်လက်မောင်းမှာ ကျောက်ပတ်တီးစည်းထားရသည်မှ လွဲ၍ ပြင်းပြင်းထန်ထန် ဘာဒဏ်ရာမှ မရှိပေ။

"မင်း. . . ဘာဖြစ်ချင်သလဲ ဘရက်. . . မောင်မောင့်အပေါ် မင်းမကျေနပ်ဘူးဆိုရင် ဖြစ်ချင်တာကို ပြောပါ. . . ဘယ်သူမှ အကျိုးမရှိတဲ့စကားတွေ အော်ပြောနေတာ ရပ်ဖို့ကောင်းပါတယ်. . ."

"ဘာ. . . ဘာဖြစ်ချင်သလဲ ဟုတ်လား . . ဒို့မှာ





ဘာဖြစ်ခွင့်ရှိသေးလို့လဲ. . . မင်းတို့ အိမ်ဖော်မကို အားလုံးစေတနာတွေ ပိုနေပြီး အိမ်ဖော်မို့သာ လက်မခံနိုင်တာ. . . မဟုတ်လား. . . အချစ်မပါကဲ့ ဗလာ ကိုယ်နဲ့ အရှက်မရှိ ဇိုချင့်နေတဲ့ ငါ့ရင်ခွင်ထဲကို မင်းတို့ ထိုးသည့်လိုက်တာ. . ."

"အချစ်အကြောင်း မင်းမပြောနဲ့လေ. . . ဒို့မိသားစုထဲမှာ အထူးသဖြင့် သခင်မနဲ့ ဒို့တွေဖြစ်နေတဲ့ အခက်အခဲကို မင်းအားလုံး သိတာပဲ၊ မင်း မောင်မောင့်ကို လိုချင်တာ မဟုတ်လား. . .

. . . မောင်မောင့်အချစ် အာယဆီမှာပဲ ရောက်နေနေ. . . မင်း လက်ခံပြီးယူခဲ့တာ မဟုတ်ဘူးသား. . ဆုံပ်ကိုင်ပေးလို့ရတဲ့ အရာကိုပဲ မင်းကို ဒို့ကပေးနိုင်မှာပေါ့. . . အချစ်ဆိုတာ မင်း နားလည်ဖို့ကောင်းတယ်"

"နားလည်တယ်. . . အခု ပိုနားလည်သွားပြီ. . ."

ထိုစဉ် လက်မှာ ကျောက်ပတ်တီးနှင့် နဖူးမှာ ပလာစတာလေး ကပ်ထားရသော သခင်မ သူတို့ ရှေ့ရောက်လာသည်။

ဘရက်က မြန်သည်။

ချက်ချင်း သခင်မရှေ့ ရောက်သွား၏။

ပြီးတော့ သခင်မ လည်ပင်းက ဆွဲကြိုးမှာ တွဲထားသည့် သော့တံလေးကို ဖျတ်ခနဲ ဆွဲကြည့်ကာ. . .

"မင်း လည်ပင်းမှာ ဒီသော့ကို မြင်လိုက်ရကတည်းက မင်းတို့ရဲ့ ပတ်သက်မှုကို ငါ သဘောပေါက်သွားတာ. . . ဇာတ်လာပွဲထဲမှာ ငါ ဘယ်လို ဟန်ဆောင်မှုမျိုးနဲ့မှ ထိန်းမရနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



မှုံ့ထဲမှာ မီးတောက်ခဲ့ရတယ် သိလား. . .

. . . ဒီသော့လေး မကိုင်ရဲ့ လည်ပင်းမှာ ရှိနေတာ သူ့ရဲ့ အသိုင်းအဝိုင်း အားလုံးသိကြတယ်. . . ဒါကို မဂ်လာဆောင်မှာ မင်းကဆွဲပြီး ဒို့ကို လူလူပပကြီး အရှက်ခွဲခဲ့တယ်. . ."

ဘရဏီ လက်တစ်ဖက် အင်နှင့်အားနှင့် မြှောက်တက်သွားသည်။

"မလုပ်နဲ့. . ."

ခင်မဒီ ကြားက အတင်းဝင်ရပ်၍ လက်ကို တွန်းထုတ်ပစ်လိုက်သည်။

"လူတစ်ယောက်ကို အင်အားနဲ့ ဖိနှိပ်တာ သိပ်အောက်တန်းကျတယ် ဘရဏီ. . . မင်းကိုငါ အရမ်းအထင်သေးသွားပြီ၊ ခု မောင်မောင်နဲ့ သခင်မကို မင်းမကျေနပ်ဘူး မဟုတ်လား. . . ဘာဖြစ်ချင်သလဲ ဘာလိုချင်သလဲ. . . မင်း ဆုံးဖြတ်လိုက်စမ်း. . ."

"မကိုင့်ကို လိုချင်တယ်. . . ဒါပေမယ့် ခုမလိုချင်တော့ဘူး. . . မကိုင့်ရဲ့ကိုယ်မှာ ငါလိုချင်တဲ့ အချစ်ပါမလာတဲ့နောက် သူ့ကို ဒို့အလိုမရှိတော့ဘူး. . . ပြီးတော့ ခုဖြစ်တဲ့ကိစ္စက သူ့အောက်ပြန်လှုပ်ဖြစ်တာ. . . ဒို့မှာ တာဝန်မရှိဘူး. . .

. . . သူ့ကြောင့် ဒို့ အရှက်ရတယ်. . . ရင်နာရတယ် သူ့ကို ဒို့မုန်းတယ်. . . စိတ်ချ. . . မင်းမကိုင်ဆိုတဲ့လူ ဘရဏီ လက်ထဲမှာ ဘယ်လိုကျဆုံးမလဲဆိုတာ အသေအချာပြမယ်. . ."





"မင်း ဘယ်လိုပြောလိုက်တာလဲ. . . မင်း လက်မခံနိုင်ရင် ကွာရှင်းလိုက်လေ. . . ရှင်းရှင်းလေးပဲ. . ."

"လုံးဝ ကွာမပေးနိုင်ဘူး . . . မင်းမကိုင့်ဟာ ဘရဏီရဲ့ ယောက်ျားအဖြစ်ပဲ ရှိနေပြီ. . . အမျိုးမျိုး စိတ်ဆင်းရဲပြီး လုံးလုံး ပါးပါးသွား ရှာတဲ့ ဒုက္ခိတ အရက်သမားကြီး ဖြစ်ရမယ်. . . ဒို့ထက် အဆပေါင်းများစွာ သူ စိတ်ဆင်းရဲစေရမယ်. . . အဲဒါ ဒို့ရဲ့ တုံ့ပြန်မှုပဲ. . ."

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



"သခင်မရေ. . . ညှို့သည်လာတယ်ကွဲ. . ."

"ဟုတ်. . ."

သခင်မ သနပ်ခါးညှိမလို့ တံပွတ်တံလေးကိုင် လိုက်ပြီးမှ ဘယ်ကညှို့သည်ပါလိမ့်ဆိုသော အတွေးနှင့် ချက်ချင်း ထွက်လာခဲ့မိသည်။

"ဟင်. . . မမကြီး. . ."

"သခင်မရယ်. . . မင်း သွားရှက်တယ်နော်. . ."

"မမကြီးရယ်. . . သခင်မလေ. . ."

သခင်မ ဟန်မဆောင်နိုင်။

ခင်မဒို့ ရင်ခွင်ထဲ ပြေးဝင်ကာ ငိုပစ်လိုက်မိသည်။

အစကတည်းက ကိုယ့်မိဘ အစ်မလို ချစ်ခင်တွယ်တာ ခဲ့ရတဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



"သခင်မ ခုကို ထွက်လာခဲ့တာ. . . အားလုံး စိတ်ဆင်းရဲစေခဲ့ပါ. . . မမကြီးရယ်. . . ပြီးတော့ ဦးကို အန်တီဘရက်ဂ်ိနိုင်နင်းနေမှာလည်း မကြည့်ရဲလို့ပါ. . ."

ခင်မဒီက သခင်မ ပခုံးလေးကို ဖဲ့ဆွဲဖွဲ့ဘာ၍ မျက်နှာကို စူးစိုက်ကြည့်သည်။

"မောင်မောင့်ကို ဒို့က ဒီလို ဘယ်ဆုံးခံမယ်တဲ့လား. . . သခင်မရယ်. . . အခု အားလုံးကို ရှင်းပစ်လိုက်ပြီ. . . သူလည်း သွေးပူတုန်းမို့ စကားလွန်တာပါ. . . တကယ်တမ်းကျတော့ အဲဒီလောက်ထိ မောင်မောင့်ကို သူမဆက်ဆံရဲဘူး. . . လူကြီးတွေ ဝင်ရှင်းတယ်လေ. . . နစ်နာတဲ့အလျှော်ကြေးတော့ ပေးလျော်လိုက်ရတာပေါ့. . ."

"ဒါဆို. . ."

"မောင်မောင်နဲ့သူ လုံးဝ ကွာရှင်းပြီးသွားပြီ. . ."

"အို. . ."

"မောင်မောင်က ကလေးဆိုးကြီးလိုပဲ. . . သူ့ခြေထောက်ကို ကုဖို့ ဘယ်သူမှတိုက်တွန်းလို့ မရဘူး. . . ကျိုးနေတာကိုပဲ သဘောကျ တယ်တဲ့ကွယ်. . . အဲဒါ မင်းပြန်လိုက်ခဲ့မှဖြစ်မယ် . . . မောင်မောင့်ကိုလည်း ပြုစုပါ. . . မယ်မယ့်ကိုလည်း ပြုစုပါ . . . ဒို့က မောင်နဲ့ နိုင်ငံခြားကို လိုက်သွားရဦးမှာ. . . အနည်းဆုံး သုံးနှစ်လောက်ကြာမှာ. . . စိတ်ချပါရစေကွယ်. . ."

"မမကြီး. . ."





"ဘာမှ ထပ်မပြောနဲ့တော့. . . မောင်မောင်ဟာ မင်းကဲ့ရဲ့လွဲပြီး ဘယ်မိန်းမကိုမှလည်း ထပ်စိတ်ကူးတော့မှာ မဟုတ်ဘူး . . . ခြေထောက် ကို ဆေးကုဖို့ပြည်း ဘယ်သူကြိုးစားပြောလို့မှ မရတော့မှာ မဟုတ်ဘူး. . . *အခု မင်းကို မယ်မယ်ခေါ်ခိုင်းလိုက်တာ. . .*

. . . မောင်မောင် ခြေထောက်ပြန်ကောင်းလာဖို့ မင်း ပြုစုရမယ်. . . မင်းကို မောင်မောင်နဲ့ လက်ထပ်ပေးဖို့ မယ်မယ် ဆုံးဖြတ်ပြီးပြီ. . . ဘယ့်နှယ်လဲ ဒုက္ခိတကို ပြုစုရမှာ စိုးလို့လား. . ."

"အို. . . မမကြီးရယ် ဦးကို အဲသလို မပြောပါနဲ့. . . ဦးဒီဘဝနဲ့ တစ်သက်လုံး ဖြစ်သွားတော့မယ်ဆိုရင်လည်း သခင်မ. . . ဦးကို ရာသက်ပန်ပြုစုသွားမှာပါ. . ."

"စိတ်ချမ်းသာလိုက်တာ ကလေးရယ်. . ."

ခင်မဒီက သခင်မ နဖူးလေးကို နမ်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မေ့ ခင်းခဲ့တဲ့ မှန်လေးတစ်ချပ်"

"အမှားနဲ့ အမှန်ဆိုတာ ဖြစ်လိုက်ပြီဆိုမှ သိတာမျိုး ထင်ပါရဲ့"

ဒေါက်တာမြတ်ရှင်က သခင်မ လက်ဖဝါးလေးကို ဆုပ်ကိုင်၍ ဆိုသည်။

"ဘယ်လောက်ပဲ ချင့်ချိန် ချင့်ချိန် စဉ်းစားစဉ်းစား စဉ်းစားတိုင်းမှန်ကြတာမှ မဟုတ်ဘဲကွယ်. . . ခုတော့ မယ်မယ် သဘောပေါက်ပြီ. . . လူတစ်ယောက်ဟာ စိတ်ဓါတ်သည်သာ တန်ဖိုးပါ. . . သမီးကို မယ်မယ့်သမီးလို့ပဲ သတ်မှတ်လိုက်ပြီ. . ."

သခင်မ ဘယ်လို နေရထိုင်ရမှန်းမသိအောင် ရှက်တက်ရော ဝမ်းသာတာရော. . .

အိပ်ယာထက်မှာ ရှိနေသည့် ဦးကိုလည်း လှမ်းမကြည့်ရဲတော့။

**သစ္စာမှန်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"သားငယ်နဲ့ သမီးကို သမီးကျောင်းပြီးတာနဲ့ မယ်မယ် လက်ထပ်ပေးမယ် တင်ထားခဲ့တဲ့ အဆင့်အတန်းဆိုတဲ့ မာနတွေကို းယ်မယ် ခွာချလိုက်ပါပြီ. . ."

ဒေါ်စက်မြတ်ရှင်က မင်းမကိုင်ရှိကို လှမ်းကြည့်သည်။

"ဒီသမီးနဲ့ သားငယ်နေရမှပျော်မှာ သားငယ် ပျော်နေ တာကိုပဲ မယ်မယ်မြင်ချင်ပါတယ်၊ အားလုံး ဒီ 'သစ္စာနဲ့'မှာပျော်ပျော် ရွှင်ရွှင်နဲ့ မြေးတွေမြစ်တွေရတဲ့အထိ မယ်မယ် နေရပါစေလို့ပဲ ဆုတောင်းမိတယ်"

ဒေါ်စက်မြတ်ရှင် နူးညံ့ညင်သာသော စကားတို့ကို ခြွေ၍ ထွက်သွားလျှင် သခင်မ မင်းမကိုင်ရှိကို လှမ်းကြည့်လိုက်သည်။

"ဘာကြည့်တာလဲကွ. . . လာ. . . ဒီနားတိုး. . ."

သခင်မရှက်နေတာကို တစိမ့်စိမ့်ကြည့်၍ မင်းမကိုင်ရှိက သခင်မလက်ဖျားလေးကိုလှမ်းဆွဲကာသူ့အနားမှာထိုင်ခိုင်းလိုက်သည်။

"ချာတိတ်. . ."

"ရှင်. . ."

"မျက်နှာကို ကြည့်ကွာ. . . ဘာဖြစ်လို့ ခေါင်းကြီးက အတင်းငုံ့နေရတာလဲ. . ."

"ဦးကလည်း. . ."

သခင်မ ပို၍ပင် ငုံ့ပစ်လိုက်သေးသည်။

မင်းမကိုင်ရှိက သခင်မ ပခုံးသားလေးတွေပေါ်မှာ ဝဲနေသည့် ဆံပင်နီနီလေးတွေကို ဆွဲဖွလိုက်သည်။





"အဲဒီ အခေါ်အခေါ်တွေလည်း ပြင်ရမယ်၊ နောက်ကို ဦးလို့ မခေါ်ရဘူး"

"ဟင်. . ."

သခင်မက မော့ကြည့်လာသည်။

"ကိုကိုလို့ ခေါ်ရမယ်. . ."

"ဟင်. . . ရှက်စရာကြီး ဦးကလည်း. . ."

"ရှက်လို့မရဘူး မင်းထက်ကိုယ်က အသက်ကြီးနေတာ၊ တစ်ခါတစ်ခါကျတော့ အားငယ်တယ် နောက်ဆို သားတွေသမီးတွေ ရှေ့မှာမင်းကကိုယ့်ကိုဦးလို့ခေါ်ရင်ကလေးတွေကဘာယ်လိုထင်မလဲ"

"အဟင့်. . ."

သခင်မ ရယ်၍ မျက်နှာလေး ငုံ့ပစ်သည်။

မင်းမကိုင်ရှိက ကုတင်ပေါ်ကနေ ခြေတွဲလောင်း ချထိုင် လိုက်၍ သခင်မ ကိုယ်လုံးလေးကို သိမ်းပွေ့ထားလိုက်သည်။

"မင်းကို ဘယ်တုန်းကတည်းကကို ချစ်ခဲ့မိမှန်း မသိပါ ဘူးကွာ၊ မင်းကိုသာ တကယ်ဆုံးရှုံးလိုက်ရမယ်ဆိုရင် သေများ တောင်သွားမလားပဲ. . . မင်းရော ကိုယ့်ကို အဲလောက်ချစ်ရဲ့လား"

"ဘယ်ချစ်မလဲ. . ."

"ဟင်. . ."

ပါးချင်းကပ်ထားသည့် မင်းမကိုင်ရှိ မျက်နှာ ဖျတ်ခနဲ ခွာသွားသ်။

"ဘယ်လိုပြောလိုက်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်ပျက်နှင့် မေးလေသည်။

ကိုယ့်မှာ သခင်မထက် အသက်ကြီးသော လက်ထပ်ခဲ့ဖူးသော အဖက်ဖက်က ပြစ်ချက်တွေ ရှိနေသည်မို့ အစကတည်းက ခိုးရိမ်စိတ်ကဝင်ပြီးသား။

"ဟုတ်တယ်လေ. . . သခင်မက ဟိုးငယ်ငယ်ကတည်းက ဦးကို ချစ်ခဲ့တာ. . ."

"အဲဒီတုန်းက အချစ်မျိုးကို မလိုချင်ဘူး. . ."

"အဲဒီတုန်းကတည်းက သခင်မ ဦးကို မရိုးသားခဲ့တာဆိုရင် ဦး အဆင်သေးမှာလားဟင်. . ."

မင်းမကိုဋ္ဌကသခင်မ မျက်နှာလေးကို ဆွဲမော့ပိုက်သည်။

"ထပ်ပြောစမ်း ချာတိတ်၊ မင်း ကိုယ့်ကို ချစ်နေခဲ့တယ်ဟုတ်လား"

သခင်မက လွန်စွာ ချစ်ဖရာကောင်းသော မျက်ဝန်းပြာလဲ့လဲ့လေးများနှင့် ပြန်၍မော့ကြည့်ကာ. . .

"သခင်မ ခုနှစ်တန်းနှစ်မှာ ဦး ဒဏ်ပေးလို့ ခုံပေါ်ကပြုတ်ကျတာလေ"

"အင်း. . ."

"နဖူးကွဲသွားတော့ ဦး ဆေးတည့်ပေးခဲ့တာ. . ."

"ဟုတ်တယ်. . ."

သခင်မ ဆက်မပြောတော့ဘဲ မျက်လွှာလေးချပစ်လိုက်သည်။





"ပြောလေ ချာတိတ်. . ."

"ဟင့်အင်း. . ."

သခင်မက မေးရေလေးမှာ ကိုင်ထားသည့် လက်ကို အတင်းဖယ်ချ၍ မျက်နှာငုံ့ချမည်ပြင်နေလျှင် မင်းမကိုဋ္ဌက လက်ဖဝါးနှစ်ဖက်နှင့်ယူ၍ အတင်းဆွဲမော့ထားလိုက်သည်။

"ဆေးထည့်ပေးတော့ ဘာဖြစ်လဲ. . . ဆက်ပြောကွာ"

"ဦးကလည်း. . ."

"အဲဒီလို သူများ မျှော်လင့် စိတ်ဆင်းရဲနေအောင် မလုပ်ကောင်းဘူး. . . ဆက်ပြော. . ."

သခင်မက သူ့ပါးနှစ်ဘက်မှာ ညှပ်ကိုင်ထားသည့် မင်းမကိုဋ္ဌနဲ့ လက်တွေပေါ်မှာ ထပ်ကိုင်လိုက်သည်။

"အဲဒီကတည်းက ဦးကို သခင်မ ရူးသွပ်ခဲ့တာ. . ."

သခင်မ အသံလေးက တိုးတိတ်ရင်ခုန်စွာ. . .

မင်းမကိုဋ္ဌ စူးစိုက်ကြည့်၍ နှုတ်ခမ်းတို့မှာ ကြည်နူးခြင်းတို့ပြည့်သိပ်လျက် လွန်ခနဲ ပြုံးလေသည်။

"ဘာဖြစ်လို့များ ဒို့က လောကကြီးထဲကို မင်းထက်အရင် စောစောစီးစီး ရောက်လာခဲ့ရတာလဲ မသိပါဘူးကွာ. . . ခုတော့"

"သခင်မကတော့ ဦးလို မတွေးဘူး၊ ဦးက သခင်မထက် အသက်ကြီးပေမယ့် သခင်မရဲ့မျက်လုံးထဲမှာ ဦးလောက် ချစ်စရာ လေးစားမြတ်နိုးထိုက်တဲ့ ယောကျ်ား မရှိဘူး၊ သခင်မရဲ့ စိတ်အတွေးမှာ ဖျတ်ခနဲသတိရလိုက်တိုင်း ဒိတ်ခနဲ ရင်ခုန်သွားစေနိုင်တာ ဦးသာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲရှိတာပါ"

"ပြောတတ်လိုက်တာ ချာတိတ်ရယ်. . .

"သခင်မ သိမ်းထားခဲ့တဲ့ မှန်လေးကလေ နှစ်တွေ ဘယ်လောက်ကြာကြာ ကာလတွေသာ ဟောင်းသွားတယ် သူမဟောင်းဘူး၊ အချိန်မရွေး ကောက်ကိုင်လိုက်တိုင်း အမြဲကြည့်နေတယ် သိလား၊ ဦး ကြည့်မလားဟင်"

မင်းမကိုင်၏ ခေါင်းခါသည်။

"မှန်လေးရဲ့ သခင်မကိုပဲမေးမယ် ကိုကို့ကို ချစ်လား"

"ကိုကို့ကို ချစ်ဟာယ်. . ."

မင်းမကိုင်၏ သခင်မ မျက်နှာလေးကို စိုက်ကြည့်၍ လှိုက်လှိုက်လှဲလှဲ ပြုံးသည်။

"နောက်ထပ် ကိုကို့ကို ထားပြီး ပြေးဦးမှာလား. . ."

"ဟင့်အင်း. . ."

"ဒါပေမယ့် ခု ထွက်ပြေးသွားခဲ့တာကိုတော့ ယင်ငယ်တုန်းကလို ဒဏ်ပေးမှ ဖြစ်မယ်. . ."

မင်းမကိုင်၏ မျက်ဝန်းတို့က သခင်မ နှုတ်ခမ်းလေးများဆီမှာ စူးနစ်လျက်. တဖြည်းဖြည်းငုံ့မိုးကျလာလျှင် ရှက်တတ် သောမျက်ဝန်းလေးများက ရင်မဆိုင်ရဲစွာ ဖျတ်ခနဲပိတ်ယှက်၍. . .

❀ ❀ ❀

ပြီးပါပြီ
သျှင်မ



သစ္စာမွန် စာပေတိုက်

ရဲ့

ဒုတိယမြောက် စင်တင်ကလျောင်ရှင်

# ရွှေအဝင်

၏

# ချစ်သူသူရဲကောင်း

အချစ်နှင့်စွန့်စားခန်းလုံးချင်းဝတ္ထုသစ်

ဆက်တိုက်ထွက်ပါတော့မည်။

စာမူခွင့်ပြုချက် - ၅၀၀၀၄၀၀၁၀၇

www.burmeseclassic.com